ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-9-2015) (၈၃၁၈)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ကိုရီးယားအလုပ်သမားပါတီ ပထမအတွင်းရေးမှူး အမျိုးသားကာကွယ်ရေး ကော်မရှင် ပထမဥက္ကဋ္ဌနှင့် ကိုရီးယားပြည်သူ့တပ်မတော် သေနာပတိချုပ် မစ္စတာ ကင်ဂျုံအွန်း၊ ဗဟိုပြည်သူ့ လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်နှင့် ဝန်ကြီးချုပ် မစ္စတာ ပတ်ပုံဂျူတို့ထံသို့ ဝမ်းမြောက် ကြောင်း သဝဏ်လွှာများ ပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုကို ရှေးရှုမည့် ပိုမိုကောင်းမွန်သော အနာဂတ်ကို အတူတကွ ပြန်လည်ထူထောင်

**ရန်ကုန် စက်တင်ဘာ ၈**

သဘာဝဘေးအန္တရာယ်ဆိုင်ရာပြန်လည်ထူထောင်ရေးအလုပ်ရုံဆွေးနွေးပွဲ(Disaster Recovery Forum)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်များ၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ် အမှုဆောင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း များမှ ဌာနေကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ကုန်သည်/စက်မှုအသင်းများ၊ ပြည်တွင်း အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




# ရာသီဥတုဆိုးရွားမှု ထပ်မံဖြစ်ပွားခြင်းမရှိပါက ချင်းပြည်နယ်တွင် ရွေးကောက်ပွဲများ တစ်ပြေးညီကျင်းပမည်

**ဟားခါး စက်တင်ဘာ ၈**

သဘာဝဘေးအန္တရာယ်ကြောင့် မြေပြိုအိမ်ပျက်စီးမှုများနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့သော ချင်းပြည်နယ်အတွင်းတွင် ရာသီဥတုဆိုးရွားမှုများ ထပ်မံဖြစ်ပေါ်ခြင်းမရှိပါက ရွေးကောက်ပွဲများကို တစ်နိုင်ငံလုံးနှင့်တစ်ပြေးညီ ကျင်းပ မည်ဟု ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သတင်းရရှိသည်။

လက်ရှိတွင် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရပြီး အချိန်တစ်လကျော် ကြာမြင့်လာသည်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသအလိုက်ဆောင်ရွက်နေ ပြီဖြစ်ရာ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ တစ်နိုင်တစ်ပိုင် လာရောက်ကူညီ နေကြသော ပြည်သူများအပါအဝင် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြပြီး ရာသီဥတု ထပ်မံဆိုးရွားစွာ ဖြစ်ပေါ်ခြင်းမရှိပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုပြန်လည်ကောင်း မွန်လာမည်ဟု သိရသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုနှင့်တစ်ပြေးညီ ရွေးကောက်ပွဲကျင်းပမည်ဟု သိရ သည်။

"မိုးသည်းထန်စွာရွာပြီး ရေကြီး၊ မြေပြို၊ ရွှံ့ဖုံးဆိုတဲ့ သဘာဝဘေးအန္တရာယ်ကျရောက် ခဲ့လို့ ရွေးကောက်ပွဲ ဆိုင်းငံ့ကောင်း ဆိုင်းငံ့ဖွယ်ရှိတယ်လို့ ဒေသခံအစိုးရအဖွဲ့က တင်ပြခဲ့ တာမရှိပါဘူး။ သဘာဝဘေးကြောင့် လမ်းပန်းဆက်သွယ်မှုတွေ ခက်ခဲပြတ်တောက်ခဲ့တာ ရှိပါတယ်။ တချို့နေရာတွေဆိုရင် သွားလာရခက်ခဲသွားတဲ့အတွက် မိုးရာသီကလည်း မကုန်သေးတဲ့အတွက် ရာသီဥတု ထပ်မံဆိုးရွားခဲ့ရင်တော့ မဲပေးဖို့၊ မဲရုံလာဖို့၊ ပါတီတွေ မဲဆွယ်စည်းရုံးဖို့ အခက်အခဲတွေရှိပြီး ဆိုင်းငံ့ကောင်း ဆိုင်းငံ့နိုင်တယ်လို့ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြောတာပါ။ ဆိုင်းငံ့မယ်လို့ တရားဝင် ပြောကြားတာမျိုး မဟုတ် ပါဘူး။ ရာသီဥတု ထပ်ပြီး ဆိုးဆိုးရွားရွားမဖြစ်ရင် တစ်ပြေးညီကျင်းပနိုင်မှာပဲ ဖြစ်ပါတယ်။ ဟားခါးမြို့မှာဆိုရင် မြေပြိုလို့ ရပ်ကွက် နှစ်ခု ရွှေ့ပြောင်းရမှာဖြစ်ပါတယ်။ ဒီအတွက် မဲဆန္ဒပိုင်းခြားရင် ရပ်ကွက်အလိုက် မဲရုံပြောင်းလဲဖွင့်လှစ်ဖို့လုပ်နေပါတယ်"ဟု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၇ ရက်က ပြောကြားခဲ့သည်။

ချင်းပြည်နယ်အတွင်း နေထိုင်နေကြသော ဒေသခံများကလည်း ရွေးကောက်ပွဲများကို တစ်ပြေးညီ ကျင်းပပြုလုပ်သွားစေရန်

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ✻**

## ဧရာဝတီမြစ်ရေ ညောင်ဦးမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေ သည်။ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက် တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေ နိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင် ကြပါရန် အကြံပြုထားကြောင်း သိရသည်။ **(ကြေးမုံ)**



ကြေးမုံစာတည်းရှုထောင့် ၉-၉-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ယဉ်ကျေးသောလူ့အဖွဲ့အစည်း

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ထိုနိုင်ငံ၊ ထိုလူမျိုးတို့ အလေးထား လိုက်နာအပ်သည့် လူမှုကျင့်ဝတ်နှင့် ဓလေ့ထုံးစံများရှိစမြဲဖြစ်သည်။ ထိုလူမှုကျင့်ဝတ် ဓလေ့ထုံးစံများကို ထိုနိုင်ငံသားများက အလေးထားလိုက်နာကာ ၎င်းတို့၏ လူမှုဘဝပတ်ဝန်းကျင်ကို လှပအောင်တည်ဆောက်ထားကြ၏။

ထိုလူမှုကျင့်ဝတ်နှင့်ဓလေ့စရိုက်များမှာ ထိုနိုင်ငံ၏ ယဉ်ကျေးမှုပင်ဖြစ်၏။ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ စာရိတ္တတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ရှင်သန်ထွန်းကားရေးအတွက် အရေးပါသည့် အခြေခံအုတ်မြစ်များဖြစ်၏။ လူမျိုးတစ်မျိုးသည် ကိုယ်ပိုင်ယဉ်ကျေးမှု ရှင်သန်ထွန်းကားရေးကို မတည်ဆောက်နိုင်လျှင် ယဉ်ကျေးမှု အခြေခံအုတ်မြစ် ခိုင်လိမ့်မည်မဟုတ်ချေ။

အခြေခံအုတ်မြစ်မခိုင်မာလျှင် အမျိုးသားယဉ်ကျေးမှု ပျောက်ကွယ်မည်ဖြစ်ပြီး အမျိုးသားယဉ်ကျေးမှု ပျောက်ကွယ်လျှင် လူမျိုးပါပျောက်ကွယ်သွားနိုင်ပါသည်။ ထို့ကြောင့် လူမျိုးမပျောက်ရန်အတွက် မိမိတို့၏ အစဉ်အလာကြီးမားသော အမျိုးသားယဉ်ကျေးမှုကို နိုင်ငံအလိုက် ခိုင်မာအောင် တည်ဆောက်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်း ထောင်ချီကာလကတည်းက ဘာသာအဆုံးအမ၊ လူမှုရေးကျင့်ဝတ်များနှင့်အညီ ရပ်တည်ခဲ့သောနိုင်ငံဖြစ်သည်။ ယဉ်ကျေးသော ဓလေ့ထုံးစံများနှင့်အညီ လူမှုဘဝကိုတည်ဆောက်ထားသည်။ မြတ်ဗုဒ္ဓ၏အဆုံးအမများနှင့် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အတွင်း ပျံ့နှံ့စိမ့်ဝင်လာခဲ့ရာ ယနေ့ထက်တိုင် မြန်မာနိုင်ငံသားများ လက်ခံကျင့်သုံးနေဆဲဖြစ်သည်။

မြန်မာတို့၏ အနုပညာယဉ်ကျေးမှုတွင် စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ စသည့်အနုသုခုမပညာများပါဝင်သည်။ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများတွင် လူမျိုးတစ်မျိုးချင်းစီ၏ အတွေးအခေါ် အယူအဆများအပေါ် မူတည်၍ ကြံစည်ပြောဆိုပြုမူခြင်း၊ ဓလေ့ထုံးစံများနှင့် အလေ့အထများ ပါဝင်သည်။ အနုပညာယဉ်ကျေးမှုသည် ရိုးရာယဉ်ကျေးမှုကို အခြေခံ၍ ပေါ်ထွန်းလာခြင်းဖြစ်သည်။ ထိုအနုပညာယဉ်ကျေးမှုနှင့် ရိုးရာယဉ်ကျေးမှုနှစ်မျိုးပေါင်းစပ်၍ အမျိုးသားယဉ်ကျေးမှုဖြစ်ပေါ်လာသည်။

အမျိုးသားယဉ်ကျေးမှု တိုးတက်ဖြစ်ထွန်းလာရေးအတွက် လူတစ်ဦးချင်းစီ၏ စာရိတ္တဆိုင်ရာ ကိုယ်ကျင့်တရားသည် အသက်သွေးကြောဖြစ်သည်။ စာရိတ္တကောင်းသောသူတစ်ယောက်ဖြစ်မှသာ လူတော်၊ လူကောင်း ဖြစ်လာပြီး မိသားစုအတွက်သာမက နိုင်ငံအတွက်ပါ အားထားရမည့်သူဖြစ်လာမည်။ စာရိတ္တယိုယွင်းနေသူ တစ်ယောက်သည် မိသားစုအား ဒုက္ခပေးနိုင်သလို အများပြည်သူတို့ကိုလည်း အနှောင့်အယှက်ပေးလာနိုင်သည်။

လူတစ်ယောက်အတွက် အရေးကြီးသော ဗလငါးတန်တွင် စာရိတ္တဗလသည် အရေးအကြီးဆုံးနှင့်အခြေခံအကျဆုံးအချက်ဖြစ်သည်။ စာရိတ္တအဆုံးအမတွင် အရိုင်းနှင့်အယဉ်အား စည်းခြားသည်ကိုတွေ့ရသည်။ ယဉ်ကျေးသောလူ့အဖွဲ့အစည်းတွင် အရှက်အကြောက်ကို တန်ဖိုးထားကြသည်။ အရှက်အကြောက်မရှိလျှင် မကောင်းမှု အကုသိုလ်ဒုစရိုက်တို့ကို လုပ်ဆောင်ရန် ဝန်မလေးတော့ဘဲ အလွယ်တကူ ပြုလုပ်လာတတ်သည်။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် အရှက်နှင့်အကြောက်ကို အစဉ်အလာမပျက်တန်ဖိုးထားခဲ့ကြသည်။

မျက်မှောက်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းများနှင့်အတူ ထိုအစဉ်အလာများ လျော့ပါးလာသည်ကို တွေ့ရသည်။ ထိုသို့လျော့ပါးလာသဖြင့် မကောင်းမှုပြုခြင်း၊ မရှက်ခြင်း၊ မကြောက်ခြင်းတို့ကို လွယ်လွယ်ကူကူပြုမူလာကြသည်ကို တွေ့ရသည်။ ထို့ကြောင့် မကောင်းမှုဒုစရိုက်များ များလာခြင်းသည် အကြောင်းတစ်ချက်ဟုဆိုရမည်ဖြစ်သည်။

ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် လူကြီးများဖြစ်လာပေလိမ့်မည်။ ယနေ့လူငယ်များကောင်းပါမှ နောင်လူကောင်းလူကြီးများရရှိပေလိမ့်မည်။ မိသားစုကောင်းများဖြစ်လာပေလိမ့်မည်။ မိသားစုကောင်းပါမှ မိမိတို့၏ လမ်း၊ ရပ်ကွက်၊ မြို့ရွာများကောင်းမွန်လာပြီး တိုင်းပြည်ပါ ကောင်းမွန်လာပေလိမ့်မည်။ ထို့ကြောင့် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော နိုင်ငံသားအားလုံး စိတ်ထားဖြူစင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ယဉ်ကျေးသိမ်မွေ့သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

# မြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ နှစ်(၉၀)ပြည့် အထိမ်းအမှတ် ရင်ထဲကမန္တလေး မြို့မသီချင်းဆိုပြိုင်ပွဲ ကျင်းပပြီးစီး

**မန္တလေး စက်တင်ဘာ ၈**

ဂန္ထဝင်တေးသီချင်းပေါင်းများစွာ ရေးစပ်သီကုံးပြီး နိုင်ငံကျော် တေးသံရှင်ကြီးများ မွေးဖွားပေးခဲ့သည့် မန္တလေးမြို့၏ အထင်ကရ မြို့မအပျော်တမ်း တူရိယာအသင်းကြီး၏ နှစ်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ရင်ထဲကမန္တလေး မြို့မ သီချင်းဆိုပြိုင်ပွဲကြီးကို စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရင်ထဲကမန္တလေး မြို့မသီချင်းဆိုပြိုင်ပွဲကြီး၏ နောက်ဆုံးညတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ မြို့မတေးချစ်ပရိသတ်များ စည်ကားစွာ တက်ရောက်အားပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့မအသင်းကြီးအား အလှူငွေကျပ်သိန်း ၅၀ ပေးအပ်ခဲ့သည်။

မြို့အသင်းကြီး နှစ်(၉၀)ပြည့် အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲ စည်ကားသိုက်မြိုက်စေရန် ပြိုင်ပွဲဝင်များ၏ သီဆိုမှုအပြင် နိုင်ငံတော် သံစုံတီးဝိုင်းနှင့် မြို့မတူရိယာအသင်းတို့ တွဲဖက်ကာ နိုင်ငံကျော် မြန်မာသံစဉ် အဆိုတော်များက မြို့မအသင်း၏ သီချင်းများကို ပါဝင်ဖျော်ဖြေ တင်ဆက်ကြသည်။ ထို့အပြင် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ တေးသရုပ်ဖော်များ၊ အကများဖြင့်လည်း တင်ဆက်ခဲ့ကြသည်။

ရင်ထဲကမန္တလေး မြို့မသီချင်းဆိုပြိုင်ပွဲကြီးကို အမျိုးအစား သုံးမျိုးခွဲခြားကာ ကျင်းပခဲ့ခြင်းဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင် ၂၅၃ ဦး ပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကာ ဩဂုတ် ၂၄ ရက်မှ စတင်၍ စက်တင်ဘာ ၂ ရက်အထိ ပထမအဆင့်၊ ဒုတိယအဆင့် ယှဉ်ပြိုင်ခဲ့ကြပြီး နောက်ဆုံး ပြိုင်ပွဲကြီး အုပ်စု(ဃ)အတွက် အမျိုးသမီးပြိုင်ပွဲဝင် ခုနစ်ဦး၊ အမျိုးသား ပြိုင်ပွဲဝင်ခုနစ်ဦး၊ အုပ်စု(B)တွင် အမျိုးသား ကိုးဦး၊ အမျိုးသမီး ခုနစ်ဦး၊ အုပ်စု (A)တွင် အမျိုးသမီး ခုနစ်ဦး၊ အမျိုးသား ခြောက်ဦး ရွေးချယ်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူတိုင်းကို ဆုကြေးငွေအဖြစ် ငွေကျပ် တစ်သိန်းစီချီးမြှင့်ပေးပြီး ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်လေးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းချီးမြှင့်ခဲ့ပြီး အသက် (၈၆)နှစ်၊ (၈၄)နှစ် အမျိုးသားပြိုင်ပွဲဝင် နှစ်ဦးနှင့် အသက် (၇၃)နှစ် အမျိုးသမီးပြိုင်ပွဲဝင် တစ်ဦးကိုလည်း ဆုများချီးမြှင့်ခဲ့ကြသည်။

ရင်ထဲကမန္တလေး မြို့မသီချင်းဆိုပြိုင်ပွဲကြီးတွင် အမေရိကန်နိုင်ငံသား ကိုကြယ်စင်က ဂန္ထဝင်သီချင်းများအနက် ဖူးစာသီချင်းဖြင့် အုပ်စု(A)တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့ကြောင်း သိရသည်။ **(ထွန်းထွန်းနိုင်- ကျောက်ဆည်)**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

# ခေတ်မီ မော်တာအထည်ချုပ်စက်သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၈**

နယ်စပ်ဒေသ ကျေးလက်မြို့ပြနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ် (၁၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ နယ်စပ်ဒေသ၊ ကျေးလက်၊ မြို့ပြများမှ တိုင်းရင်းသူ ၁၄၁ ဦး တက်ရောက်ကြသည်။

ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၁)မှ အမှတ်စဉ်(၁၀)ထိ သင်တန်းဆင်းပြီး အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်နေသူ တိုင်းရင်းသူ ၁၃၀၈ ဦးရှိပြီဖြစ်သည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၆၈၀၀၀ | - | ၇၆၈၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၆၈၀၀၀ | - | ၇၆၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀/၈၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၇၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၂၈. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၀. ၉၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၃၉၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၃. ၂၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၁၃၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၁. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၅. ၈၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၈. ၂၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၅. ၁၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း




**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလွဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

☆ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ရေကြီးရေလျှံမှုများကြောင့် နိုင်ငံတစ်ဝန်းတွင် ရေဘေးသင့်မှုဖြစ်စဉ်များနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများတွင် စေတနာထက်သန်စွာဖြင့် အစွမ်းကုန်ပါဝင်ဆောင်ရွက်ပေးခဲ့သည့် လူငယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစေတနာရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ထောက်ပံ့ရေးကိစ္စများကို အစွမ်းကုန် ပံ့ပိုးဆောင်ရွက်နေပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်နက် စတင်ရမည်ဖြစ်သည့်အတွက် ရေရှည်တည်တံ့မည့် အနာဂတ်ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်မည့် ပြန်လည်ထူထောင်ရေးစီမံကိန်းမူဘောင်တစ်ရပ်ကို ရေးဆွဲခဲ့ပါကြောင်း။

အဆိုပါစီမံကိန်း၏ ရည်မှန်းချက်မှာ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုကို ရှေးရှုမည့် ပိုမိုကောင်းမွန်သောအနာဂတ်ကို အတူတကွ ပြန်လည်ထူထောင်ကြရန် ဖြစ်ပါကြောင်း၊ ယင်းရည်မှန်းချက်ကို ဖော်ဆောင်မည့် လုပ်ငန်းစဉ်များကို အများပါဝင်ဆွေးနွေးနိုင်မည့် ယခုကဲ့သို့ ဖိုရမ်များမှတစ်ဆင့် ရေးဆွဲသွားရန် ဖြစ်ပါကြောင်း။

ရေဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးကို နိုင်ငံတော်အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတလူမှုရေးအဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းဆောင်ရွက်လျက်သည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း အဆိုပါကယ်ဆယ်ရေးအကူအညီများ စနစ်တကျ ဖြစ်စေရေး၊ အမှန်တကယ်လိုအပ်သည့်နေရာများသို့ အချိန်မီရောက်ရှိရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ဆောင်ပုဒ်ဖြစ်သော **မည်သူမျှမကျန်ခဲ့စေရ (No One Left Behind) မူနှင့်အညီ ပိုမိုကောင်းမွန်သည့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် "ပြန်လည်ထူထောင်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး"ကို ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊** အဓိကဦးတည်ချက်မှာ **နိုင်ငံတော်ဖွံ့ဖြိုးမှုစီမံကိန်းများတွင် ကြံ့ခိုင်ရည်စွမ်းအားရှိသော ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကို ကာလတို၊ ကာလလယ်၊ ကာလရှည် အပိုင်းအခြားတိုင်း၌ ထည့်သွင်းဆောင်ရွက်ရေး**ပင်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေး စီမံကိန်းများရေးဆွဲရာတွင် မရှိမဖြစ်ဆောင်ရွက်ရမည့်ကိစ္စမှာ ဘေးလွန်ကာလလိုအပ်ချက်များ ဆန်းစစ်ချက် (PDNA) ဖြစ်ပြီး ယင်းကို ကဏ္ဍပေါင်းစုံ ဒေသအနှံ့ ပျက်စီးဆုံးရှုံးမှုများအား ပြည့်စုံစွာ သုံးသပ်ရန် အရေးကြီးပါကြောင်း၊ **မိမိတို့ ကော်မတီအနေဖြင့် အစိုးရအုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်မှ အဆိုပါဆန်းစစ်ချက်များ ကောက်ခံနေသကဲ့သို့ ဆန်းစစ်သည့်နေရာတွင်လည်း အစိုးရမဟုတ်သော ပုဂ္ဂလိကလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ဆန်းစစ်ချက်များကိုလည်း တစ်ပါတည်း ပူးတွဲသုံးသပ်နိုင်ရန် လွန်စွာအရေးကြီးပါကြောင်း။**

**ပြန်လည်ထူထောင်ရေးမဟာဗျူဟာ၏ အရေးပါသည့်အစိတ်အပိုင်းများမှာ ဘေးသင့်ဒေသများအတွက် လိုအပ်ချက်များကို ပြည့်စုံမှန်ကန်သည့် ဆန်းစစ်ချက်များ အမြန်ဆုံးဆောင်ရွက်ရန်၊ ပိုမိုကောင်းမွန်သည့် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုအမြင်ကို ပူးပေါင်းအကောင်အထည်ဖော်ရန်၊ စားနပ်ရိက္ခာဖူလုံရေး၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်ရေးတန်ဖိုးကွင်းဆက်များ ပြန်လည်ထူထောင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် အများခံစားနိုင်မည့်တိုးတက်မှုကို ဆောင်ကြဉ်းရေးအတွက် ဦးစားပေးဆောင်ရွက်ရန်နှင့် အမျိုးသားကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်တို့ဖြစ်ပါကြောင်း။**

ပေါင်းစပ်ညှိနှိုင်းရေးဖွဲ့စည်းပုံ၏ အသေးစိတ်စုဖွဲ့မှုများကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများတွင် ပေါင်းစပ်ညှိနှိုင်းရေးတာဝန်ခံများကို ကျယ်ကျယ်ပြန့်ပြန့် တာဝန်ပေး၍ အမြဲတမ်းဆောင်ရွက်နိုင်ရန် စီစဉ်ထားပါကြောင်း။

ပြန်လည်ထူထောင်ရေးစီမံကိန်းသည် **နိုင်ငံတော်အစိုးရက လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး မူဘောင်ပါ လုပ်ငန်းစဉ်များနှင့်လည်း ဆက်စပ်မှုရှိရမည့်အပြင် ရေရှည်စီမံကိန်းဖြစ်သော အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်လည်း တစ်ပါတည်းချိတ်ဆက်နိုင်ရေး** သတိပြုရေးဆွဲရန် လိုအပ်ပါကြောင်း။

ပြည့်စုံကုံလုံစွာ ဘက်ပေါင်းစုံမှ စဉ်းစားရေးဆွဲပြင်ဆင်နိုင်မှသာ နိုင်ငံတော်၏ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် "ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက် (Building Back better)" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ဆန္ဒကို ကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ယင်းအစီအစဉ်များ ခိုင်မာမှုရှိမှသာ နိုင်ငံတကာမှ ကမ်းလှမ်းလာသော လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များက စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် "Social Enterprise in Reconstruction & Rehabilitation" တို့နှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၁၀ နာရီခွဲတွင် ဆက်လက်ကျင်းပရာ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် UNDP၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပုဂ္ဂလိကအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ကိုယ်စားလှယ်များက ဒေသဆိုင်ရာအခြေအနေများ၊ လက်ရှိဘေးသင့်ဒေသများတွင် လိုအပ်နေသည့် ပြန်လည်ထူထောင်ရေးအခြေအနေများနှင့် ရေဘေးသင့်အိမ်ထောင်စုများ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်က Public-Private-People-Partnership (4P) for Post-Disaster Reconstruction နှင့်စပ်လျဉ်း၍လည်းကောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးမြှင့်တင်မှုအထူးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ထူထောင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အစိုးရမူဝါဒများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

ညနေပိုင်းတွင် စိုက်ပျိုးရေးဆိုင်ရာပြန်လည်ထူထောင်ရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ပြန်လည်ထူထောင်ရေး၊ ရေဘေးသက်ရောက်ဒေသခံများအတွက် ဝင်ငွေရလမ်း ဖန်တီးပေးရေးနှင့် အသေးစားနှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို အုပ်စုငယ်များအလိုက် တစ်ပြိုင်နက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲများအပြီးတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦးက အနှစ်ချုပ် သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားသည်။

ရေဘေးသင့်ဒေသများရှိ လုပ်ငန်းငယ်များ ပြန်လည်ရပ်တည်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ရန်၊ ဝင်ငွေလည်ပတ်ဆောင်ရွက်နိုင်ရန်၊ ရေဘေးသင့်ဒေသများ၏ အဓိကလိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် လုပ်ငန်းကဏ္ဍများ၏ ဆောင်ရွက်ရမည့်အစီအစဉ် အကြံပြုချက်များကို ထုတ်ဖော်တင်ပြနိုင်ရန် အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာအမှတ်(၄) ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်သော အစီရင်ခံစာအမှတ်(၄)ကို စက်တင်ဘာ ၂ ရက်က ထုတ်ပြန်ခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးမြေပြိုမှုများကြောင့် လူဦးရေ ၁ ဒသမ ၆ သန်း ရွှေ့ပြောင်းခဲ့ရပြီး အိမ်ခြေ ၄၇၆၀၀၀ ကျော်မှာ တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) လုံးဝပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ဝေးလံပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်ဒေသများရှိ ကျေးရွာများသည် လမ်း၊ တံတားများပျက်စီးခြင်း၊ ရွှံ့ညွန်များဖုံးလွှမ်းခြင်းတို့ကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရကြောင်းနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည့်အပြင် အစိုးရ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့်အညီ ကျေးရွာများစွာတွင် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အလေးပေးစတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုကြောင့် မုတ်သုံရာသီနှောင်းပိုင်းတွင် ရေကြီးရေလျှံမှု ဖြစ်ပွားနိုင်သဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်အရေးကြီးကြောင်း၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ သတင်းအချက်အလက်များအရ မုတ်သုံရာသီနှောင်းပိုင်းကာလသည် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာလလယ်အထိဖြစ်နိုင်ကြောင်း၊ ကာလရှည်မိုးလေဝသခန့်မှန်းချက်များအရ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း လေးခုဖြစ်ပေါ်နိုင်ပြီး ၎င်းအနက် နှစ်ခုသည် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း ဖော်ပြထားသည်။

သဘာဝဘေးဒဏ်သင့်ဒေသများ၏ အခြေအနေသုံးသပ်ချက်တွင် ရေကြီးမြေပြိုမှုများကြောင့် သေဆုံးသူ စုစုပေါင်း ၁၂၂ ဦးရှိကြောင်း၊ ရေဘေးသင့်ဒေသများတွင် စီးပွားရေးအရ ထိခိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၇၄ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၄၉ သန်း)ရှိပြီး ထိခိုက်ပျက်စီးမှုအများဆုံးမှာ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ဖြစ်ကြောင်း၊ ရေဘေးကြောင့်ပျက်စီးခဲ့သည့် အိမ်ခြေ ၄၇၆၂၄၂ အနက် လုံးဝပျက်စီးသွားသည့်အိမ်ခြေမှာ ၁၇၇၆၄ လုံးဖြစ်ပြီး ရခိုင်ပြည်နယ်တွင် လုံးဝပျက်စီးသည့် အိမ်ခြေအများဆုံးဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် လယ်ယာမြေဧက ၁၄၄၆၅၂၀ ရေလွှမ်းမိုးခံခဲ့ရပြီး ၁၁၁၃၀၆၉ ဧက ထိခိုက်ခဲ့ရာ ၎င်းအနက် ဧက ၈၄၁၆၂၀ သည် လုံးဝပျက်စီးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်မည့် တုံ့ပြန်ရေးလုပ်ငန်းစဉ်များမှာ အသက်ဆက်လက်ရှင်သန်စေရေးနှင့် စားဝတ်နေရေးပြေလည်စေရေးတို့ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ဦးစားပေးဆောင်ရွက်မည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များမှာ မူလအခြေအနေပြန်လည်ရောက်ရှိရေး၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးရေး၊ လူမှုစောင့်ရှောက်မှုများပေးရေးနှင့် ခုခံနိုင်စွမ်းအနည်းဆုံးသောသူများကို ထောက်ပံ့ကူညီပေးရေးတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ငွေကျပ် ၁၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇ သန်း) သုံးစွဲပြီးဖြစ်ကြောင်း၊ ၎င်းအနက် အသုံးစရိတ်အများဆုံးတိုးမြှင့်သည့် ဒေသများမှာ စစ်ကိုင်း၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့မှ တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် ဘီလီယံ ၈၀ (အမေရိကန်ဒေါ်လာ ၆၈ သန်း) ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ငွေကျပ် ၃၈ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၃ သန်း)ဖြစ်ပြီး နိုင်ငံတော်သမ္မတ အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၂၂ ဒသမ ၈ ဘီလီယံ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ အလှူရှင်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ ငွေကျပ် ၁၂ ဒသမ ၈ ဘီလီယံအပါအဝင် ခွဲဝေသတ်မှတ်ပေးပြီးဖြစ်ကြောင်း။

ကုလသမဂ္ဂအဖွဲ့၏(Central Emergency Response Fund-CERF)အပါအဝင် နိုင်ငံတကာမှ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၅ သန်းရရှိခဲ့ပြီး အခြားကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာပုဂ္ဂလိကကဏ္ဍနှင့် အလှူရှင်များမှ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ၎င်းတို့၏ ထောက်ပံ့ကူညီပေးနေမှုများနှင့် အရင်းအမြစ်ဖြန့်ခွဲထားမှုများကို အသိပေးကြေညာထားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဂျပန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် နိုင်ငံတကာပုဂ္ဂလိကကဏ္ဍတို့မှ ခန့်မှန်းအလှူငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရရှိပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

အမိုးအကာနှင့် ကယ်ဆယ်ရေးကဏ္ဍတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ပဲခူး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်း၊ ကချင်၊ ကရင်၊ မွန်နှင့် ရခိုင်ပြည်နယ်တို့တွင် စားနပ်ရိက္ခာ (၃၃၃၈)မက်ထရစ်တန်ကို ရေဘေးသင့်လူဦးရေ ၄၅၀၈၇၉ ဦးထံ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့သော လယ်ယာမြေများအနက် ၃၅၅၇၃၅ ဧက ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း မြို့နယ် ၄၀ သည် လယ်ယာမြေ ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် သီးနှံပျက်စီးမှုမှာ အများဆုံးဖြစ်ပွားခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဘေးသင့်ဒေသများအတွင်း အမိုးအကာနှင့် အစားအစာမဟုတ်သော လူသုံးကုန်ပစ္စည်းများအတွက် ကျပ် ၂ ဒသမ ၆ ဘီလီယံ ထောက်ပံ့ပေးခဲ့ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများကလည်း အလျင်အမြန်တုံ့ပြန်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် Basic Shelter Kits ၅၆၁၉ စုံ၊ တာပေါ်လင် ၂၅၀၄ လိပ်၊ မိုးကာတဲ ၂၂၄၉ လုံးနှင့် အစားအစာမဟုတ်သော လူသုံးကုန်ပစ္စည်း ၇၈၆၈ ခုတို့ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ချင်းနှင့်ရခိုင်ပြည်နယ်၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဒေသအဆင့်ကာကွယ်စောင့်ရှောက်ရေးညှိနှိုင်းမှုဌာနများတည်ထောင်ရန်၊ အလျင်အမြန်ဆောင်ရွက်ရမည့် အထူးအဖွဲ့ (Surge Teams) များကို စေလွှတ်ထားပြီးဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ၏ လိုအပ်ချက်သည် အတိုင်းအတာတစ်ခုအထိ ရှိနေဆဲဖြစ်၍ ရေဘေးသင့်ဒေသများတွင် စိတ်ပိုင်းဆိုင်ရာလူမှုရေးထောက်ပံ့အားပေးမှုနှင့် ဖြစ်ရပ်စီမံခန့်မှုဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာအကူအညီပေးမှု အသိပညာပေးစာစောင်ဖြန့်ဝေရန် ပြုစုပြီးဖြစ်ကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**(ဆက်လက်ဖော်ပြပါမည်)**



# စစ်ပြေးဒုက္ခသည်ပြဿနာဖြေရှင်းနိုင်ရေး အီးယူထံ ဂရိအကူအညီတောင်းခံ

**အေသင် စက်တင်ဘာ ၈**

ဒုက္ခသည်ဦးရေ အဆမတန်များပြားလာနေမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ဥရောပသမဂ္ဂ(အီးယူ)က အကူအညီပေးရန် ဂရိနိုင်ငံက မေတ္တာရပ်ခံလိုက်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်။

ဂရိနိုင်ငံပိုင်ကျွန်းတစ်ကျွန်းဖြစ်သော လက်စ်ဘော့စ်ကျွန်းသို့ ရောက်ရှိလာသည့် ဆီးရီးယား ဒုက္ခသည်ဦးရေမှာ ယင်းကျွန်းက လက်ခံနိုင်သော အရေအတွက်ထက် သုံးဆအထိ ပိုမိုများပြားနေကြောင်း ဂရိရွှေ့ပြောင်းအခြေစိုက်မှုရေးရာ ခေတ္တဝန်ကြီး ယန်နစ်မူဇာလက်စ်က ပြောကြားသည်။

ဂရိနိုင်ငံ၏ စီးပွားရေးကျဆင်းနေပြီး အဓိကအားဖြင့် ဆီးရီးယားနိုင်ငံမှဖြစ်သည့် တရားမဝင် ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများ အလုံးအရင်းဖြင့် ဝင်ရောက်လာနေမှုကို တွေ့ကြုံနေရချိန်တွင် ဥရောပသမဂ္ဂထံမှ အကူအညီရရှိရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

လက်စ်ဘော့စ်ကျွန်းသို့ ရောက်ရှိနေကြသော ဒုက္ခသည်ဦးရေမှာ ၁၅၀၀၀ မှ ၁၈၀၀၀ အထိရှိနေသည်။ မိမိတို့အနေဖြင့် ဒုက္ခသည် ၄၀၀၀ မှ ၅၀၀၀ ခန့်အထိသာလျှင် လက်ခံနိုင်စွမ်းရှိကြောင်း မူဇာလက်စ်က နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။ လက်စ်ဘော့စ်ကျွန်းသည် အေဂျင်ပင်လယ်အရှေ့မြောက်ပိုင်း၌ တည်ရှိပြီး တူရကီနိုင်ငံနှင့် ကျဉ်းမြောင်းသော မိုင်တီလီနီ ရေလက်ကြားဖြင့်သာ ခြားထားသည်။

တူရကီနိုင်ငံမှ လက်စ်ဘော့စ်ကျွန်းသို့ ရောက်ရှိရန် မော်တော်ဘုတ်ဖြင့် အချိန်တိုအတွင်း သွားရောက်နိုင်သည်။ တူရကီနိုင်ငံ၌ ဆီးရီးယားဒုက္ခသည် နှစ်သန်းခန့် ရှိနေသည်။

**ရိုက်တာ။**

# ကျူးဘားဒုတိယသမ္မတကို ကင်ဂျုံအွန်း လက်ခံတွေ့ဆုံ

**ပြုံယမ်း စက်တင်ဘာ ၈**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်းသည် ကျူးဘားဒုတိယသမ္မတကို ပြုံယမ်းမြို့တော်တွင် လက်ခံတွေ့ဆုံခဲ့သည်။ မြောက်ကိုရီးယားအာဏာရပါတီ၏ စက်တင်ဘာ ၇ ရက်နေ့ထုတ် ရိုဒန်ဆင်မန်သတင်းစာတွင် ကင်ဂျုံအွန်းသည် ကျူးဘားဒုတိယသမ္မတ မီဂူးလ်ဒိုင်ယက်ဇ် ကန်နယ်လ်နှင့် တွေ့ဆုံကြောင်း ဖော်ပြခဲ့သည်။

ကျူးဘားနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့နှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံ၏ အနာဂတ် အပြန်အလှန်ဆက်ဆံရေးမြှင့်တင်မှုအတွက် အလွန်အရေးကြီးကြောင်း ကင်ဂျုံအွန်းက ပြောကြားသည်။

ကင်ဂျုံအွန်း၏ မှတ်ချက်စကားသည် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကျူးဘားနိုင်ငံနှင့် ဆက်ဆံရေးကိုအလေးထားလျက်ရှိကြောင်း ဖော်ပြနေခြင်းဖြစ်သည်။ ကျူးဘားနိုင်ငံသည် မကြာသေးမီကမှ အမေရိကန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ထားသည့် နိုင်ငံဖြစ်သည်။

ကင်ဂျုံအွန်းသည် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင်းက တရုတ်ဒုတိယသမ္မတ လီယွင်ချောင်နှင့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံပြီးနောက်ပိုင်း ပြည်ပအစိုးရအဖွဲ့အကြီးအကဲများကို တွေ့ဆုံသည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။

လွန်ခဲ့သည့် သီတင်းပတ်က တရုတ်နိုင်ငံတွင် ကျင်းပသည့် စစ်ရေးပြအခမ်းအနားတွင် မြောက်ကိုရီးယားနိုင်ငံပါဝင်ခြင်းမရှိသကဲ့သို့ တရုတ်ခေါင်းဆောင်များနှင့် မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့တို့ ပေကျင်းတွင် တွေ့ဆုံဆွေးနွေးခဲ့ခြင်းလည်းမရှိဟု သတင်းများတွင် ဖော်ပြသည်။

ယင်းကဲ့သို့ အခြေအနေမျိုးသည် မြောက်ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေးအခြေအနေမကြည်မသာဖြစ်နေသည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း လေ့လာစောင့်ကြည့်နေသူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# မီးခိုးမြူများကြောင့် အင်ဒိုနီးရှားလေယာဉ်ကွင်းများ အခက်ကြုံ

**ဂျကာတာ စက်တင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားပြည်နယ်နှင့် ခါလီမန်တန်ပြည်နယ်များတွင် တောမီးများလောင်ကျွမ်းပြီး မီးခိုးမြူများ ရစ်ဆိုင်းနေသည့်အတွက် လေယာဉ်ကွင်း ၁၆ ကွင်းတွင် လေယာဉ်အတက်အဆင်းပြုလုပ်ရန် မြင်ကွင်းမရှင်းလင်းမှုများကြောင့် ခရီးစဉ်နှောင့်နှေးမှုနှင့် ခရီးစဉ်အချို့ ဖျက်သိမ်းခဲ့ရကြောင်း အင်ဒိုနီးရှားပို့ဆောင်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်။

"တောမီးလောင်ကျွမ်းပြီး မီးခိုးမြူတွေ ရစ်ဆိုင်းနေတဲ့အတွက် လေယာဉ်ကွင်းတွေမှာ လေယာဉ်တွေ အတက်အဆင်းပြုလုပ်ဖို့အတွက် အခက်အခဲရှိပါတယ်။ လေကြောင်းခရီးစဉ်တွေရဲ့ လုံခြုံရေးအတွက် ခရီးစဉ်တွေ ဖျက်သိမ်းလိုက်ရတာရှိသလို နှောင့်နှေးကြန့်ကြာမှုတွေလည်းရှိပါတယ်"ဟု ပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျူလီယက်စ်အန်ဒရာဗီဒါ ဘာရာတာက ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရက တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ပြီး အမျိုးသားသဘာဝဘေးကယ်ဆယ်ရေးအေဂျင်စီက ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ လုပ်အားပေးသူများဖြင့် မီးငြိမ်းသတ်ရန်ကြိုးစားလျက်ရှိသည်။

**ဆင်ဟွာ။**





# ကွဲကွာမိသားစုများ ပြန်လည်ပေါင်းစည်းရေး တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံသဘောတူညီ

**ဆိုးလ် စက်တင်ဘာ ၈**

ကိုရီးယားစစ်ပွဲကြောင့် ဆယ်စုနှစ်ခြောက်စုကြာမျှ ကွဲကွာသွားခဲ့ကြသော မိသားစုဝင်များ ကာလတိုပြန်လည်ပေါင်းစည်းရေးအစီအစဉ်ကို လာမည့်အောက်တိုဘာလအတွင်း တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ၏စစ်အင်အားအလုံးအရင်းဖြင့် ဖြန့်ကြက်ထားသော နယ်စပ်ဒေသအနီး၌ ပြုလုပ်သွားရန် နှစ်နိုင်ငံသဘောတူညီမှုရရှိခဲ့ကြောင်း တောင်ကိုရီးယားအစိုးရက စက်တင်ဘာ ၈ ရက်တွင် ထုတ်ပြန်သောကြေညာချက်တွင်ဖော်ပြသည်။

ကွဲကွာမိသားစုများပြန်လည်ပေါင်းစည်းပွဲကျင်းပရန် ယခုရရှိသောသဘောတူညီမှုသည် ယမန်နှစ်ဖေဖော်ဝါရီလအတွင်းက မိသားစု ၁၇၀ တို့ စိတ်လှုပ်ရှားဖွယ်ပြန်လည်ဆုံစည်းနိုင်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။ ယင်းသဘောတူညီချက်သည် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် လက်နက်ကိုင် ထိပ်တိုက်ရင်ဆိုင်မှုများ အဆုံးသတ်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများအပြီး ထွက်ပေါ်လာခြင်းဖြစ်သည်။

ကွဲကွာနေခဲ့ကြရသော တောင်နှင့်မြောက်ကိုရီးယားမိသားစုဝင်များ ပြန်လည်ပေါင်းဆုံပွဲကို လာမည့် အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ မြောက်ကိုရီးယားနယ်နိမိတ်အတွင်းရှိ ကမ်ဂမ်တောင်အပန်းဖြေစခန်း၌ ပြုလုပ်မည်ဖြစ်သည်။ ယခင်က ပြုလုပ်ခဲ့သောမိသားစုပြန်လည်ဆုံစည်းပွဲများကိုလည်း ယင်းစခန်းတွင်ပင်ပြုလုပ်ခဲ့သည်။ ယခုအချိန်တွင် ကျင်းပမည့်ပေါင်းဆုံပွဲတွင် ကွဲကွာမိသားစုဝင်ဦးရေ ၁၀၀ စီပါဝင်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသား ၁၃၀၀၀၀ ကျော်တို့သည် မြောက်ကိုရီးယားနိုင်ငံရှိမိသားစုဝင်များနှင့် ဆုံစည်းခွင့်ရရှိရန် ၁၉၈၈ ခုနှစ်မှစ၍ တောင်ကိုရီးယားအစိုးရထံ မှတ်ပုံတင်ထားခဲ့သည်။ သို့ရာတွင် ယင်းတို့ထဲမှ ဦးရေ ၆၆၀၀၀ ခန့်သာ သက်ရှိထင်ရှားရှိနေကြောင်းနှင့် ယင်းတို့၏ အသက်အရွယ်မှာ ၇၀ နှစ်နှင့် အထက်ရှိကြောင်း တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

**ရိုက်တာ။**

# အာဖဂန်နစ္စတန်သို့ စစ်ရေးအကူအညီပေးရေး
## ရုရှားအစိုးရ လေ့လာသုံးသပ်လျက်ရှိဟုဆို

**မော်စကို စက်တင်ဘာ ၈**

ရုရှားနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံသို့ စစ်ရေးအကူအညီပေးမည်ဟု မျှော်လင့်ရကြောင်း သမ္မတ ဗလာဒီမာပူတင်၏ အထူးသံတမန်၏ ပြောကြားချက်ကို ကိုးကားလျက် အင်တာဖက်စ်သတင်းဌာနက စက်တင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ ထောက်ပံ့ပေးမည့် စစ်ရေးအကူအညီတွင် ရဟတ်ယာဉ်များ ပါဝင်နိုင်ကြောင်း၊ စစ်ရေးအကူအညီပေးရေးကိစ္စနှင့် ပတ်သက်၍ ရုရှားအစိုးရတာဝန်ရှိသူများက လေ့လာသုံးသပ်လျက်ရှိကြပြီး မကြာမီတွင် အာဖဂန်အစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သမ္မတပူတင်၏ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထူးသံတမန် ဇာမီယာ ကာဘူလော့ဗ်က အင်တာဖက်စ်သတင်းဌာနသို့ ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံမှ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့များ ရုပ်သိမ်းသွားပြီးနောက် လုံခြုံရေးအရ မတည်မငြိမ်ဖြစ်လာနိုင်မှုအတွက် ရုရှားနိုင်ငံက စိုးရိမ်ပူပန်လျက်ရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ မတည်မငြိမ်ဖြစ်ပေါ်မှုသည် ယခင် ဆိုဗီယက်ပြည်ထောင်စုဝင် အာရှအလယ်ပိုင်းနိုင်ငံများသို့ ကူးစက်ပျံ့နှံ့လာနိုင်ဖွယ်ရှိသဖြင့် ရုရှားက စစ်ရေးအကူအညီပေးကာ ယင်းနိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုရရှိအောင် ကြိုးပမ်းလျက်ရှိသည်။

**ရိုက်တာ။**

# လာမယ့်ရာသီမှာ ပဲ၊ နှမ်း အထွက်နှုန်းကောင်းမယ် ဆန်စပါးထုတ်လုပ်မှုကတော့ ထိခိုက်သွားတယ်

## ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်

( တွေ့ဆုံမေးမြန်း – မင်းသစ်၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ – ဇော်မင်းလတ် )

သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲခေတ္တရပ်နားစဉ် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအား တွေ့ဆုံ မေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်။

**ဒုတိယသမ္မတဦးညဏ်ထွန်း**

ဒီနေ့ဖိုရမ်ကတော့ ရေဘေးသင့် ဒေသတွေမှာ ပြန်လည်ထူထောင်ရေး အတွက် စနစ်တကျဆောင်ရွက်နိုင်ဖို့ လုပ်တဲ့ ဖိုရမ်ပါ။ ရေဘေးသင့်ကာလမှာ ရင်ဆိုင်တုံ့ပြန်တဲ့ လုပ်ငန်းတွေကို အစိုးရရော၊ ပြည်သူလူထုကရော ပူးပေါင်းပါဝင် တုံ့ပြန်ခဲ့တဲ့အတွက် တချို့အင်မတန်မှ ခက်ခဲပေမယ့်လည်း ကျော်လွှားနိုင်ခဲ့ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အဓိကကဏ္ဍ လေးခုရှိတယ်။ နံပါတ်တစ်က ဘေးအန္တရာယ်တွေ လျော့ပါးအောင်လုပ်တာ၊ နံပါတ်နှစ်က ဘေးအန္တရာယ်ကျရောက်လာရင် အသင့်ပြင်ဆင်တာ၊ နံပါတ်သုံးက





ဦးဝင်းအောင်။



ဒေါက်တာ အောင်ထွန်းသက်။



ဦးဝင်းကြိုင်။



သရုပ်ဆောင် လွင်မိုး။

သဘာဝဘေးအန္တရာယ် ကျရောက်လာရင် အလျင်အမြန် တုံ့ပြန်နိုင်ရမယ်။ နံပါတ်လေးက ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ပေးရမယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ လုပ်တဲ့အခါမှာလည်း အချို့နေရာတွေမှာ စားနပ်ရိက္ခာ ဖူလုံဖို့ အသက်မွေးဝမ်းကျောင်း ဘဝတွေ ထိပါးနစ်နာတာတွေ၊ အခြေခံဝန်ဆောင်မှု လုပ်ငန်းတွေ၊ ထိခိုက်နစ်နာတာတွေရှိတယ်။ နောက်တစ်ခုက လမ်း၊ တံတားတွေ ပြုပြင်တည်ဆောက်ရေးနဲ့ သဘာဝဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းစဉ်တွေ၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်၊ ကလေးသူငယ်၊ မသန်စွမ်းတွေ အားလုံးပါဝင်တဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ အားလုံးပါဝင်ပြီး စနစ်တကျလုပ်ဖို့ ဒီဖိုရမ်ကို လုပ်တာပါ။ မြန်မာလူမျိုးဆိုတာ ရိုင်းပင်းတယ်။ ကူညီချင်တယ်။ စာနာတတ်တဲ့ စိတ်ထားရှိတဲ့အတွက် အားလုံးက ကူညီခဲ့တယ်။ သို့သော် အားလုံးပူးပေါင်းမှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ ပေါင်းစည်းမှု အားလုံးအလုံးစုံ လွှမ်းခြုံနိုင်မှု ဥပဒေသတွေနဲ့အညီ စနစ်တကျ ဆောင်ရွက်ပေးနိုင်အောင် ပြန်လည်ထူထောင်ရေး မူဘောင် တစ်ရပ်စနစ်တကျ ပေါ်ထွက်လာဖို့ ပညာရှင်တွေ၊ အတွေ့အကြုံရှိတဲ့သူတွေရဲ့ အကြံဉာဏ်တွေ၊ တကယ့်လက်တွေ့ မြေပြင်သွားပြီး ဆောင်ရွက်နေတဲ့ အတွေ့အကြုံတွေဖလှယ်နိုင်ဖို့ ဒီဖိုရမ်ကို ကျင်းပတာပါ။

**ဦးဝင်းအောင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်)**

အခုဖြစ်တဲ့ ရေဘေးကျရောက်မှုတွေမှာ အားလုံးနဲ့လွှမ်းခြုံပြီး ထိုက်သင့်တဲ့ စီးပွားရေးဆုံးရှုံးမှုတွေ ရှိတယ်။ ဒီအကျိုးသက်ရောက်မှုတွေကို လျစ်လျူရှုထားလို့မရဘူး။ ပြန်ပြီး ဆောလျင်စွာ လည်ပတ်ဖို့ မူလအနေအထား ပြန်ပြီးရောက်နိုင်ဖို့၊ မူလအနေအထားထက်ကို ပိုပြီးတော့ ကောင်းမွန်ဖို့အတွက် အားစိုက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဆောင်လည်း ဆောင်ရွက်နေပါတယ်။ ကုန်သွယ်မှု ပမာဏမှာဆိုရင် ဆန်စပါးပိုင်းက ထိခိုက်ဆုံးရှုံးမှု ရှိပါတယ်။ ဒါပေမယ့်လည်း ရေဘေးသင့်ခဲ့တဲ့ ဒေသတွေမှာ ပဲတွေက စိုက်ပျိုးတာတွေမရှိသေးဘူး။ ကျွန်တော်တို့ မျှော်မှန်းထားတာက လာမယ့်ရာသီမှာ ပဲ၊ နှမ်း အထွက်နှုန်းကောင်းမယ်လို့ မျှော်လင့်ပါတယ်။ ရေကြီးသွားတဲ့အခါ နုန်းတင်မြေပေါ်မှာ ပဲ၊ နှမ်း စိုက်ပျိုးကြမယ်ဆိုရင် ပိုပြီးအထွက်တိုးလာမယ်။ ဆန်စပါးကတော့ ဧကတော်တော်လေး ထိခိုက်သွားတယ်။ ဆန်စပါးထုတ်လုပ်မှုအပိုင်းမှာလည်း ထိခိုက်သွားတယ်။ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ပတ်သက်ပြီး စာရင်းတွေ အနီးစပ်ဆုံး ကောက်နေဆဲဖြစ်တယ်။ ရပြီဆိုရင်တော့ တိကျတဲ့ အဖြေတွေရမယ်။ အသေးစား၊ အလတ်စား ပြန်လည်ထူထောင်ဖို့ဆိုရင်တော့ အငယ်စားလေးတွေ ဖြစ်တဲ့ ကွမ်းယာဆိုင်၊ မုန့်ဟင်းခါးဆိုင်တို့လို လုပ်ငန်းလေးတွေဆိုရင်တော့ ထိုက်သင့်တဲ့ ပံ့ပိုးမှုတွေ ပေးလိုက်မယ်ဆိုရင် ပြန်ပြီး ရှင်သန်နိုင်မယ်။ ဒီထက်ပိုပြီး အဆင့်မြင့်သွားတဲ့ လုပ်ငန်းတွေကတော့ တစ်စိတ်တစ်ပိုင်းအားဖြင့် နှောင်ကြိုးမဲ့ ထောက်ပံ့ငွေတွေပေးမယ်။ အဲဒီထက်ပိုလို့ရှိရင် ချေးငွေတွေ ဆောင်ရွက်ပေးလို့ရပါတယ်။ ဒါတွေထက် ပိုအရေးကြီးတာက ဘယ်လောက်ပဲ အရင်းအနှီးရလို့ လုပ်ငန်းတွေ စတင်နိုင်တယ်ပဲ ထားဦး။ တကယ်တော့ သူတို့အတွက် ဈေးကွက်ကအရေးကြီးပါတယ်။ ဈေးကွက်ဖန်တီးမှုတွေလည်း ဆောင်ရွက်ပေးသွားရမှာပါ။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက် (နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေး)**

ပုဂ္ဂလိကကဏ္ဍမှာ အင်အားအများကြီးပဲ၊ ငွေအင်အားရှိတယ်။ တီထွင်မှုအင်အားရှိတယ်။ ဆောင်ရွက်နိုင်စွမ်းရှိတယ်။ ပုဂ္ဂလိကအားနဲ့နိုင်ငံတော်အား ပေါင်းရမှာပါ။ ပုဂ္ဂလိကနဲ့ နိုင်ငံတော်အစိုးရ ပေါင်းလိုက်ရင် အဆင်ပြေသွားမယ်။ ပြန်လည်တည်ဆောက်ရေးကို အဆင့်(၃)ဆင့် လုပ်သွားမယ်။ ကာလတို၊ ကာလလတ်၊ ကာလရှည်ပါ။ တချို့ကိစ္စတွေက ချက်ချင်းလုပ်လို့ရတယ်။ တချို့ကိစ္စတွေက ကာလလတ်မှာ လုပ်လို့ရတယ်။ တချို့ကိစ္စတွေက ကာလရှည် လုပ်ရမှာပါ။ ကာလရှည်ပဲ ကြည့်ပြီး လတ်တလော စားစရာမရှိတဲ့သူ၊ နေစရာမရှိတဲ့သူတွေကို လျစ်လျူရှုထားလို့မရဘူး။ ကိုယ့်နိုင်ငံမှာဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံမှာ နေတဲ့သူတွေ အားလုံး နိုင်ငံတိုးတက်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရမှာပါ။ ရေဘေးသင့်ဒေသ ပျက်စီးမှုက ကိန်းဂဏန်းတိတိကျကျ မသိသေးဘူး။ ထိခိုက်တာတော့ သေချာတယ်။ စီးပွားရေးထိခိုက်တာ၊ စိုက်ပျိုးရေး ထိခိုက်တာတွေရှိတယ်။ အဲဒါ ပြန်လည် ထူထောင်ရေးအတွက် အသစ်ကိုလုပ်ရမယ့်အစား အဟောင်းတွေပြန်လုပ်ရတဲ့အတွက် စရိတ်ကုန်တာပေါ့။ စရိတ်ကုန်တဲ့အပြင် အကျိုးသက်ရောက်မှုလည်း မရှိဘူး။ ဘယ်လောက်ဆုံးရှုံးမှုရှိသလဲဆိုတာ ကိန်းဂဏန်းက မသိသေးတော့ ပြောလို့ မရသေးပါဘူး။

**ဦးဝင်းကြိုင် (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)**

ရေကြီးနစ်မြုပ်ဆုံးရှုံးမှုမှာ ငါးမွေးကန် ဧက သုံးသောင်းနဲ့ ပုစွန်မွေးကန် ဧက ငါးသောင်းကျော် နစ်မြုပ်ခဲ့တယ်။ အဲဒီလုပ်ငန်းတွေ ပြန်စဖို့က လက်ရှိအချိန် ရေပြန်ပေါ်ခါစပဲရှိသေးတယ်။ စိတ်မချရသေးဘူး။ နောက်ထပ်ရေက ထပ်ကြီးမယ်ဆိုတဲ့အတွက် ဒါကို စိတ်ပူလို့ စောင့်နေကြတယ်။ ရေနောက်ထပ် မကြီးတော့လို့ ရေပြန်ကျသွားပြီဆိုရင် ပျက်စီးဆုံးရှုံးသွားတဲ့ ငါးကန်တွေမှာ ငါးတွေပြန်ထည့်ပြီး မွေးမြူနိုင်အောင်လုပ်ရမှာပါ။ အဲလိုလုပ်ဖို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရယ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်အသင်းရယ်၊ အသင်းအဖွဲ့တွေရဲ့ရန်ပုံငွေနဲ့ လုပ်ငန်းရှင်တွေက လှူထားတဲ့ ငွေတွေရှိတယ်။ နောက်တစ်ခါ သက်ဆိုင်ရာဝန်ကြီးဌာနက ပူးပေါင်းပါဝင်မယ့် အစီအစဉ်တွေရှိတယ်။ နောက်တစ်ခါ အဲဒီအစီအစဉ်နဲ့ ငါးကန်တွေ ငါးသားပေါက်မွေးနိုင်အောင် ဆောင်ရွက်ပေးသွားမယ်။ တကယ်ကျတော့ ဆုံးရှုံးမှုတန်ဖိုးက ကြီးတယ်။ ကျွန်တော်တို့ပေးနိုင်တယ်ဆိုတာကလည်း ပြန်လည်ထည့်သွင်းမယ့် ငါးသားပေါက်တန်ဖိုး ၁၀ ရာခိုင်နှုန်းလောက်ပဲ ပေးနိုင်တဲ့ သဘောရှိတယ်။ ငါးသားပေါက်လိုအပ်ချက်ကိုက အင်မတန်မြင့်တယ်။ ဒီငါးတွေကြီးအောင်မွေးဖို့ အစာဖိုးလိုအပ်ချက်ကလည်း မြင့်မားတယ်။ အဓိက ငါးကုန်ထုတ်လုပ်ငန်းကြီး စဉ်ဆက်မပြတ် ဆက်လက်ပြီး လုပ်ဆောင်နိုင်ရေးနဲ့ ပြည်တွင်းငါးဈေးကွက်စားသုံးဖို့အတွက် နောက်ပြီး ပြည်ပတင်ပို့မှု မလျော့ကျရေးအတွက် ရည်ရွယ်ချက်တွေထားပြီး ငါးမွေးသူတွေ စိတ်ဓာတ်ကျမသွားအောင် ပြန်လည်ထူထောင်ရေးတွေ လုပ်ပေးဖို့ စီစဉ်နေပါတယ်။ ငါးမွေးမြူရေး လုပ်ငန်း ပြန်လည်ထူထောင်ဖို့ လုပ်ငန်းက အင်မတန်ကြီးမားတယ်။ ငွေတန်ဖိုးလိုအပ်ချက်လည်း များတဲ့ အခါကျတော့ လုပ်နိုင်သလောက် အရင်စလုပ်ရမှာပါ။ ထိရောက်တဲ့ လုပ်ငန်းတွေဖြစ်အောင် နိုင်ငံတော်အစိုးရအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အကူအညီ၊ မြန်မာနိုင်ငံမှာရှိတဲ့ ကဏ္ဍပေါင်းစုံက အကူအညီနဲ့ လုပ်ဆောင်သွားမယ်။

**သရုပ်ဆောင် ကိုလွင်မိုး (အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း)**

ကျွန်တော်က အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနဲ့ ပူးပေါင်းပြီး ရေဘေးသင့်ဒေသတွေမှာ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ပါဝင်ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပြန်လည်ထူထောင်ရေးအစီအစဉ်မှာ ဩဂုတ် ၂၁ ရက်က ပြန်လည်ထူထောင်ရေး ရန်ပုံငွေပွဲ IC တေးဂီတနဲ့ ရန်ပုံငွေပွဲ ကျင်းပခဲ့တယ်။ အဲဒီမှာလည်း ပြန်လည် ထူထောင်ရေးအတွက် သိန်းပေါင်း တစ်သောင်းကျော် ရခဲ့တယ်။ အဲဒီငွေတွေကို ကလေးနဲ့ ဟားခါးဒေသတွေမှာ သိန်းပေါင်း ကိုးထောင်ကျော် လှူခဲ့ပြီးပါပြီ။ အသေးစား၊ အလတ်စားလုပ်ငန်းတွေ ပြန်လည်ထူထောင်ဖို့ နိုင်ငံတော်အဆင့်နဲ့စီမံပြီး တည်ဆောက်ရမယ့် ကဏ္ဍတွေမှာလည်း ကျွန်တော်တို့ အနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ပါပဲ။ ဒါတွေက နိုင်ငံတော်က အဆင့်ဆင့် ညွှန်ကြားလာတဲ့ လုပ်ထုံးလုပ်နည်းလုပ်ငန်းစဉ်းမျဉ်းတွေအတိုင်း ပူးပေါင်းလုပ်ဆောင်သွားမှာပါ။

---

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခွင့်ပြု**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၁/၂၀၁၅**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်**
**(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးငွန်မောင်းကို ၎င်း၏ သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

**✻ ရာသီဥတုမှ**

ဆန္ဒရှိနေကြပြီး သက်ဆိုင်ရာကလည်း ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်တွင် ခရိုင် သုံးခု၊ မြို့နယ် ကိုးမြို့နယ်တွင် မဲဆန္ဒရှင်ပေါင်း ၂၆၀၀၀၀ ကျော်ခန့်ရှိပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂ ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၅ ဦး၊ ပါဝင်ယှဉ်ပြိုင်မည့် ပါတီအရေအတွက်မှာ ၁၃ ပါတီဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဇိုတိုင်းရင်းသားဒေသ ဖွံ့ဖြိုးရေးပါတီ၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ချင်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ၊ ခူမီး(ခမီး) အမျိုးသားပါတီ၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ ရခိုင်အမျိုးသားပါတီတို့မှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ဝဝ၁)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ Israel Aerospace Industries သို့ သွားရောက်ကြည့်ရှုလေ့လာ



**နေပြည်တော် စက်တင်ဘာ ၈**

အစ္စရေးနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် တဲလ်အဗီးမြို့ရှိ Israel Aerospace Industries (IAI) သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတစ်ဦးက IAI 3D War Scenario အား Power Point ဖြင့် ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Israel Aerospace Industries (IAI) အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အစ္စရေးနိုင်ငံ Directorate of Security for the Defense Establishment အကြီးအကဲ Mr. Amir Kain က ကာကွယ်ရေးဝန်ကြီးဌာန၌ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

**(မြဝတီ)**



# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဂါဇာကမ်းမြောင်တောင်ပိုင်း တိုင်းစစ်ဌာနချုပ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၈**

အစ္စရေးနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် တဲလ်အဗီးမြို့မှတစ်ဆင့် Ashdod မြို့ရှိ ELTA Systems Ltd သို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ Ashdod ရေတပ်စခန်းဌာနချုပ် (Ashdod Naval Base) သို့ သွားရောက်လေ့လာကြရာ Operation Commander က ရေတပ်စခန်းဌာနချုပ်နှင့် ရေယာဉ်စုများအကြောင်းကို Power Point ဖြင့်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် IAI RAMATA ၏ Vice President Mr. Nitzan Shaked နှင့်အတူ FAC Super Dvora MK3 ရေယာဉ်အား စီးနင်းလိုက်ပါလေ့လာကြသည်။

ထို့နောက် ဂါဇာကမ်းမြောင်နယ်စပ်ရှိ Israel Village ဂါဇာဌာနချုပ်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး ဂါဇာကမ်းမြောင်တောင်ပိုင်း တိုင်းစစ်ဌာနချုပ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိဆုယုံထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

## စက်တင်ဘာ ၈ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၀၀၀ မှ ၅၀၅၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၈၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၁၈၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၃၀ မှ ၂၄၂၀ |
| ၉ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၇၅ မှ ၁၈၆၀ |
| ၁၀ | ပြောင်းဆန် | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၄၅ |
| ၁၁ | ဗိုလ်ကိတ်(ပဲ) | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၆၅ မှ ၁၂၅၀ |
| ၁၂ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၀၀၀၀မှ၁၂၅၀၀၀ |
| ၁၃ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်သာ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၂၅ မှ ၁၀၅၀ |
| ၁၄ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၅ မှ ၂၆၀၀ |
| ၁၅ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၃၁၀၀ |
| ၁၆ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၇၀ မှ ၆၈၀ |
| ၁၇ | ဖရဲသီး | ၈၅၅ | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၇၀၀ မှ ၂၅၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |



# ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်ပြဋ္ဌာန်းထား

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် တရုတ် ကွန်မြူနစ်ပါတီ၏ International Department မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. RAO Huihua နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံနှင့် တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးပုံစနစ်၊ မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းစဉ်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် Mrs. RAO Huihua က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ထားမှု ကော်မရှင်နှင့် ရွေးကောက်ပွဲအပေါ် ယုံကြည်မှုအခြေအနေ၊ ဖြစ်ပေါ်လာနိုင်သည့်ပြဿနာများအပေါ် ဖြေရှင်းရန် ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ခြင်းတို့နှင့် စပ်လျဉ်း၍မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များအား ပြန်လည်သုံးသပ်ရှင်းလင်းခိုင်မာအောင် ပြင်ဆင်၍ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများသို့ ချပြပြီး ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကော်မရှင်နှင့် ကော်မရှင်အဆင့်ဆင့်အား အရည်အချင်း (Capacity) မြှင့်တင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်ပြဋ္ဌာန်းထားကြောင်း၊ ပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ကျင့်ဝတ်နှင့်ပြဋ္ဌာန်းထားသည့် ဥပဒေညွှန်ကြားချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် Code of Conduct နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွတ်လပ်မျှတမှု ရှိ၊ မရှိကို ရွေးကောက်ပွဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိအပေါ် သုံးသပ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့် ကော်မရှင်အပေါ် ယုံကြည်မှုနည်းရခြင်းမှာ ပုဂ္ဂိုလ်ရေးကိုကြည့်၍ ပြောနေကြခြင်းဖြစ်ကြောင်း၊ လုပ်ဆောင်ချက်များအပေါ် ကြည့်ရန်လိုကြောင်း၊ မီဒီယာများအနေဖြင့် လုပ်ဆောင်ချက်များကို ပြည်သူလူထုသိရှိအောင် မှန်ကန်မျှတစွာ ဆောင်ရွက်ပေးခြင်းဖြင့် လူထု၏ ရွေးကောက်ပွဲအပေါ် ယုံကြည်မှု၊ စိတ်ဝင်စားမှုမြင့်မားလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

ပြန်လည်ထူထောင်ရေး

# မိုးစပါးစိုက် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မိုးစပါး ၁၅ သန်းနှင့် နွေစပါး ဧက သုံးသန်းခန့် စိုက်ပျိုးပြီး စပါးတင်း သန်းပေါင်း ၁၃၄၇ ထွက်ရှိကာ ဆန်ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့ပင် ဆန်တင်ပို့ရောင်းချနေသော နိုင်ငံတစ်ခုဖြစ်ပါသည်။

၂။ ယခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်လယ်မြေ ၁၅ သန်းကျော်ရှိသည့်အနက် ၇-၉-၂၀၁၅ ရက်အထိ မိုးစပါး ၁၃၂၂၁၉၅ ဧက ရေလွှမ်းခဲ့ပြီး ၁၂၂၉၁၄၆ ဧက ပြန်လည်ပေါ်ပြီး ဖြစ်ပါသည်။ ၎င်းအနက် ၉၇၀၇၄၁ ဧက ထိခိုက်ခဲ့ပြီး ၇၄၆၆၄၅ ဧက ပျက်စီးခဲ့ခြင်းကြောင့် ပျက်စီးမှုရာနှုန်း ၄ ဒသမ ၉ ရာနှုန်းရှိ၍ ပျက်စီးဧကများအား အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးလျက်ရှိရာ ၄၀၈၀၉၅ ဧက ပြန်လည်စိုက်ပျိုးပြီး ဆက်လက်စိုက်ပျိုးလျက်ရှိပါသည်။

၃။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများအား မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါ နည်းလမ်းများအသုံးပြု၍ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အရန်ပျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊

(ခ) သက်လတ်နှင့် သက်ကြီး စပါးမျိုးများကို သက်တမ်းရက် ၆၀ အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများစိုက်ပျိုးခြင်း၊

(ဂ) သက်လျှဉ်စပါးမျိုးဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊

(ဃ) သက်လျှဉ်စပါးမျိုးဖြင့် တိုက်ရိုက် အစေ့ချ စိုက်ပျိုးခြင်း၊

(င) မပျက်စီးဘဲ ထိခိုက်သော စပါးခင်းများအား ရေသွင်း၊ ရေထုတ် ပြုလုပ်ပေးပြီး သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ ၃း၁ ဖြင့် ရောစပ်ထည့်သွင်းပေးခြင်း။

၄။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသော စပါးခင်းများအား အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးညီအချိန်ကိုက်ထည့်သွင်းခြင်း၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နှိမ်နင်းခြင်း၊ ရေသွင်းရေထုတ် ဂရုပြုဆောင်ရွက်ခြင်းလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၅။ သို့ပါ၍ စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများအနေဖြင့် အကူအညီများလိုအပ်ပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

# ၂၀၁၅-၂၀၁၆ ခုနှစ် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးဧရိယာများတွင် မိုးစပါးပြန်လည်အစားထိုး စိုက်ပျိုးပြီးစီးမှုအခြေအနေ

(၇-၉-၂၀၁၅)ရက်အထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပျက်စီးဧက မိုးစပါးစိုက်ခင်း | ပြန်လည်အစားထိုးစိုက်ပျိုးပြီးအခြေအနေ | | | | | စိုက်ပျိုးပြီး ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| | | | အရန်ပျိုး | သားတက်ခွဲ | ပျိုးထောင်စိုက် | တိုက်ရိုက်မျိုးစေ့ချ | စုစုပေါင်း | |
| ၁ | ကချင် | ၁၂၇၉၁ | ၄၅၈၈ | | ၃၁၁ | ၂၃၁၃ | ၇၂၁၂ | ၅၆. ၃၈ |
| ၂ | ကယား | ၃၂ | | | | | | |
| ၃ | ကရင် | ၇၄ | | | ၇၄ | | ၇၄ | ၁၀၀. ၀၀ |
| ၄ | ချင်း | ၁၂၁၃ | | | | ၃၇၂ | ၃၇၂ | ၃၀. ၆၇ |
| ၅ | စစ်ကိုင်း | ၈၀၈၀၈ | ၂၅၄၇၂ | | ၃၈၀၉ | ၂၅၄၁၈ | ၅၄၆၉၉ | ၆၇. ၆၉ |
| ၆ | ပဲခူး | ၁၄၈၉၀၁ | ၉၂၅၁ | ၃၂၁၈၇ | ၂၁၀၉၇ | ၂၅၈၉၁ | ၈၈၄၂၆ | ၅၉. ၃၉ |
| ၇ | မကွေး | ၈၀၄၆ | | | ၁၃၄၄ | ၆၁၅၅ | ၇၃၉၉ | ၉၁. ၉၆ |
| ၈ | မန္တလေး | ၁၄ | | | ၅ | | ၅ | ၃၅. ၇၁ |
| ၉ | ရခိုင် | ၂၁၆၅၃၁ | | | ၁၀၀၉၄ | ၂၀၄၉၈၃ | ၂၁၅၀၇၇ | ၉၉. ၃၃ |
| ၁၀ | ရန်ကုန် | ၅၆၄၈၆ | ၁၆၇၇ | ၁၂၀၃ | ၃၆၆ | ၇၇၇၉ | ၁၁၀၂၅ | ၁၉. ၅၂ |
| ၁၁ | ရှမ်း | ၂၂၃၆ | ၁၀၇ | | ၃၁၂ | ၂၇ | ၄၄၆ | ၁၉. ၉၅ |
| ၁၂ | ဧရာဝတီ | ၂၀၈၈၉၅ | ၃၄၇၆ | ၄၆၆၅ | ၂၈၂ | ၉၅၄၃ | ၁၇၉၆၆ | ၈. ၆၀ |
| **စုစုပေါင်း** | | **၇၃၆၀၂၇** | **၄၄၅၇၁** | **၃၈၀၅၅** | **၃၇၆၉၄** | **၂၈၂၃၈၁** | **၄၀၂၇၀၀** | **၅၄. ၇၁** |

**❒ အိုးသစ်၊ အိမ်သစ်မှ**

တိုင်းဒေသကြီး ကလေးဒေသပြန်လည်ထူထောင်ရေးကွင်းကဲမှုအဖွဲ့ရုံးမှသိရသည်။

"ရွာတွေက လုံးလုံးလျားလျား ရေကြီးနစ်မြုပ်ပြီးတော့မှ ပြန်တည်ဆောက်တဲ့အခါကျတော့ ရွာသစ်တည်ဖို့နေရာ ပြန်ရှာရပါတယ်။ ရှာတဲ့အခါမှာလည်း လယ်ယာမြေစီမံခန့်ခွဲမှုနဲ့အညီ သတ်မှတ်ထားတဲ့ နှုန်းတွေရှိတယ်။ မြေလွတ်မြေရိုင်းဆိုသုံးလို့ရတယ်။ လယ်ယာမြေဆိုရင် သတ်မှတ်ထားတဲ့ နည်းဥပဒေရှိတယ်။ သူတို့အတွက် အဆင်ပြေမယ့်မြေနေရာကိုရွေးရတယ်။ လက်ရှိအနေအထားထက်လည်း ကောင်းမွန်အောင် အရင်တုန်းက လမ်းနဲ့ဝေးရင် အခုလမ်းနဲ့နီးအောင် ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေရာတွေဖြစ်အောင် ဒေသခံတွေရဲ့ စိတ်ဆန္ဒနဲ့လည်း ကိုက်ညီအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်သူဇော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးဒဏ်အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရသည့်ပြောင်းရွှေ့ရမည့် ကျေးရွာများမှာ တမူးမြို့နယ်တွင် သုံးရွာ၊ ကလေးဝမြို့နယ်တွင် နှစ်ရွာနှင့် ကလေးမြို့နယ်တွင် ပြောင်းရွှေ့ရမည့် ကျေးရွာ ၁၂ ရွာရှိသည့်အနက် ကျောက္ကာရွာ၊ နတ်ကြီးကုန်း၊ ကျီကုန်းနှင့် အေးသာယာရွာများမှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ရေမြုပ်တဲ့ရွာက ၁၂ ရွာပါ။ မြေယာအကွက်ဖော်ထုတ်ရေးအတွက် လာခဲ့တာပါ။ ကျောက္ကာရယ်။ အေးသာယာရယ်၊ ကျီကုန်းရယ်။ ပထမ ဦးစားပေးလုပ်သွားမယ်။ ၂၇၊ ၂၈ ရက်က မြေပြင်အနေအထားကို ဆင်းကြည့်ပြီးပြီ။ နေပြည်တော်က ပညာရှင်အဖွဲ့တွေလည်း ပါမယ်။ ပြောင်းမယ့်နေရာကို သက်ဆိုင်ရာဦးစီးဌာနက တောရှင်းတာတွေလုပ်နေပါတယ်။ မြေကွက်ဆွဲဖို့ပါ။ အဲဒီအနီးအနားမှာရှိတဲ့ တောင်ကုန်းပေါ်မှာ လုပ်သွားမှာပါ။ အခု မြေတိုင်းတာရေးတွေလုပ်နေပါပြီ"ဟု စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသင်ဇော်မိုးက ပြောသည်။

"အဒေါ်တို့က မီးသွေးဖုတ်တယ်။ ထင်းခုတ်တယ်။ အိမ်ခြေ ၆၀ ကျော်မနည်းမနောပဲ ရေထဲပါသွားတာ။ အဒေါ်နေတဲ့နေရာဆို တစ်တန်းလုံးဘယ်သူမှ မကျန်ဘူး။ သူတို့တောင်ထိပ်ထားလည်းနေရုံပဲ။ အရင်နေရာက နေကိုမနေရဲတော့ဘူး။ ရေလမ်းက တစ်ခါပေါက်ရင် နောက်တစ်ခါခံရတယ်။ တည်ပေးတဲ့ရွာမှာပဲနေမှာ။ ဒီကျီကုန်းက ဝယ်ထားတာလို့ သိရတယ်။ အလှူရှင်ပေါ်ရင် မပေးရတော့ဘူး။ အလှူရှင်မပေါ်ရင်တော့ ကျသင့်ငွေကို ရွာသားတွေလူဦးရေနဲ့ ကျသင့်တာခံရပါမယ်"ဟု ကျီကုန်းရွာသူ ဒေါ်ခါတင်က ပြောသည်။

တိုင်းဒေသကြီး-၂ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက "ပြန်လည်ထူထောင်ရေးအတွက်က မြေလွတ်မြေရိုင်းမရှိရင် မြေနေရာတွေကို ပိုင်ရှင်တွေနဲ့ ညှိနှိုင်းတာကို ကိုယ်စားလှယ်တွေက လုပ်ပေးရပါတယ်။ အခုတည်တဲ့ရွာသစ်မှာ သုံးခုက သစ်တောမြေဖြစ်ပြီးတော့ ကျီကုန်းကတော့ မြေဝယ်ရတာပါ။ ရွာသူရွာသားတွေနဲ့ ညှိနှိုင်းပြီးဝယ်တာပါ။ မော်လိုက်-ကလေးတို့လည်း ဒီလိုပဲ ပြောင်းချင်တဲ့သူက ဝယ်ရတာပါ။ ရောင်းချင်တဲ့သူကလည်း အမြတ်တင်ပြီး ရောင်းတာမျိုးမရှိပါဘူး။ အလှူရှင်တွေရှိရင်တော့ ရွာသားတွေ မဝယ်ရပါဘူး။ အိမ်ရာတည်ဆောက်ရေးမှာ တိုင်းဒေသကြီးအစိုးရက လိုအပ်တဲ့ သစ်တို့၊ အမိုးတို့၊ အခင်းတို့၊ ဘိလပ်မြေတို့၊ သံတိုင်တို့ စတာတွေ စိုက်ထုတ်ပေးမယ်။ တပ်မတော်က လှူထားတာတွေ၊ အလှူရှင်အသီးသီးကလှူထားတာတွေရှိတယ်။ တောထဲမှာ မျောလာတဲ့သစ်တုံးတွေကို ခရိုင်သစ်တောရုံးကနေ ဦးစီးပြီးတော့ခွဲနေပြီ။ ရွာသားတွေကို လုပ်အားခပေးပြီး ပြန်ခန့်ထားတာ။ ဆောက်မယ့်အဖွဲ့ကျတော့ ဒီမှာ ကုမ္ပဏီ ၂၀ ခုရှိတယ်။ ဝန်ကြီးချုပ်က အဲဒီကုမ္ပဏီတွေကို ဆောက်ပေးဖို့ကူညီကြပါလို့ အကူအညီ တောင်းထားတယ်။လိုအပ်တဲ့ငွေကို တိုင်းဒေသကြီးနဲ့ ပြည်ထောင်စုအစိုးရကချပေးတဲ့ ဘတ်ဂျက်တွေနဲ့ ဆောက်လုပ်သွားမှာပါ"ဟု ပြောသည်။

ရေဘေးသင့်ပြည်သူများအတွက် မြေယာများဖော်ထုတ်ပြီးစီးပါက အိမ်ရာများဆောက်လုပ်ရန် မိသားစုငါးဦးနှင့်အထက်အတွက် အိမ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၆၄၀ စတုရန်းပေအတွက်)၄၄ ဒသမ ၄ သိန်းနှင့် မိသားစု သုံးဦးအတွက် အိမ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုး အိမ် (၅၄၀ စတုရန်းပေ)၃၇ ဒသမ ၄ သိန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်းနှင့် အလှူရှင်များလည်း ဖိတ်ခေါ်ထားကြောင်းသိရသည်။

"ဆောက်ပေးတဲ့ အိမ်တွေက ၁၈ ပေဆိုတော့ ရှေ့မျက်နှာစာ ပေ ၃၀၊ နောက်ကို ပေ ၄၀ ဆို လိုချင်တဲ့သူအကုန်ရပြီ။ ပေ ၁၀၀ ပတ်လည်ဆိုဟိုးအမြင့်တောင်ပေါ်ကို ရောက်သွားလိမ့်မယ်။ နောင်တိုးလာမယ့်လူတွေအတွက်ပါ မြေနေရာ လျာထားသင့်တယ်။ ၁၀၀ မှန်းရင် ၂၀၀ စာထားသင့်တယ်"ဟု မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနခွဲ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဇော်ဝင်းက သုံးသပ်သည်။

အဆိုပါ ရွာသစ်ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းအတွက် ကျောက္ကာကျေးရွာမှာ ၃၉ ဒသမ ၀၃ ဧက၊ အေးသာယာကျေးရွာမှာ ၂၃ ဒသမ ၇၇ ဧက၊ နန်ကျင်းဆောင်ကျေးရွာမှာ ၈၆ ဒသမ ၃၈ ဧက၊ ကျီကုန်းကျေးရွာမှာ၂၅ ဧက၊ ကံကြီးကျေးရွာမှာ ဧက ၂၀ နှင့် နတ်နန်းကျေးရွာမှာ ၁၃ ဧကတို့ကို စက်ယန္တရားတို့ဖြင့် မြေနေရာရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄)မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"တကယ်ဆို မြေပြင်မှာ အရင်ဆုံး တိုင်းပြီးမှ အကွက်ဆွဲရတာ။ အခုတော့ တောင်ကုန်းဆိုတော့ ပုံစံချရင်းချရင်းနဲ့ ကွန်တိုဆွဲရတာ။ ကွန်တို အနိမ့်၊ အမြင့်ကိုကြည့်ပြီး လျှိုတွေရှိရင် ချန်ထားခဲ့ရမှာ။ လျှိုတွေချန်ခဲ့ရင် အကွက် ၆၀ လောက်ထွက်မယ် နှစ်တန်းဆိုရင် အကွက် ၁၂၀ ပါ၊ ကျောက္ကာက နှစ်ရက်ဆိုပြီးတယ်။ အေးသာယာလည်းပြီးပြီ။ ပုံဆွဲပြီး လမ်းပိုင်းဖော်တာရောဆို ကျွန်တော်တို့ဘက်က တစ်လခွဲဆို ၁၂ ရွာအတွက် အကုန်ပြီးသွားလိမ့်မယ်"ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဇော်ဝင်းက ပြောသည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမအထက်ရှိ တောင်ပတ်လမ်းမှ တောများကို ခုတ်ထွင်ရှင်းလင်းပေးပြီး မြစ်သာမြစ်ကြောင်းကို အခြေပြုတည်ဆောက်နေသည့် အဆိုပါကျေးရွာသစ်များတွင် လမ်းများ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်း၊ ရဲစခန်း၊ စာကြည့်တိုက်၊ ဌာနဆိုင်ရာမြေနေရာများအပြင် ကျေးရွာအတွက် ရေရရှိရေး၊ မီးရရှိရေးအတွက်ပါ ထည့်သွင်းစဉ်းစား အကွက်ချ ဖော်ထုတ်ပေးထားကာ အိမ်ရာဆောက်လုပ်မှုများအပါအဝင် အချိန်ကာလအားဖြင့် သုံးလအတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည့်အတွက် ရေဘေးသင့်ကျေးရွာများမှ ပြည်သူများသည် အိုးသစ်၊ အိမ်သစ်၊ ဘဝသစ်ကို မကြာမီ ပြန်လည်ထူထောင်နိုင်တော့မည် ဖြစ်သည်။ ။

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၈ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | |
|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၄၈၆ | ၃၀၉၁၈ | ၁၂၇၉၁ | ၇၄၄၅ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၈၀၀ | ၅၈၀၀ | ၃၂၅၂ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၂၁၄၀၉ | ၁၈၂၂၅၁ | ၁၂၁၄၀၉ | ၆၁၄၅၈ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၁၅၂၈၄၇ | ၉၀၉၆၀ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၅၃၃၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၀၂၁၉ | ၂၉၀၂၁၉ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၅၆၄၈၆ | ၁၁၂၀၉ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၄၉၁ | ၁၃၄၉၁ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၈၅၃၉ | ၂၉၁၅၄၇ | ၂၀၉၉၇၁ | ၂၁၂၅၂ |
| **စုစုပေါင်း** | | **၁၄၈၂၄၈၄** | **၁၄၁၃၇၆၆** | **၈၄၂၇၁၆** | **၄၂၅၂၅၆** |

ပြန်လည်ထူထောင်ရေး


# ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**


စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက်ရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့များတွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိပြီး ခန္တီးမြို့တွင် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်ကျဆင်းနိုင်ကြောင်းနှင့် နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ၁ ပေခွဲခန့်စီ၊ မင်းကင်းမြို့တွင် ၁ ပေခန့်နှင့် မုံရွာမြို့တွင် ပေဝက်ခန့် ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့်ဖော်ပြထားသည်။

**(သတင်းစဉ်)**


ချင်းတွင်းမြစ်ရေ အခြေအနေ (ခန္တီးမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ဟုမ္မလင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)



ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)



ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)




# ဧရာဝတီမြစ်ရေ ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ


**ရန်ကုန် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းတာချက်များအရ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့်ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အထက် ၁ ပေခွဲခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေအမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်းနှင့် ပခုက္ကူမြို့တွင်နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ရေ အခြေအနေ (ညောင်ဦးမြို့)



ဧရာဝတီမြစ်ရေ အခြေအနေ (ပခုက္ကူမြို့)




# ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေ မြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိပြီး နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြထားရှိသည်။

**(သတင်းစဉ်)**

ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)



# ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ မုံရွာနှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် လေးပေခန့်၊ ဖောင်းပြင်မြို့တွင် ခြောက်ပေခန့်၊ မော်လိုက်မြို့တွင် ကိုးပေခန့်၊ ကလေးဝမြို့တွင် ခုနစ်ပေခန့်၊ မင်းကင်းမြို့တွင် ခြောက်ပေခွဲခန့်နှင့် မုံရွာမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့တွင် တစ်ပေခန့်နှင့် မုံရွာမြို့တွင် ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြပါရန် အကြံပြုထားသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# ခန္တီးမြို့ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဧရာဝတီမြစ်ရေ ဟင်္သာတမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဟင်္သာတခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# မြိုတိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ဇူလိုင်မိုးက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်း ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံခညောင်းပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေလို့ ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်-**

ကျွန်မကတော့ ၂၀၁၅ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ဒေါ်လာပက်(ခေါ်) ဒေါ်ဇူလိုင်မိုး ဖြစ်ပါတယ်။ အခုလို ရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့် မိမိတို့ မြိုတိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီရဲ့ မူဝါဒသဘောထားလုပ်ငန်းစဉ်များကို တင်ပြဟောပြောခွင့်ရရှိတဲ့အတွက် နိုင်ငံတော်နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ရှင့်-**

မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီဟာ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)ကို အမည်ပြောင်းလဲထားတဲ့ပါတီ ဖြစ်ပါတယ်။

မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီရဲ့ ပါတီသက်တမ်းဟာ ယခုအခါ (၂၇) နှစ်ကျော်လာပြီဖြစ်သည်နှင့်အညီ ရခိုင်ပြည်နယ်ကို အခြေခံပြီး ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ပေါက်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်တို့ကို စုစည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းထားတဲ့အပြင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်များကိုပါ စည်းရုံးပေါင်းစည်းထားတဲ့ မြိုတိုင်းရင်းသားလူမျိုးသီးသန့် တည်ထောင်ထားသော တိုင်းရင်းသားပါတီတစ်ပါတီ ဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဦးဆောင်ဦးရွက်ပြုပြီး ၂၀၁၅ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ကျွန်မတို့မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ကျောက်တော်မြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၊ မြောက်ဦးမြို့နယ် မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊ ပေါက်တောမြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊ ပုဏ္ဏားကျွန်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊ ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦး စုစုပေါင်း ခြောက်ဦး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

၁၉၉၀ ခုနှစ်တွင် ကျင်းပပြုလုပ်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့် ၂၀၁၀ ခုနှစ်တွင် ကျင်းပပြုလုပ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာလည်း မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (ပါတီ) မှ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်က ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ဤပါတီကိုယ်စားပြုပါတီဥက္ကဋ္ဌ ဦးစံသာအောင်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံ အနိုင်ရခဲ့ပြီး ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် ရန်ကုန်မြို့ သမ္မတအိမ်တော်ဝင်း အတွင်း ကျင်းပပြုလုပ်တဲ့ အမျိုးသားညီလာခံကျင်းပရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးတွင် ပါတီဥက္ကဋ္ဌ ဦးစံသာအောင်မှ တက်ရောက်အကြံပြုနိုင်ခဲ့ပြီး ၁၉၉၃ ခုနှစ် စတင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံသို့ ပါတီကိုယ်စားပြု အရွေးချယ်ခံကိုယ်စားလှယ်အဖြစ် ဦးစံသာအောင်နှင့်အတူ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၅)ဦးတက်ရောက်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ခဲ့ပါတယ်။

ယနေ့တိုင် စိန်ခေါ်မှုများစွာကို ကျော်လွှားရင်ဆိုင်ဖြေရှင်းရင်း မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအမည်ဖြင့် ကြံ့ကြံ့ခံရိုးသားပြတ်သားစွာ ရပ်တည်လျက် အမျိုးသားနိုင်ငံရေးခရီးကို ဆက်လက်လှမ်းလျှောက်နေဆဲဖြစ်ပါတယ်။ မုန်တိုင်းသဘာဝဘေးအန္တရာယ်ကြောင့် သတ်မှတ်ထားတဲ့ အရေအတွက်အတိုင်း ပလက်ဝမြို့နယ်မှ ရွေးကောက်ပွဲဝင်ရောက်နိုင်ခြင်းမရှိခဲ့တဲ့အတွက် မြိုတိုင်းရင်းသားပြည်သူများကို အနူးအညွတ် မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။

တရားမျှတတဲ့ ရွေးကောက်ပွဲကြီး ပြီးမြောက်အောင်မြင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ တာဝန်ရှိသလို ကျွန်မတို့ပါတီတွေမှာလည်း တာဝန်ရှိမှာဖြစ်ပါတယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲကြီးအောင်မြင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကို လေးစားလိုက်နာရမှာဖြစ်ပါတယ်။ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို ပါတီတိုင်း ပါတီတိုင်းက ဖန်တီးနိုင်ခဲ့ရင် မဲဆန္ဒရှင်ပြည်သူများကလည်း သူတို့ကြိုက်နှစ်သက်ပြီး အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို အေးချမ်းစွာ ဆန္ဒမဲပေးရွေးချယ်နိုင်ကြမှာဖြစ်ပါတယ်။ ပါတီတိုင်း ပါတီတိုင်းဟာ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် ကျင့်ဝတ်များကို အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းနိုင်ခဲ့ရင် မိမိပါတီရဲ့ ဂုဏ်သိက္ခာကိုသော်လည်းကောင်း၊ တရားမျှတတဲ့ ရွေးကောက်ပွဲကြီးအောင်မြင်ရေးကိုသော်လည်းကောင်း၊ မိမိတို့ရဲ့ ကိုယ်စားလှယ်လောင်းတွေ အနိုင်ရရှိရေးကိုသော်လည်းကောင်း လွန်စွာ အထောက်အကူပြုနိုင်မယ်လို့ မြင်မိပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားလုပ်သားပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအနေဖြင့် ပါတီရဲ့ ချမှတ်ထားတဲ့ မူဝါဒပန်းတိုင်လုပ်ငန်းစဉ်တွေကို ဖြည်းဖြည်းနှင့်မှန်မှန် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားနိုင်ငံရေးဖြစ်သည့်အားလျော်စွာ ပါတီရေရှည်တည်တံ့ခိုင်မြဲရေး၊ အခြားတိုင်းရင်းသားများနည်းတူ တန်းတူအခွင့်အရေး ရရှိရေးကို အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မိမိတို့ မြိုတိုင်းရင်းသားများ ရင်ကြားစေ့ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပေါင်းစည်းရေးကို ဦးတည်ကြိုးပမ်းသွားမှာဖြစ်သလို ၂၀၁၄ ခု ပြည်လုံးကျွတ်ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းအရ တစ်နိုင်ငံလုံး လူဦးရေ စုစုပေါင်းစာရင်းကို အခြေခံပြီး မြန်မာ့နိုင်ငံရေးအခင်းအကျင်းနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီအရွေ့မှာ မြိုတိုင်းရင်းသားရေးရာဝန်ကြီး အိပ်မက်ကိုလည်း မျှော်မှန်းထားဆဲဖြစ်ပါတယ်။

ထို့ကြောင့် ပါတီတိုင်းက ရိုးသားခြင်း၊ နိုးကြားခြင်းနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို လက်ကိုင်ထားကြစေချင်သလို ကိုယ်စားလှယ်လောင်းတွေကလည်းပဲ အသည်းထဲက မဲတစ်ပြားရရှိရေးအတွက် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို နိုင်ငံတော်၏အကျိုးကို ရှေးရှုလျက် ပါဝင်ယှဉ်ပြိုင်ကြစေလိုပါတယ်။

**လေးစားအပ်ပါသော ပြည်ထောင်စုတိုင်းရင်းသားပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီဟာ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများရဲ့ အကျိုးကိုရှေးရှု၍ မူဝါဒစည်းကမ်းစည်းမျဉ်း ရည်မှန်းချက်လုပ်ငန်းစဉ်များကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**မူဝါဒ**

၁။ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာသည့် အမျိုးသားနိုင်ငံရေးကို ကျင့်သုံးမည်။

၂။ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် စစ်မှန်သော ဒီမိုကရေစီထွန်းကားရှင်သန်လာရေးကို တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်သော မူဝါဒကိုကျင့်သုံးမည်။

၃။ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် ရည်မှန်းချက်တူညီပါက နိုင်ငံအကျိုး၊ ပြည်သူအကျိုးကို မျက်ခြည်ပြတ်မခံဘဲ မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်သော မူဝါဒကိုကျင့်သုံးမည် ဖြစ်ပါတယ်။

**ရည်မှန်းချက်**

၁။ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

၂။ မိမိတို့ကံကြမ္မာကို မိမိတို့ လွတ်လပ်စွာဖန်တီးနိုင်ရေးမှာ တိုင်းရင်းသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်၍ ဦးလည်မသုန်ထမ်းရွက်ရန်။



၃။ တိုင်းရင်းသားများ အခွင့်အရေးနှင့် တန်းတူရေးသည် စစ်မှန်သော ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည်ဟု ခံယူရန်။

၄။ စစ်မှန်သော ဒီမိုကရေစီ ထွန်းကားလာရေးနှင့် ဖက်ဒရယ်မူဘောင်တစ်ရပ် ပေါ်ပေါက်ကျင့်သုံးနိုင်ရေးကို ပူးပေါင်းဆောင်ရွက်ရန်။

၅။ ပင်လုံစိတ်ဓာတ်ကိုအခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အခိုင်အမာတည်ဆောက်သွားရန်တို့ ဖြစ်ပါတယ်။

**လုပ်ငန်းစဉ်များ**

၁။ မိမိတို့တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းစဉ်လာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် စာပေများကို ထိန်းသိမ်းတီထွင်နိုင်ရေး ကြိုးပမ်းသွားရန်။

၂။ ပြန့်ကျဲစွာ ရပ်တည်နေသော မိမိတို့ တိုင်းရင်းသားလူမျိုးတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တစိုက်မတ်မတ် ဆောင်ရွက်ရန်။

၃။ အစဉ်တိုးတက်ပြောင်းလဲနေသော ခေတ်ရေစီးနှင့်အညီ ဘဝစွမ်းဆောင်ရည်မြင့်မားရေး မိရိုးဖလာလုပ်ငန်းစဉ်များနှင့် ခေတ်မမီတော့သည့် အပေါ်ထပ် အဆောက်အအုံများတွင် ခေတ်မီနည်းပညာရပ်ဆိုင်ရာ လုပ်ငန်းရပ်များ အစားထိုးပြုပြင်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ရန်။

၄။ မိမိတို့ တိုင်းရင်းသားလူမျိုးဘဝကို ညီအစ်ကိုတိုင်းရင်းသားများ သိရှိနားလည်စေပြီး အချင်းချင်း ကူညီရိုင်းပင်းမှု၊ ချစ်ကြည်မှုရရှိစေရေး ကြိုးပမ်းရန်။

၅။ အမျိုးသမီးအခန်းကဏ္ဍမြှင့်တင်ရန်နှင့် မျိုးဆက်သစ်လူငယ်များ မွေးထုတ်ရန်။

၆။ ဆန်းသစ်သော အတွေးအခေါ်နှင့် ခေတ်မီသော အိုင်တီပညာရပ်များကို ဖိတ်ခေါ်ပြီး လူသားအရင်းအမြစ် ပေါ်ထွက်လာရေး အလေ့အကျင့် စီမံပေးရန်။

၇။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မိမိခြေထောက်ပေါ်မိမိ ရပ်တည်နိုင်ရေး အတွက် အခိုက်အတန့် နိုင်ငံတော်အကူအညီကိုရယူရန် စသည်တို့ဖြစ်ပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားလုပ်သားပြည်သူအပေါင်းတို့ရှင့်-**

ပါတီတိုင်း ပါတီတိုင်းအား မိမိတို့ရဲ့ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တွေ ချမှတ်ပြီး နိုင်ငံအကျိုး၊ လူမျိုးအကျိုး၊ ပါတီအကျိုးတွေအတွက် ကိုယ်စီကိုယ်င ဆောင်ရွက်နေကြတာဟာ သမိုင်းပေးတာဝန်တွေကို ထမ်းရွက်နေကြတာဖြစ်ပါတယ်။

အလှမ်းမဝေးတော့တဲ့ ၂၀၁၅ ခု နိုဝင်ဘာလ ၈ ရက်နေ့ ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ ကျွန်မတို့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအပါအဝင် ပါတီပေါင်း ၉၀ ကျော် ယှဉ်ပြိုင်အရွေးခံကြမယ်လို့ သိရှိရပါတယ်။

ကျွန်မတို့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီဟာ မြိုတိုင်းရင်းသား မျိုးနွယ်စုများအားလုံးရဲ့ အစဉ်အလာကြီးမားခဲ့တဲ့ သမိုင်းဝင်ပါတီတစ်ခုဖြစ်ပါတယ်။ ခေါင်းဆောင်ပီသခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ တည်ကြည်ခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ ရိုးရာဒဏ္ဍာရီအရ အဓိပ္ပာယ်ရှိတဲ့ ငှက်တော်အထိမ်းအမှတ်တံဆိပ်ကို အသုံးပြုထားပါတယ်။ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီရဲ့ ဆောင်ပုဒ်ကတော့ “ညီညွတ်မှုဖြင့် ဒီမိုကရေစီလမ်းစဉ်သို့ လျှောက်လှမ်းကြပါစို့” ဖြစ်ပါတယ်။

မြိုတိုင်းရင်းသားတို့အနေဖြင့် လူမှန်၊ နေရာမှန် ထက်မြက်အနစ်နာခံသော ကိုယ်စားလှယ်လောင်းများကို ရွေးချယ်မဲပေးကြပါရန်နှင့် မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီကို မဲပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။

**တိုင်းရင်းသားလုပ်သားပြည်သူအပေါင်း ရွှင်လန်းချမ်းမြေ့ကြပါစေ**
**အားလုံးကို ကျေးဇူးတင်ရှိပါတယ်ရှင့်။**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဟန်ရွှေ က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ဖွဲ့စည်းထူထောင်လာခဲ့တာဟာ ယခုဆိုရင် သက်တမ်း (၂၇)နှစ် ပြည့်မြောက်တော့မှာဖြစ်ပါတယ်။ ဆယ်စုနှစ်သုံးခုကြာ စည်းလုံးညီညွတ်ပြီး တည်ငြိမ်ခိုင်မာစွာ ရပ်တည်ထားနိုင်တဲ့ပါတီဖြစ်ပါတယ်။

ဒီလိုတည်ငြိမ်ခိုင်မာပြီး စည်းလုံးညီညွတ်စွာနဲ့ ရပ်တည်ထားနိုင်ခြင်းဟာ ကျွန်တော်တို့ပါတီကို တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနဲ့ ဖွဲ့စည်းထားတဲ့ ပါတီမဟုတ်ဘဲ ပါတီရဲ့မူဝါဒ၊ လမ်းစဉ်ကျင့်စဉ်များကို စနစ်တကျနဲ့ ချမှတ်ကျင့်သုံး အကောင်အထည်ဖော်နေနိုင်လို့ ဖြစ်ပါတယ်။

ပါတီရဲ့မူဝါဒက လူအများကောင်းစားရေးမူဝါဒဖြစ်ပြီး ဒီမူဝါဒကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် ပြည်သူအကျိုးပြု မြန်မာ့လမ်းစဉ်ကို ချမှတ်ထားပါတယ်။ ဒီလမ်းစဉ်ကို အကောင်အထည်ဖော်ရာမှာ အမှားအယွင်းနည်းနိုင်သမျှနည်းပြီး အစွန်းတရားတွေကို ရှောင်ရှားနိုင်ဖို့အတွက် မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ကျင့်သုံးလျက်ရှိပါတယ်။ ဒီလိုပါတီရဲ့မူဝါဒ လမ်းစဉ် ကျင့်စဉ်တို့ကို ဟန်ချက်ညီညီ ကျင့်သုံးဖော်ဆောင်နေတာကြောင့် ကျွန်တော်တို့ပါတီဟာ တည်ငြိမ်ခိုင်မာပြီး စည်းလုံးညီညွတ်စွာနဲ့ ယခုလို ရပ်တည်နေနိုင်ခြင်းဖြစ်တယ်ဆိုတာ မဲဆန္ဒရှင်ပြည်သူများ အကဲခတ်နိုင်စေဖို့ အသိပေးတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မကြာတော့မယ့်ကာလမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပါတော့မယ်။ မဲဆန္ဒရှင်များအနေနဲ့လည်း မိမိတို့ကတာဝန်ပေးမယ့် ကိုယ်စားလှယ်တွေကို ဆန္ဒပေးပြီး ရွေးချယ်ပေးရတော့မှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေနဲ့ မိမိတို့ကိုယ်စားလှယ်တွေကို ရွေးချယ်ဖို့ စဉ်းစားဆုံးဖြတ်ရာမှာ အထောက်အကူပြုလေ့လာနိုင်စေဖို့ ကျွန်တော်တို့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ ရွေးကောက်ပွဲကြေညာစာတမ်းကို ကြိုတင်အသိပေးဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲကြေညာစာတမ်းဟာ ယခုရွေးကောက်ပွဲမှာ ပြည်သူလူထုက အခွင့်အာဏာအပ်နှင်းခဲ့ရင် မဲဆန္ဒရှင်ပြည်သူများအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးရှိတိုးတက်အောင် ဆောင်ရွက်မယ့်ပါတီရဲ့သဘောထားလုပ်ငန်းစဉ်များပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းပါ အချက်အလက်အချို့ကို အကျဉ်းချုံးပြီး တင်ပြသွားပါမယ်။

မကြာခင်ကာလက ကျွန်တော်တို့နိုင်ငံမှာ တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၂ ခုအတွင်း ရေဘေးကပ်ဆိုးကြီးနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီဒေသမှာရှိတဲ့ တောင်သူလယ်သမားမိသားစုများနဲ့ ကျေးလက်နေလုပ်သားပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ကြရပါတယ်။ အစိုးရနဲ့ နိုင်ငံသူ နိုင်ငံသားအသင်းအဖွဲ့များအားလုံးကလည်း စေတနာဝေဖြာစွာနဲ့ ဝိုင်းဝန်းကူညီခဲ့ကြပါတယ်။ ဒါပေမယ့် တောင်သူလယ်သမားများနဲ့ ကျေးလက်နေလုပ်သားပြည်သူတွေရဲ့ နေရေးထိုင်ရေးနဲ့ လူမှုဘဝ မူလအခြေအနေပြန်လည်ရောက်ရှိစေဖို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဦးစားပေးပြီး အချိန်ယူလုပ်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးအသက်သွေးကြောဖြစ်တဲ့ လယ်ယာကဏ္ဍမှာ သီးနှံစိုက်ဧက တစ်သန်းကျော် ထိခိုက်ခဲ့ပြီး ဧကရှစ်သိန်းကျော် ပျက်စီးခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေရဲ့ လယ်ယာစီးပွားရေးဘဝပြန်လည်နာလန်ထူအောင်လုပ်ဆောင်ရမယ်ဆိုတာ အဓိက ဦးစားပေးလုပ်ငန်းအဖြစ် ကျွန်တော်တို့ပါတီက သတ်မှတ်ထားပါတယ်။

ဒ့ါအပြင် ရေဘေးကြောင့် ပျက်စီးသွားတဲ့ လမ်း၊တံတား၊ အဆောက်အအုံ၊ လျှပ်စစ်ဆက်သွယ်မှုစတဲ့ အခြေခံအဆောက်အအုံများကို မူလအခြေအနေပြန်ရောက်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါဟာလည်း ဦးစားပေးလုပ်ငန်းအဖြစ် ကျွန်တော်တို့သတ်မှတ်ထားပါတယ်။

ဆက်လက်ပြီး တောင်သူလယ်သမားတွေနဲ့ ရင်ဆိုင်နေရတဲ့ လယ်ယာမြေပြဿနာများနဲ့ ပတ်သက်လို့ အရေးကြီးတဲ့အချက်ကို လုပ်ဆောင်မယ်ဆိုရင် "လယ်သမားလုပ်တဲ့မြေ၊ လယ်သမားပိုင်ဆိုင်ရေး" ဖြစ်အောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီကနေ့ တွေ့ကြုံနေရတဲ့ လယ်ယာမြေပြဿနာတွေဟာ လယ်သမားကို လုပ်ကိုင်ခွင့်သာပေးထားတဲ့ မြေယာမူဝါဒအပေါ်မှာ အခြေခံနေပါတယ်။ နိုင်ငံတော်မှာ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးဖို့ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် မြေယာမူဝါဒဟာဈေးကွက်စီးပွားရေးအခြေခံများနဲ့ ကိုက်ညီဖို့ လိုပါတယ်။ ဒါကြောင့် "လယ်သမားလုပ်တဲ့မြေ လယ်သမားပိုင်ဆိုင်ရေးအတွက် ဥပဒေနည်းလမ်း၊ နိုင်ငံရေးနည်းလမ်းများနဲ့အညီ ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။"

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းဆူပူသောင်းကျန်းမှုတွေကြောင့် တိုင်းရင်းသားပြည်သူအပေါင်းဟာ ဒုက္ခမျိုးစုံကို နှစ်ပေါင်း(၆၀)လောက် ခါးစည်းခံစားခဲ့ကြရပါတယ်။ ဒါကြောင့် ထာဝရငြိမ်းချမ်းရေးဟာ ကျွန်တော်တို့နိုင်ငံအတွက်ရော၊ တိုင်းရင်းသားပြည်သူတွေအတွက်ပါ အလိုအပ်ဆုံး ဖြစ်နေပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပဖို့ ညှိနှိုင်းဆောင်ရွက်နေကြရပါတယ်။ ကျွန်တော်တို့ပါတီဟာ ဒီထာဝရငြိမ်းချမ်းရေးရရှိစေဖို့ အကောင်အထည်ဖော်ရေးလုပ်ငန်းတွေမှာ တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်လျက်ရှိနေပါတယ်။

ထာဝရငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်သူများအနေနဲ့လည်း မိမိတို့ရဲ့အတ္တနဲ့ မာန်မာနများကို စွန့်ပယ်ပြီး ဒုက္ခဆင်းရဲမှုအဖုံဖုံနဲ့ တွေ့ကြုံခံစားနေကြရတဲ့ ပြည်သူတွေရဲ့မျက်နှာတစ်ခုတည်းကိုသာကြည့်ပြီး ဆောင်ရွက်ပေးဖို့ တိုက်တွန်းလျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ထာဝရငြိမ်းချမ်းရေးရရှိဖို့ အဓိကလိုအပ်ချက်ဟာ တိုင်းရင်းသားတွေအချင်းချင်း ယုံကြည်မှုရှိရေးနဲ့စည်းလုံးညီညွတ်ရေးပဲဖြစ်ပါတယ်။

ဒီလိုအပ်ချက်ရရှိရေးအတွက် တိုင်းရင်းသားများအရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ပါတီရဲ့ သဘောထား (၄)ချက်ကို တင်ပြပါမယ်။

(၁) **တိုင်းရင်းသားများအတွင်း တန်းတူရည်တူရှိရေး** ဒီအချက်ကို ဖော်ဆောင်ရာမှာ တိုင်းရင်းသားတွေအတွင်း လူမျိုးကြီး၊ လူမျိုးငယ်မခွဲခြားစေရေး၊ မည်သည့်တိုင်းရင်းသားမှ အခွင့်ထူးခံမရှိစေရေး၊ တိုင်းရင်းသားများအတွင်း ခေါင်းပုံမဖြတ်ရေး၊ လူညွန့်မခူးရေး၊ ဥပဒေအရာမှာ တူညီရေးအချက်များ ပါဝင်မှာဖြစ်ပါတယ်။

(၂) **တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိစေရေး** ဒီအချက်နဲ့ ပတ်သက်ပြီး တိုင်းရင်းသားတွေအနေနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ပိုင်ခွင့်တွေ တိုးမြှင့်ပေးပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပီပြင်အောင် ဖော်ဆောင်သွားရမှာဖြစ်ပါတယ်။

(၃) **တိုင်းရင်းသားလူမျိုးတစ်မျိုးအနေနဲ့ ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေး** ဒီအချက်နဲ့စပ်လျဉ်းလို့ကတော့ လူမျိုးတစ်မျိုးအနေနဲ့ လူမျိုး၊ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးတမ်း၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာများ ပျောက်ပျက်မသွားအောင် ထိန်းသိမ်းရေးနဲ့ ပိုမိုရှင်သန်လာရေးအတွက် ဆောင်ရွက်ခွင့်များရရှိအောင် လုပ်ဆောင်သွားပါမယ်။

(၄) **တိုင်းရင်းသားလူမျိုးများအတွင်း ညီညာတဲ့ဖွံ့ဖြိုးတိုးတက်ခွင့်ရှိစေရေး** ဒီအချက်ဟာအရေးကြီးပါတယ်။ လူမျိုးတစ်မျိုးနဲ့တစ်မျိုး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များအကြား သယံဇာတ၊ ခနဉစ္စာခွဲဝေသုံးစွဲခွင့် ညီညွတ်မျှတရေးကိုပါ ညှိနှိုင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ဒီအချက်တွေနဲ့အညီ ရပ်တည်သွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့အတူ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

တစ်မျိုးသားလုံးရဲ့ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကျွန်တော်တို့ပါတီက "လွတ်လပ်သော အမျိုးသားစီးပွားရေးမူဝါဒ"ကို ချမှတ်ဆောင်ရွက်သွားပါမယ်။ ဒီမူဝါဒအရ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုစတဲ့ စီးပွားရေးဆောင်တာအရပ်ရပ်မှာ လွတ်လပ်စွာဆောင်ရွက်နိုင်ရပါမယ်။ နိုင်ငံတကာနဲ့ ဆက်သွယ်ဆောင်ရွက်ရာမှာ အချုပ်အခြာအာဏာပိုင်မှုအရ လွတ်လပ်ပွင့်လင်းစွာ ဆောင်ရွက်နိုင်မယ့်နည်းစနစ်တွေ ပါဝင်စေရပါမယ်။ ပုဂ္ဂလိကအခန်းကဏ္ဍမှာ တစ်မျိုးသားလုံး လွတ်လပ်စွာပါဝင်ဆောင်ရွက်ခွင့်ရှိစေရပါမယ်။

ဒီစီးပွားရေးမူဝါဒအရ တိုင်းပြည်ရဲ့ နေဖွံ့ဖြိုးတိုးတက်လာဖို့ဆိုရင် ဈေးကွက်ယန္တရားကိုကျင့်သုံးပြီး ဖြစ်ထွန်းလာတဲ့နေအင်အားကို ခွဲဝေခံစားရာမှာတော့ တိုင်းရင်းသားပြည်သူတွေအတွင်းမှာ ဖွံ့ဖြိုးမှုနဲ့ မျှတမှုကို ဆက်စပ်ဦးတည်ရှေးရှုတဲ့ "လူမှုသဟဇာတမျှတစေမယ့် ဈေးကွက်စီးပွားရေးစနစ် (Social Market Economy)ကို ကျင့်သုံးဆောင်ရွက်" သွားပါမယ်။

ကျွန်တော်တို့ရဲ့ စီးပွားရေးမူဝါဒအရ ခင်မင်ရင်းနှီးရာ ကောင်းစားရေး လက်ဝါးကြီးအုပ်အရင်းရှင်စနစ် မဖြစ်ပေါ်ရန် ကာကွယ်သွားမှာဖြစ်သလို စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖြစ်ထွန်းလာရေးနဲ့ နိုင်ငံတကာနယ်ပယ်မှာ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စွမ်းဆောင်ရှင် (National Champions) များ ပေါ်ထွန်းရေးကိုလည်း အားပေးကူညီသွားမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ဆက်လက်ပြီး အလုပ်သမားများနဲ့ပတ်သက်တဲ့ သဘောထားများကို တင်ပြပါမယ်။ စီးပွားရေးနယ်ပယ်တွေမှာ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းရေး၊ လုပ်ငန်းခွင်တိုင်းမှာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုကျင့်သုံးရေးတို့ကို ဆောင်ရွက်သွားပါမယ်။ ဒ့ါအပြင် အလုပ်သမားများအပေါ် မတရားခြယ်လှယ်မှု ကင်းစင်ရေး စတဲ့ အလုပ်သမားအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်။

လူငယ်များနဲ့ ပတ်သက်လို့ လူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာအောင် ဆောင်ရွက်ရေးဟာ ဒီကနေ့ လူငယ်တွေအတွက် လိုအပ်ချက်ဖြစ်ပါတယ်။ လူငယ်တွေ မိမိတို့အသိ အတတ်ပညာကျွမ်းကျင်မှုနဲ့အညီ လုပ်ငန်းတာဝန်များထမ်းဆောင်နိုင်ရေးအတွက် ပညာရေးအခန်းကဏ္ဍများမှာ ငွေကြေးပိုမိုသုံးစွဲပြီး နိုင်ငံတကာရဲ့အဆင့်မြင့်ပညာရပ်များကို ဆက်သွယ်ပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းတွေ ချိတ်ဆက်ပါဝင်နိုင်အောင် ပညာရေးပြုပြင်ပြောင်းလဲရေးခံယူချက်နဲ့ လေ့လာဆောင်ရွက်သွားပါမယ်။

အမျိုးသမီးများရဲ့အင်အားဟာ နိုင်ငံအတွက်အရေးပါတဲ့အင်အားစုကြီးဖြစ်နေပါတယ်။ နိုင်ငံနယ်ပယ်အသီးသီးမှာ အမျိုးသမီးများတန်းတူရည်တူနဲ့ ပိုမိုအဆင့်မြင့်ပါဝင်လာနိုင်ရေး၊ အထူးသဖြင့် အမျိုးသမီးများ၏ အားနည်းချက်ကို အခွင့်အရေးယူကာ ဖြစ်ပေါ်နေသော လူကုန်ကူးမှု၊ အကြမ်းဖက်ခံရမှု အန္တရာယ်များကို ကာကွယ်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား -**

ယနေ့ တိုင်းရင်းသားပြည်သူများရဲ့ဆန္ဒဟာ ဘာတွေလဲလို့လေ့လာဆန်းစစ်ကြည့်ရင် ငြိမ်းချမ်းရေး၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ လွတ်လပ်မှုနဲ့ အခြေခံလူ့အခွင့်အရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေး၊ ကုန်ဈေးနှုန်းများ တည်ငြိမ်ရေး၊ လာဘ်ပေးလာဘ်ယူပပျောက်ရေး၊ လယ်သမားများလုပ်တဲ့မြေ လယ်သမားပိုင်ဆိုင်ရေးနဲ့ အလုပ်သမားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ တိုင်းရင်းသားပြည်သူများရဲ့ ဒီဆန္ဒများကိုအလေးထားဖော်ဆောင်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား -**

၂၀၁၅ ခုနှစ် ဒီမိုကရေစီရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် မဲဆန္ဒရှင်ပြည်သူများ လေ့လာအကဲခတ်နိုင်စေဖို့ ပါတီရဲ့သဘောထားနဲ့ လုပ်ငန်းစဉ်များကို အကျဉ်းချုပ်တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် မဲဆန္ဒရှင်ပြည်သူများက နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးကို အမှန်အကန်သယ်ပိုးပေးနိုင်မယ့် ကျွန်တော်တို့ပါတီရဲ့ကိုယ်စားလှယ်တွေကို ဆန္ဒပေးရွေးချယ်ပေးနိုင်ကြပါစေလို့ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**"တို့များရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ"**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ . . . မင်းမဲ့စရိုက်နှင့် အကြမ်းဖက်ဝါဒကို လုံးဝဆန့်ကျင်သည်။

ပြည်သူတို့အတွက် စစ်မှန်သော ဒီမိုကရေစီ အမှန်မုချရစေမည်။

ပြည်နယ်များရဲ့ အလေးထားမည်. . . ဖြူစင်သောတန်းတူရည်တူစိတ်ထားတူညီ တိုင်းရင်းသားဂုဏ်ရည်မြှင့်တင်ကြစို့အတည် သွေးစည်းခိုင်မာမခွဲတမ်းနေမှ အချုပ်အခြာအာဏာ တည်တံ့မယ်ယုံကြည် မြန်မာရွှေပြည် အဖြာဖြာဝေစည် သာယာစေမည်။

တို့များရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
(တို့များရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)

# လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးယောသပ်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော ရေဒီယိုနှင့် ရုပ်မြင်သံကြား ဖန်သားပြင်ပေါ် ကြည့်ရှုအားပေးကြပါသော မိဘပြည်သူ မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား-**

ယခုလို မိမိတို့ရဲ့ မူဝါဒသဘောထားနဲ့ လုပ်ငန်းစဉ်များကို စည်းရုံးဟောပြောထုတ်လွှင့်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်တော့်နာမည်ကတော့ ဦးယောသပ်ဖြစ်ပါတယ်။

**“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”**ရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။

**“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”**သည် လားဟူ တစ်မျိုးသားလုံးကို ကိုယ်စားပြုပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”**အနေနဲ့ လားဟူတိုင်းရင်းသားအများဆုံးနေထိုင်တဲ့ ဒေသအတွင်း မြို့နယ် ၁၁ မြို့နယ်အတွင်း အမျိုးသားလွှတ်တော်(၁)နေရာ၊ ပြည်သူ့လွှတ်တော်(၉)နေရာ၊ ပြည်နယ်လွှတ်တော်(၁၈)နေရာနဲ့ လားဟူတိုင်းရင်းသားလူမျိုးလွှတ်တော်(၁)နေရာ အားလုံးပေါင်း (၂၉) နေရာ ဝင်ရောက်အရွေးခံသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”**ရဲ့ မူဝါဒသဘောထားများမှာ-

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတစ်ရပ်အဖြစ် တည်ဆောက်ရာတွင် စစ်မှန်သော ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးမှသာ အောင်မြင်မှု ရရှိမည်ဟု မိမိတို့ပါတီအနေဖြင့် ယုံကြည်ပါတယ်။

ယင်းကဲ့သို့ ဒီမိုကရေစီစနစ်ဖြင့် ကျင့်သုံးသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် လားဟူအမျိုးသားများ နေထိုင်ရာ ဒေသအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသား လူမျိုးပေါင်းစုံ၏ စည်းလုံးညီညွတ်မှုအင်အားကို ရယူနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ရန် **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”**ကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”**ကို လားဟူဘာသာဖြင့် **(လားဟူချောကျူအူလာမူလာတူပါတီ)** ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် **(Lahu National Development Party)** ဟူ၍လည်းကောင်း ခေါ်ဆိုပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”**ရဲ့ အလံတော်အကြောင်းကို တင်ပြသွားမှာဖြစ်ပါတယ်။

အလံတွင်ပါဝင်သော အရောင်၊ တြိဂံ၊ ဘူးခါးပလွေ၊ စပါးနှံနှင့် ကြယ်နီတစ်ပွင့်တို့ရဲ့ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်ပါတယ် -

အဖြူရောင် - ကတော့ ဖြူစင်သန့်ရှင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကတိသစ္စာရှိခြင်းအသွင်ကို ဆောင်ပါတယ်။

အနီရောင် - ကတော့ ရဲစွမ်းသတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်း၊ ရဲရင့်တည်ကြည်ခြင်းကို ဖော်ဆောင်ပြီး၊

မိုးပြာရောင် - ကတော့ ကြည်လင်အေးမြခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကို ဖော်ညွှန်းပါတယ်။

တြိဂံ - သည် လားဟူအမျိုးသားများ၏ ဘုရားတရားကို သက်ဝင်ယုံကြည်ကိုင်းရှိုင်းခြင်း၊ မျိုးချစ်စိတ်ရှိခြင်းနှင့် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးခြင်းတို့ကို ဆိုလိုပါတယ်။

ဘူးခါးပလွေ - ကတော့ ခေတ်အဆက်ဆက်မှ လားဟူအမျိုးသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု စည်းလုံးညီညွတ်မှု အသွင်ဆောင်လျက် အထွတ်အမြတ်ထားခြင်း၊ ကတိသစ္စာရှိခြင်း၊ မည်သည့်နေ့ထူးနေ့မြတ်ပွဲလမ်းသဘင်တွင်မဆို ဘူးခါးပလွေတီးမှုတ်လျက် တစည်းတလုံးတည်းဖြင့် ဂုဏ်ပြုကခုန်ပြီး စည်းလုံးညီညွတ်မှုကို ခံယူပါတယ်။

စပါးနှံ - သည် လားဟူအမျိုးသားတို့ရဲ့ ဘိုးဘေးဘီဘင် ခေတ်အဆက်ဆက်မှ အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို ဦးထိပ်ထားလျက် ဖွံ့ဖြိုးတိုးတက်ရေးအသွင်ကို ဆောင်ပါတယ်။

ကြယ်နီတစ်ပွင့် - ကတော့ လားဟူတစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ကြယ်နီတစ်ပွင့်ဖြစ်ပါတယ်။

## “လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ” ရဲ့ ရည်ရွယ်ချက်မှာ -

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ နယ်နိမိတ်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင် တည်ရှိစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေး၊ မြန်မာ့လွတ်လပ်ရေး အစွန့်ရှည်ရေး စသည်တို့ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားရန်။

(၂) လားဟူတိုင်းရင်းသား လူမျိုးစုရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ အနုပညာဖွံ့ဖြိုးတိုးတက် ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားရန်။

(၃) နိုင်ငံသားတိုင်း အခွင့်အရေးတန်းတူရရှိမှုနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသဖော်ဆောင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်။

(၄) ခေတ်အဆက်ဆက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသော လားဟူအမျိုးသားများနေထိုင်ရာဒေသ၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်အောင် ဆောင်ရွက်သွားရန်။

(၅) နိုင်ငံတော်နှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများမှ အကျိုးရှိမည့် အတွေ့အကြုံများ၊ လုပ်နည်းလုပ်ဟန်များကို ရယူကျင့်သုံးအကောင်အထည်ဖော်သွားရန်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## “လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”၏ ရှေ့လုပ်ငန်းစဉ်များ

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လားဟူအမျိုးသားများ နေထိုင်ရာဒေသအတွင်းရှိ နယ်သူနယ်သားများအား နိုးကြားတက်ကြွသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးအမြင်ရှိလာစေရန်နှင့် မိမိတို့ နိုင်ငံရေးပါတီ၏ ဂုဏ်သိက္ခာအစဉ်အမြဲ တိုးတက်ရှင်သန်လာစေရေးအတွက် စည်းရုံးလေ့ကျင့်ပြုစုပျိုးထောင်သွားမည်။

(၂) တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးနှင့် နယ်မြေဒေသဖော်ဆောင်ရေး၊ လူသားအားလုံးကို ဆင်းရဲဒုက္ခရောက်စေသော အကြမ်းဖက်စနစ်ကို စွန့်လွှတ်ပြီး တရားမျှတ၍ ငြိမ်းချမ်းသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေဘောင်အတွင်း မှန်ကန်စွာဖြင့် အဖြေရှာနိုင်ရေးအတွက် စည်းရုံးသိမ်းသွင်းလုပ်ဆောင်သွားမည်။

(၃) မိမိပါတီအနေဖြင့် ရည်ရွယ်ချက်၊ ခံယူချက်နှင့် အတွေးအခေါ်အမြော်အမြင်တူညီသော မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းနှင့်မဆို တန်းတူရည်တူ ရင်းနှီးစွာဆက်ဆံပြီး အခါအားလျော်စွာ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ရိုင်းပင်းကူညီခြင်းများ ပြုလုပ်သွားမည်။

(၄) မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါး၊ ဘိန်းတို့ကို နယ်သူနယ်သားများက ဘိုးဘေးဘီဘင် အစဉ်အလာဖြင့် အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်ခဲ့သည်ကို လက်တွေ့ပပျောက်သွားစေရန်နှင့် ဘိန်းအစား ပြည်တွင်းပြည်ပသို့ တင်ပို့နိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ရှာဖွေဖော်ထုတ်၍ အသက်မွေးဝမ်းကျောင်းတစ်ရပ်အဖြစ် လုပ်ကိုင်စားသောက်ရန် စည်းရုံးသွားမည်။ ထိုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားမည်။



(၅) လွတ်လပ်၍ တက်ကြွသော နိုင်ငံရေးဝါဒကို ကျင့်သုံးပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ကျင့်သုံးသွားမည်။

(၆) လားဟူတိုင်းရင်းသား လူမျိုးစု၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ အနုပညာများကို ဖော်ထုတ်ပြီး လူမှုရေးအရေးအရာများကို တိုးတက်ဆန်းသစ် ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားမည်။

(၇) အရပ်ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူ သွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းအား တိုးချဲ့ပြုပြင်လုပ်ကိုင်ဆောင်ရွက်သွားမည်။ ဆင်းရဲချမ်းသာမရွေး လူတိုင်းအခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးနှင့် လူတိုင်းအခမဲ့ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။ ကလေးသူငယ်များအရေးနှင့် အမျိုးသမီးများ ပါဝင်မှုအခန်းကဏ္ဍကိုလည်း အလေးအနက်ထား ဆောင်ရွက်သွားမည်။

ကျွန်တော်တို့ **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** ၏ ဆောင်ပုဒ်မှာ

(က) နိုင်ငံတော်အပေါ် --သစ္စာရှိပါ။

(ခ) အမျိုးသားအပေါ် -- လေးစားပါ။

(ဂ) လူမျိုးအပေါ် -- ဖြောင့်မတ်ပါ။ တာဝန်ကျေပါ။

(က) နိုင်ငံတော်အပေါ် --သစ္စာရှိပါ။ ဆိုတာကတော့

(၁) ပြည်ထောင်စုမပြိုကွဲရေး၊

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို မမှိတ်မသုန် ခံယူလုပ်ဆောင်ဖို့ ဖြစ်ပါတယ်။

(ခ) အမျိုးသားအပေါ် -- လေးစားပါ။ ဆိုတာကတော့

(၁) တန်းတူညီမျှမှုနှင့်စည်းလုံးညီညွတ်မှု ရရှိနိုင်ရန် တိုင်းရင်းသားလူမျိုးများအချင်းချင်း လေးလေးစားစား တန်ဖိုးထားဆက်ဆံကြရန် ဖြစ်ပါတယ်။

(ဂ) လူမျိုးအပေါ် --- ဖြောင့်မတ်ပါ။ တာဝန်ကျေပါ။ ဆိုတာကတော့

(၁) မိမိလူမျိုးအပေါ် အလွဲသုံးစား မပြုလုပ်ရန်၊ ဖြောင့်မတ်ရန်နှင့် ကတိသစ္စာကို ဦးထိပ်ထားကြရန် ဖြစ်ပါကြောင်း။

**“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** ရဲ့ မူဝါဒသဘောထားနဲ့ လုပ်ငန်းစဉ်များကို စည်းရုံးဟောပြောရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

### လားဟူပါတီသီချင်း

နိုင်ငံတော်နဲ့အတူ ××× တို့လားဟူပါတီ ××× လက်တွေတွဲလို့ရယ် ××× ကြိုးစားလုပ်ဆောင်မည်

သင်နှင့် ကျွန်ုပ်အတူ ××× လက်တွဲပါဝင်ရန် ××× လားဟူ တို့လားဟူ ××× လာကြပေါင်းစည်းမယ်

နိုင်ငံတော်နှင့်အတူ ×××တို့လားဟူပါတီ ××× တို့သမိုင်း ××× တို့ဂုဏ် ××× ရေးထိုးကြမယ်လေ

သင်နှင့် ကျွန်ုပ် ××× ဘာသာခွဲခြားမှုမရှိ ××× လားဟူ ××× တို့လားဟူ ××× ညီညွတ်ပေါင်းစည်းမယ်

Cho; မြန်မာနိုင်ငံတော်အား ××× ခိုင်မြဲသစ္စာရှိ၊ ကျွန်ုပ်တို့ အမျိုးသားအား ××× လေးစားရှိသေပါ ××× ကျွန်ုပ်တို့လူမျိုးအပေါ် ××× ဖြောင့်မတ်တာဝန်နဲ့

တို့လူမျိုး××× တို့ဂုဏ် ××× သမိုင်းရေးကြမယ်

တို့လူမျိုး ××× တို့အတွက် ××× ညီညွတ်ပေါင်းစည်းမယ်

တို့လူမျိုးအတွက်ဆို ××× ညီညွတ်ပေါင်းစည်းမယ်

## မဲရုံမှူးများနှင့် ဒု-မဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာပညာပေးသင်တန်း အရာတော်တွင် ဖွင့်လှစ်

**အရာတော် စက်တင်ဘာ ၈။** ။စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်ရှိ မဲရုံမှူးများ၊ ဒု-မဲရုံမှူးများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာပညာပေးသင်တန်းကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာစံခန်းမဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများ၊ ဆရာ ဆရာမများ တက်ရောက်ကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးဝင်းဆွေက မဲပေးပုံ၊ မဲပေးစနစ် မှန်ကန်စွာရှိစေနိုင်ရေး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းလှိုင်တင့်က ရွေးကောက်ပွဲဆိုင်ရာနှင့်ကြိုတင်မဲပေးရေးဆိုင်ရာကိစ္စရပ်များကို ပညာပေးပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

အားကစား

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**မိုးနဲ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်းရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၇ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် နောင်မြိုင်းကျေးရွာဘောလုံးအသင်းနှင့် ဌာနဆိုင်ရာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ နောင်မြိုင်းကျေးရွာဘောလုံးအသင်းက လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဖလားကို ဆွတ်ခူးရရှိခဲ့သည်။

ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဆွတ်ခူးရရှိသော နောင်မြိုင်းကျေးရွာ ဘောလုံးအသင်းအား လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ကလည်းကောင်း၊ ဒုတိယဆုရရှိသော ဌာနဆိုင်ရာအသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော် ကလည်းကောင်း၊ တတိယဆုရရှိသော နမ့်မော်ဆွမ်းကျေးရွာ ဘောလုံးအသင်း၊ အသင်းလိုက်အသန့်ရှင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးအားကစားသမားဆုများကို တာဝန်ရှိသူများကဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ဝင်းဂါး ဖိအားဝင်နေပါပြီ

နည်းပြဝင်းဂါးမှာ အာဆင်နယ်၏လက်ရှိအနေအထားကြောင့် သေချာပေါက် ဖိအားဝင်နေပြီဟု ယခင်အာဆင်နယ်ကွင်းလယ်ကစားသမား ရေးပါလာက ဝေဖန်ခဲ့သည်။ အာဆင်နယ်၏ ယခုနှစ်နွေစျေးကွက်ခြေလှမ်းများကြောင့် ပရိသတ်များ၊ ကစားသမားဟောင်းအတော်များများက ဝေဖန်ခဲ့ပြီး ယခုပုံစံအတိုင်းဆက်သွားနေလျှင်မည်သည့်အခါမျှ ပရီမီယာလိဂ်ချန်ပီယံဆု ပြန်လည်ရယူနိုင်မည်မဟုတ်ဟုလည်း သုံးသပ်ခဲ့ကြသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ဂီရော့ဒ်တစ်ဦးတည်းသာ အားကိုးနေရသော အာဆင်နယ်တိုက်စစ်ကို အွန်နရီကဝေဖန်ခဲ့ရာ ဝင်းဂါးက ကာကွယ်ပြောကြားခဲ့သော်လည်း ယခုနှစ်နွေစျေးကွက်တွင် ကမ္ဘာ့အဆင့်မီတိုက်စစ်မှူးတစ်ဦးကို အားဖြည့်ခေါ်ယူရန်တောက်လျှောက်လှုပ်ရှားခဲ့သည်။ သို့သော် ဝင်းဂါးအလိုရှိနေသောတိုက်စစ်မှူးများမှာ အသင်းပြောင်းရွှေ့ရန်စိတ်မဝင်စားဘဲ လက်ရှိကလပ်များတွင်သာ ဆက်ရှိနေရန် ဆုံးဖြတ်ခဲ့ကြသောကြောင့် မည်သည့်အပြောင်းအရွှေ့ဖြစ်မြောက်မလာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဝင်းဂါးက ထိပ်တန်းကစားသမားများကို ကလပ်အသင်းတစ်ခုသို့လာရောက်ကစားရန် ဆွဲဆောင်ရန်မှာ လွယ်ကူသည့် ကိစ္စရပ်မဟုတ်ဘဲ ခေါ်ယူချင်သည့်အသင်းမှာ ၎င်းတို့လက်ရှိကစားနေသောအသင်းထက်သာလွန်သည်ကို သက်သေပြနိုင်မှသာဖြစ်နိုင်ကြောင်း ညည်းတွားခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်နှစ်က အာဆင်နယ်၏ နွေစျေးကွက်လှုပ်ရှားမှုကြောင့် ပရိသတ်များ စိတ်အားတက်ကြွခဲ့သော်လည်း ယခုနှစ်တွင် အာဆင်နယ်မှာ အခြားမည်သည့်ပရီမီယာလိဂ်အင်အားကြီးအသင်းကိုမျှ ယှဉ်ပြိုင်နိုင်သည့်ခေါ်ယူမှုမျိုးမပြုလုပ်နိုင်ခဲ့ဟုလည်း ပါလာက ဆိုခဲ့သည်။

**မေလဲ့သင်း**



# စီရိုနယ်လ်ဒိုအတွက် ပီအက်စ်ဂျီ၏ ကမ်းလှမ်းမှုပယ်ချခံရ

ယခုနှစ်နွေစျေးကွက်အတွင်း ရီးယဲလ်ကြယ်ပွင့် စီရိုနယ်လ်ဒိုအတွက် ပီအက်စ်ဂျီအသင်းက ပေါင်သန်း၁၁၀ဖြင့်ကမ်းလှမ်းခဲ့ရာ ရီးယဲလ်ဘက်မှ ချက်ချင်းပင်ပယ်ချခဲ့ကြောင်းသိရသည်။ ပီအက်စ်ဂျီမှာ ပြီးခဲ့သည့် နွေစျေးကွက်ဖွင့်လှစ်ချိန်ကာလတစ်လျှောက်လုံး စီရိုနယ်လ်ဒိုအား ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်က ကစားသမားကို ထွက်ခွာခွင့်မပေးခဲ့ခြင်းဖြစ်သည်။

ယခုနှစ်နွေစျေးကွက်အတွင်း စီရိုနယ်လ်ဒိုအား မန်ယူနှင့် ပီအက်စ်ဂျီအသင်းတို့မှ ပေါင်သန်း၁၀၀အထက်ဖြင့်ကမ်းလှမ်းခဲ့သော်လည်း စီရိုနယ်လ်ဒိုကိုယ်တိုင်က ရီးယဲလ်ဥက္ကဋ္ဌပီရက်ဇ်နှင့်တွေ့ဆုံဆွေးနွေးပြီးနောက် ရီးယဲလ်၌သာ ဆက်ရှိသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ စီရိုနယ်လ်ဒိုမှာ အသက်(၃၀)ပြည့်မြောက်ပြီးဖြစ်သော်လည်း ယခုထိ သူ၏ ခြေစွမ်းကို အကောင်းဆုံးထိန်းသိမ်းထားနိုင်ဆဲပင်ဖြစ်ရာ ကလပ်အသင်းအတော်များများက ကစားသမား၏ ခြေစွမ်းကြောင့်အပြင် စျေးကွက်အနေအထားအရ ၎င်းအား အသည်းအသန် အလိုရှိနေကြခြင်းဖြစ်သည်။

**မေလဲ့သင်း**



# ရီးယဲလ်မှ ထွက်ခွာမှာမဟုတ်တဲ့ ဘေးလ်

ရီးယဲလ်တောင်ပံတိုက်စစ်မှူး ဂါရတ်ဘေးလ်အား ပရီမီယာလိဂ်ထိပ်တန်းကလပ်အသင်းကြီးများဖြစ်သော ချယ်လ်ဆီးနှင့်မန်ယူတို့က ခေါ်ယူရန်ချိတ်ဆက်ကမ်းလှမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ရီးယဲလ်မှ ထွက်ခွာရန်အစီအစဉ်မရှိကြောင်း ရီးယဲလ်ပရိသတ်များအား အသိပေးပြောကြားခဲ့သည်။ ဘေးလ်က ပရိသတ်များ လက်ခံနေသရွေ့ ရီးယဲလ်မှ ထွက်ခွာမည်မဟုတ်ကြောင်း၊ ရီးယဲလ်မှာ ငယ်စဉ်ကပင် သူ၏ အိပ်မက် အသင်းဖြစ်ကြောင်း၊ ပရီမီယာလိဂ်ကိုကျောခိုင်းခဲ့ခြင်း၏ တစ်ခုတည်းသော အကြောင်းတရားမှာ ရီးယဲလ်ကစားသမားအဖြစ်ကစားခွင့်ရချင်၍ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ဘေးလ်အတွက် မန်ယူကပြောင်းရွှေ့ကြေးပေါင် သန်း၁၂၀ဖြင့်ကမ်းလှမ်းခဲ့သောလည်း ရီးယဲလ်ဘက်မှ ငြင်းဆန်ခဲ့ခြင်းဖြစ်သည်ဟု အင်္ဂလန်မှလာသော သတင်းများအရ သိရသည်။ ဘေးလ်သည် လက်ရှိကစားနေသော ဥရောပဖလားခြေစစ်ပွဲများတွင်လည်း ခြေစွမ်းပြနေသူဖြစ်ပြီး ဝေလအသင်းအား နှစ်၅၀ကျော်ကာလအတွင်း အဆင့်မြင့်ပြိုင်ပွဲများတွင် ပထမဦးဆုံးခြေစစ်ပွဲအောင်မြင်အောင်ကူညီပေးခဲ့သူဖြစ်သည်။

ဘေးလ်သည် ယမန်နှစ်က ရီးယဲလ်တွင်ခြေစွမ်းပိုင်းရုန်းကန်ခဲ့ရသော်လည်း ကပ်အော့ဆိုက်ကွန်း၏ ရွေးချယ်မှုအရ ကမ္ဘာ့အကောင်းဆုံးတောင်ပံတိုက်စစ်မှူးနေရာတွင် ရီးယဲလ်အသင်းဖော်စီရိုနယ်လ်ဒိုပြီးနောက် ဒုတိယနေရာတွင်ရပ်တည်နေသည်။

**ရှိုင်းယန်ဟေဒင်**

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

# စပိန်လာလီဂါ ရင်ခုန်သံ – ၃

ရှိုင်းမင်းမင်း



စပိန်လာလီဂါ ပြိုင်ပွဲရဲ့ ပွဲစဉ် (၃)ကို စက်တင်ဘာ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တွေမှာ ကျင်းပသွားဖို့ ရှိပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ အက်သလက်တီကိုနဲ့ ဘာစီလိုနာဆုံတွေ့တဲ့ ပွဲစဉ်ပါဝင်နေလို့ အကြိတ်အနယ်ရှိဖို့ သေချာနေသလို ရီးယဲလ်မက်ဒရစ်၊ ဗီလာရီးယဲလ်တို့လို အသင်းကောင်းတွေလည်း နိုင်ပွဲဆက်နိုင်မလားဆိုတာ စောင့်ကြည့်သွားရ ဖို့ရှိတယ်။

**လီဗန်တေး - ဆီဗီးလ်** နံနက် ၁း၀၀(၁၂-၉-၁၅)

ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲစဉ်ကစားရဖို့ရှိပေမယ့် ဆီဗီးလ်ဟာ နှစ်ပွဲကစားပြီးချိန်အထိ နိုင်ပွဲမရသေးလို့ ဒီပွဲမှာ အနိုင်ပွဲစရရေး အားစိုက်လာမှာသေချာတယ်။ ဒါ့အပြင် ပြိုင်ဘက် လီဗန်တေးရဲ့ခြေကလည်း အားနည်းမှုများနေလို့ ဆီဗီးလ်အခက်မတွေ့နိုင်ဘူး။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဆီဗီးလ်ကပ်နိုင်သွားဖို့သာ ရှိတယ်။

**အက်စ်ပန်ညို - ရီးယဲလ်မက်ဒရစ်** ည ၈း၃၀(၁၂-၉-၁၅)

ဘက်တစ်ကို သုံးဂိုးပြတ်နိုင်ခဲ့တဲ့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်ရဲ့ ကစားပုံက အကောင်းဆုံးပုံစံမှာရှိခဲ့တယ်။ ဒီပွဲမှာလည်း ရီးယဲလ်ဟာ အဖွင့်ပွဲစဉ်မှာ သရေကျခဲ့တဲ့အပြင် ဘာစီလိုနာက အက်သလက်တီကိုနဲ့ ပြန်ဆုံနေလို့ အမှတ်ကွာဟမှုလျော့နိုင်ရေးအားစိုက်ကစားလာမှာ သေချာတယ်။ ချန်ပီယံလိဂ်ရှိပေမယ့် ရီးရဲမက်ဒရစ်ပဲ နိုင်ပွဲရမယ်။

**ဂီတ္တန် - ဗလန်စီယာ** ည ၁၀း၄၅ (၁၂-၉-၁၅)

ဗလန်စီယာက နှစ်ပွဲကစားအပြီးမှာ နှစ်ပွဲစလုံးအနိုင်မရခဲ့ဘူး။ ဒီပို့တီဗိုနဲ့ တစ်ဂိုးစီသရေ၊ ဗယ်လီကာနိုနဲ့ ဂိုးမရှိသရေ အထူးသဖြင့် ဗလန်စီယာတိုက်စစ်က အဆုံးသတ်ညံ့လွန်းနေတယ်။ ဒီပွဲမှာလည်း ချန်ပီယံလိဂ်ရှိလို့ ခြေကုန်ထုတ်ဖို့ ခက်ဦးမယ်။ ဒါကြောင့်ဂီတ္တန်ရဲ့ခြေစွမ်းပိုင်းက အားနည်းပေမယ့် ဗလန်စီယာအနိုင်ရလဒ်က ဖော်ဆောင်ဖို့ ခက်မယ်။

**အက်သလက် - ဘာစီလိုနာ** နံနက် ၁း၀၀(၁၃-၉-၁၅)

နှစ်သင်းစလုံး ဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ ရှိပေမယ့် အရေးပါတဲ့ ဆုံတွေ့မှုကြောင့် ခြေကုန်ထုတ်ကြမှာပါ။ လက်ရှိအချိန်မှာ အက်သလက်တီကိုရဲ့ တိုက်စစ်က ဘာစီလိုနာထက် ပိုထက်မြက်နေပေမယ့် ဒီပွဲမှာ နေမာပါဝင်လာဖို့ ရှိလို့ ဘာစီလိုနာတိုက်စစ်ထက်မြက်လာနိုင်တယ်။ မြောက်မြားစွာသောသွင်းဂိုးတွေနဲ့အတူ သရေကျဖို့များတယ်။

**ဘက်တစ် - ဆိုစီဒက်** နံနက် ၂း၃၀(၁၃-၉-၁၅)

ရီးယဲလ်ကို ငါးဂိုးပြတ်အရေးနိမ့်ခဲ့ရတဲ့ ဘက်တစ်ခြေက အားနည်းမှုတွေရှိတယ်။ ဒါပေမယ့် အခုရင်ဆိုင်ရမယ့် ဆိုစီဒက်ရဲ့ခြေကလည်း သာမန်ထက်မပိုဘူး။ အထူးသဖြင့် နှစ်ပွဲကစားအပြီး ဂိုးလုံးဝမသွင်းနိုင်ခဲ့တဲ့ ဆိုစီဒက်ရဲ့ တိုက်စစ်က အားနည်းတယ်။ ဘက်တစ်ကွင်းလည်းဖြစ်တာကြောင့် ဆိုစီဒက်နဲ့ ဘက်တစ်တို့ အမှတ်ခွဲယူနိုင်တယ်။

**ဂရန်နာဒါ-ဗီလာရီးရဲ** ညနေ ၄း၃၀(၁၃-၉-၁၅)

ဂရန်နာဒါက ဂီတာဖေးကို နိုင်ပြီး နိုင်ပွဲစရခဲ့တယ်ဆိုပေမယ့် ခံစစ်ပိုင်းကစားပုံမှာ လိုအပ်ချက်တွေရှိသေးတယ်။ ဗီလာရီးရဲက တစ်ပွဲနိုင် တစ်ပွဲသရေကစားထားပြီး အဲဒီနှစ်ပွဲစလုံးမှာ ဂိုးတွေပေးခဲ့ရပေမယ့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေကောင်းတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဗီလာရီးယဲလ်ကပဲ ကပ်ပြီးအနိုင်ရသွားဖို့ရှိတယ်။

**ဘီလ်ဘာအို- ဂီတာဖေး** ည ၈း၃၀ (၁၃-၉-၁၅)

ဘီလ်ဘာအိုကဒီရာသီအစမှာ ခြေစွမ်းလုံးဝမငြိမ်ဘူး။ နှစ်ပွဲကစားပြီး နှစ်ပွဲစလုံးရှုံးထားတယ်။ အထူးသဖြင့် တိုက်စစ်ကအားနည်းနေတယ်။ ဒါပေမယ့် ဂီတာဖေးကလည်း နှစ်ပွဲကစားအပြီးမှာ နှစ်ပွဲစလုံးရှုံးထားတယ်။ ဒါကြောင့် ဘီလ်ဘာအိုတို့ထင်သလောက် အခက်မတွေ့နိုင်ဘူး။ အိမ်ကွင်းလည်းဖြစ်လို့ ဘီလ်ဘာအို ကပ်ပြီးနိုင်ပွဲစရသွားဖို့ရှိတယ်။

**ဆယ်တာဗီဂို- လက်ပဲမတ်စ်** ည ၁၀း၄၅ (၁၃-၉-၁၅)

ဆယ်တာဗီဂိုက ဒီရာသီဦးမှာ ခြေစွမ်းငြိမ်နေတယ်။ လီဗန်တေးကို နှစ်ဂိုး တစ်ဂိုး၊ ဗယ်လီကာနိုကို သုံးဂိုး ဂိုးမရှိတို့နဲ့ အနိုင်ရခဲ့တယ်။ အထူးသဖြင့် ဆယ်တာဗီဂိုရဲ့ ထိုးစစ်ပိုင်းက အားကောင်းမှုရှိနေတယ်။ ဒီပွဲမှာလည်း ရင်ဆိုင်ရမယ့် အသင်းက နိုင်ပွဲမရသေးတဲ့ တန်းတက် လက်ပဲမတ်စ်နဲ့ဖြစ်လို့ ဆယ်တာဗီဂိုအမှားခံမှာမဟုတ်ဘူး။ ဆယ်တာဗီဂိုပဲ နိုင်ပွဲ ဆက်မယ်။

**မာလာဂါ - အီဘား** နံနက် ၁း၀၀ (၁၄-၈-၁၅)

မာလာဂါ တိုက်စစ်ပိုင်းအားနည်းမှု ဒဏ်ခံနေရတယ်။ နှစ်ပွဲအပြီးမှာ တစ်ဂိုးမှမသွင်းနိုင်သေးဘူး။ ဒါပေမယ့် အိမ်ကွင်းကစားပုံကောင်းပြီးခံစစ်မဆိုးတာသတိပြုရမယ်။ အီဘားက နှစ်ပွဲနိုင်ဆိုပေမယ့် မာလာဂါကနိုင်ပွဲစဖို့ အားစိုက်လာမှာ ဖြစ်တာကြောင့် အီဘားရုန်းကန်ရနိုင်တယ်။ မာလာဂါအတွက် အနိမ့်ဆုံးသရေပါ။

**ဗယ်လီကာနို - ဒီပို့တီဗို** နံနက် ၁း၀၀ (၁၅-၈-၁၅)

ဗယ်လီကာနိုရဲ့ ခြေစွမ်းကပျက်ယွင်းနေတယ်။ တိုက်စစ်ပိုင်းက တစ်ဂိုးမှ မသွင်းနိုင်သေးသလို နိုင်ပွဲလည်းမရှိသေးဘူး။ ဒီပို့တီဗိုကနိုင်ပွဲမရသေးဘူး ဆိုပေမယ့် ခံစစ်ပိုင်းကျစ်လျစ်တယ်။ ဗလန်စီယာ၊ ဆိုစီဒက်တို့ကို သရေကစားခဲ့တဲ့ပွဲတွေမှာလည်း ကစားပုံကောင်းခဲ့တယ်။ ဒါကြောင့် ဒီပို့တီဗိုရဲ့က ကစားအားကြောင့် ဗယ်လီကာနို သရေရဖို့တောင်အတော်ရုန်းကန်ရမယ်။

# ကွတ်ခိုင်မြို့နယ်တွင် ဘိန်းဖြူများသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစီမံချက် ရွှေလီစစ်ဆင်ရေး(၂) ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်က နယ်မြေခံတပ်၊ မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်၊ မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့ ရပ်ကွက်(၈) ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းတွင် ကောင်းခါးမြို့သစ်မှ ကွတ်ခိုင်သို့ နေလင်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၆၂ ခွက် စုစုပေါင်း ဘိန်းဖြူ သုည ဒသမ ၆၈၂ ကီလို သိမ်းဆည်းရမိသည်။



ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ကချင်ပြည်နယ် မိုးကောင်းမြို့မှ လာရောက်သည့် ဇော်လင်းနှင့် မျိုးအောင်တို့မှ သိမ်းဆည်းရမိ ဘိန်းဖြူများကို သယ်ဆောင်ခ ငွေကျပ် တစ်သိန်းပေး၍ ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာမှ ၎င်း၄ားရမ်း နေထိုင်သည့် ကွတ်ခိုင်မြို့ ရပ်ကွက် (၅)နေအိမ်သို့ သယ်ဆောင်ခိုင်း ကြောင်းနှင့် ၎င်းတို့မှာ နေအိမ်တွင် စောင့်ဆိုင်းနေကြောင်း သိရ၍ နေလင်းအောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဇော်လင်းနှင့် မျိုးအောင်တို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ငင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

**နေလင်းအောင်၊ ဇော်လင်းနှင့် မျိုးအောင်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။**

# ယာဉ်ပေါ်မှပိုက်ဆံခိုးယူသူအား အရေးယူ

**နေပြည်တော် စက်တင်ဘာ ၈**

ရန်ကုန်မှမန္တလေးသို့ ယာဉ်မောင်း ဦးထွန်းလင်းအောင် မောင်းနှင်လာသည့် "မြတ်မန္တလာထွန်း" ခရီးသည်တင်မှန်လုံယာဉ်သည် ယမန်နေ့ နံနက် ၇ နာရီ ၁၅ မိနစ်က မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၃၂/၀) အရောက် ထိုင်ခုံ အမှတ်(၅)၏ ပစ္စည်းတင်စင်ပေါ်တွင်တင်ထားသည့် အိတ်အတွင်းမှ ငွေကျပ် ၃၅၀၀၀၀ နှင့်ထိုင်ခုံအမှတ်(၁၁)မှ မအိရွှေစင်၏ ဘေးလွယ်အိတ်အတွင်းမှ ငွေကျပ် ၃၀၀၀၀ တို့ ပျောက်ဆုံးသဖြင့် ယာဉ်မောင်းက စကားအင်းအမြန်လမ်းမကြီး ရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

အဆိုပါယာဉ်အား စကားအင်းအမြန်လမ်းမကြီးရဲစခန်းသို့ မောင်းနှင်၍ စခန်းမှတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယာဉ်ပေါ် ခရီးသည်တစ်ဦးချင်းစီကို ရှာဖွေခဲ့ရာ ခုံအမှတ်(၈)တွင် လိုက်ပါလာသော ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ (၁)ရပ်ကွက်နေ လှမျိုး (၃၇)နှစ်၏ ရင်ဘတ်ကြားတွင် ဝှက်ထားသည့် ငွေကျပ် ၃၈၀၀၀၀ အားတွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည်နှစ်ဦး၏အိတ်များ အတွင်းမှ ခိုးယူထားသည့် ငွေများဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် လှမျိုးအား စကားအင်းအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြည်သူများစားသုံးရန် မသင့်သည့် ကြက်အသည်းအမြစ်များ သိမ်းဆည်း

**ရန်ကုန် စက်တင်ဘာ ၈**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကွပ်ကဲမှုအောက်ရှိ Mobile Team အဖွဲ့များအနေဖြင့် တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ လေလံတင်ရောင်းချခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် အရက်၊ ဘီယာ၊ ဝိုင်များနှင့် ပြည်သူများစားသုံးရန်မသင့်သည့် ကျန်းမာရေးထောက်ခံချက် မပါရှိသော စားသောက်ကုန်များအား ဖျက်ဆီးဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံကုန်သွယ်ရေးစခန်း၊ မိုင်းလွေ Mobile Team မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်းဦးစီးအဖွဲ့သည် ဩဂုတ်လ နောက်ဆုံးပတ်က ရှောင်ကွင်းလမ်းများအား စစ်ဆေးစဉ် နန့်မုတ်ကျေးရွာ လမ်းဘေးအနီးတွင် ကျိုင်းတုံမြို့သို့ တရားမဝင် သယ်ဆောင်ရန် သိုဝှက်စုပုံထားသော အများပြည်သူစားသုံးရန်မသင့်သည့် FDA ထောက်ခံချက်မပါရှိသော တရုတ်နိုင်ငံထုတ် ကြက်အသည်းအမြစ် ၂၅ ဖာကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ကြက်အသည်းအမြစ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းခဲ့ပြီး အများပြည်သူများ စားသုံးရန်မသင့်သဖြင့် Mobile Team အဖွဲ့စုံဖြင့် ဖျက်ဆီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# သံလမ်းပေါ်ထိုင်နေသူ ရထားကြိုတ်မိ၍ သေဆုံး

**နေပြည်တော် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးဘူတာဝန်းအနီး စက်တင်ဘာ ၄ ရက် နံနက် ၄ နာရီခွဲက အမျိုးသားတစ်ဦး ရထားကြိတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် မီးရထားဝင်းနေ စိုးနိုင် (၃၂)နှစ်သည် အမှတ်(၁၀)ရထားသံလမ်းပေါ်တွင် ထိုင်နေရာ အမှတ် (၉၄)အဆန် မလွှကုန်း-မြစ်ကြီးနားကုန်ရထားမှ ရှန်တိန်ပြုလုပ်စဉ် ရထားဖြင့် ကြိတ်မိ၍ ဒဏ်ရာများရရှိ သေဆုံးသွားကြောင်း သိရသည်။

**(ကြေးမုံ)**

# ဆိုင်ရှင်ထံမှ ဈေးဝယ်သူအမျိုးသမီးက ငွေခိုးယူ

**မကွေး စက်တင်ဘာ ၈**

မကွေးမြို့ ရန်ပယ်ဈေးအတွင်းမှ အထည်ဆိုင်တစ်ဆိုင်တွင် စက်တင်ဘာ ၆ ရက်က ဆိုင်အတွင်းဈေးဝယ်သူမှ ဈေးဆိုင်ပိုင်ရှင်၏ ငွေခိုးယူသွားမှုနှင့် ပတ်သက်၍ ဆိုင်ရှင်မှတိုင်တန်းခဲ့မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ၆ရက် နံနက် ၁၁နာရီက မကွေးမြို့ ရန်ပယ်ဈေးအတွင်းဖွင့်လှစ်ထားရှိသော လရောင်အထည်ဆိုင်တွင် ဆိုင်ရှင် မမာမာဝင်း ရှိနေစဉ် အသက်(၂၀)အရွယ် အမျိုးသမီးတစ်ဦးရောက်ရှိလာကာ အဝတ်အထည်များအားရွေး၍ အဝတ်လဲခန်းအတွင်းဝတ်ဆင်ကြည့်ခဲ့ပြီးနောက် ဈေးမဝယ်ဘဲ ပြန်ထွက်သွားခဲ့ပြီး ၁၅ မိနစ်ခန့်အကြာတွင် ဆိုင်ရှင်မှ အဆိုပါဆိုင်ခန်းအတွင်း အဝတ်ထည့်သော ဗီရိုပေါ်တွင်ထားရှိသော ၎င်း၏ပိုက်ဆံအိတ်အား စစ်ဆေးကြည့်ရာ ပိုက်ဆံအိတ်အတွင်းမှ ငွေကျပ် ၄၀၀၀၀၀ခန့် ပျောက်ဆုံးကြောင်း သိရသဖြင့် ငွေခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် တိုင်ကြားခဲ့သဖြင့် မကွေးမြို့နယ် မကွေးနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

မြန်မာတိုင်းရင်းဆေးကုခန်းတွင်တာဝန်ထမ်းဆောင်ရန်
* မြန်မာ့တိုင်းရင်းဆေးကောင်စီ၏ ဆေးကုသမှုလိုင်စင်ရှိ တိုင်းရင်းဆေးသမားတော်ကြီးများ…
* မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ရရှိပြီး ဆေးကောင်စီ၏ကုသမှု လိုင်စင်ရှိ ဆေးဆရာနှင့် ဆရာမများ…
* မြန်မာ့တိုင်းရင်းဆေးကောင်စီ၏ လက်မှတ်ရဆေးမှူး ဆေးဆရာ/ဆရာမများလည်း ဆက်သွယ်လျှောက်ထားနိုင်ပါသည်။
* နယ်မြို့များမှလည်း လျှောက်ထားနိုင်သည်။
Ph : 09-450066151

EASY GO TRAVEL & TOURS
4 Star Hotel (၂)ည
18.9.2015 Promotion
Ph:01377351, 377352, 227925, 095091205, 257781722

ASIA KING 09-43114301,09-420221257
(ပြ၁)ကြိမ်မြောက် ဘဘအောင်မင်းခေါင် ထွက်ရပ်ပူဇော်ပွဲသို့ Sep 28/29 ထွက်မည်
✣ ဘဘထွက်ပွဲ(သီးသန့်)၊ ပုပ္ပါး- နေ့ချင်းပြန်/(၁)ညအိပ်
✣ ဘဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် … (၃)ရက်
✣ ဘဘထွက်ပွဲ၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ၊ နေပြည်တော် (၅)ရက်
✣ ဘဘထွက်ပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ဆွိုင်ကော် (၅)ရက်
သီးသန့် Group Package Tour စိတ်တိုင်းကျစီစဉ်ပေးသည်။

ကျော်
ရာထူးဝန် အဆွဲမှရာထူးများဝင်ခွင့်
DB, DA, PTT, DTEC ဝင်ခွင့်များ
Ph:09421042332,09420005131



ကျန်းမာရေးဆောင်းပါး

ဒေါက်တာကံညွန့်

# ဆေးပညာသတင်းဆန်းများ ၁၁၀



ယခုနှစ် ဩဂုတ်လ ၆ ရက်နေ့ဟာ အမေရိကန်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ကို အဏုမြူဗုံးချခဲ့တာ နှစ် (၇၀) ပြည့်ဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာကြီးမှာ ပထမဆုံး အသုံးပြုခဲ့တဲ့ အဏုမြူဗုံးဖြစ်ပါတယ်။ ဒါပြီးနောက် သုံးရက်ကြာ ဩဂုတ် ၉ ရက်မှာပဲ နာဂါဆာကီမြို့ကို အဏုမြူဗုံးနောက်တစ်လုံးချခဲ့ပါသေးတယ်။ ဒီဗုံးဒဏ်ကြောင့် ဟီရိုရှီးမားမှာ လူပေါင်း ခုနစ်သောင်းကျော်နှင့် နာဂါဆာကီမှာ လူပေါင်း နှစ်သောင်းကျော်ဟာ နေရာမှာပင် ချက်ချင်းသေဆုံးခဲ့ရပါတယ်။ နောက်ထပ် နှစ် ၂၀ အတွင်းမှာလဲ လူပေါင်း တစ်သိန်းကျော်ဟာ ဓါတ်ငွေ့ကြောင့်ဖြစ်တဲ့ ရောဂါအမျိုးမျိုးနဲ့ သေဆုံးရတယ်လို့ ဆိုပါတယ်။ ဒီလိုသေဆုံးရတဲ့ ရောဂါတွေကတော့ သွေးကင်ဆာ၊ အရေးပြားကင်ဆာ၊ အရိုးကင်ဆာအပါအဝင် ကင်ဆာရောဂါမျိုးမျိုး၊ သွေးအားနည်းရောဂါ၊ ကိုယ်ခံအားကျရောဂါနှင့် မွေးရာပါ ကိုယ်လက်အင်္ဂါ ချို့ယွင်းတဲ့ရောဂါတွေ ပါဝင်ပါတယ်။ ဒါဟာ အဏုမြူဗုံးမှာပါဝင်တဲ့ ရေဒီယိုသတ္တုကြွ ဓာတ်ငွေ့တွေကြောင့်ဖြစ်ပါတယ်။ ဒီဖြစ်ရပ်ကို သင်ခန်းစာယူခဲ့ကြတဲ့ နိုင်ငံအသီးသီးက ခေါင်းဆောင်တွေဟာ Nuclear လက်နက် မထုတ်လုပ်နိုင်ဖို့နှင့် စစ်ပွဲတွေမှာ ဒီလက်နက်အသုံးမပြုအောင် ဟန့်တားနိုင်ဖို့ အားထုတ်ခဲ့ကြပါတယ်။ ဒါအတွက် အရှေ့အလယ်ပိုင်းဒေသက အထူးစိုးရိမ်စရာဖြစ်တဲ့ အီရန်နိုင်ငံနဲ့ အာရှဒေသက မြောက်ကိုရီးယားနိုင်ငံတို့မှာ အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပါတယ်။ ဒီဆွေးနွေးပွဲမှာ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ တရုတ်နဲ့ ရုရှားနိုင်ငံတို့ပါဝင်ပြီး ဒီခြောက်နိုင်ငံဆွေးနွေးပွဲဟာ ဘာမှအဖြေမထွက်လာဘဲ ရပ်ဆိုင်းခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ယခု ဩဂုတ်လ ပထမပတ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာ ကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို မိတ်ဖက်နိုင်ငံအဖြစ် တက်ရောက်လာကြတဲ့ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးက ဆွေးနွေးပွဲပြန်စနိုင်မယ့် လမ်းတစ်ခုကို ဖွင့်ပေးခဲ့ပါတယ်။ ဒါကတော့ အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံအနီးမှာ တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေကို ရုပ်သိမ်းသွားရင် ဆွေးနွေးပွဲပြန်လုပ်မယ်လို့ ပြောခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အီရန်နိုင်ငံနဲ့ ဆွေးနွေးပွဲကတော့ အောင်မြင်ခဲ့ပြီလို့ ဆိုပါတယ်။ လွန်ခဲ့တဲ့ ဇူလိုင်လအတွင်း ရရှိခဲ့တဲ့ သဘောတူညီမှုအရ အီရန်နိုင်ငံရဲ့ Nuclear စွမ်းအင်အခြေအနေကို သံသယရှိရင် ဘယ်နေရာမဆို ၂၄ နာရီ ကြိုတင်အသိပေးပြီး ဝင်ရောက်စစ်ဆေးနိုင်မယ်လို့ဆိုပါတယ်။ အီရန်နိုင်ငံကို ထားခဲ့တဲ့ စီးပွားရေးပိတ်ဆို့မှုတွေကိုလဲ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံကြီးတွေက ဖြေလျှော့ပေးရမှာဖြစ်ပါတယ်။ သမ္မတ အိုဘားမားကတော့ ဒီသဘောတူညီချက်ဟာ အီရန်နိုင်ငံကို Nuclear ဗုံးထုတ်လုပ်နိုင်တဲ့ လမ်းပေါ်မရောက်အောင် တားဆီးနိုင်မယ်လို့ ဆိုပါတယ်။ လူတွေ အစုလိုက်အပြုံလိုက် သေစေနိုင်ပြီးနောက် လူသားများစွာကိုလည်း ရောဂါပေါင်းများစွာ ဖြစ်စေပြီး ဒုက္ခပေးစေနိုင်တဲ့ ဒီလို Nuclear ဗုံးမထုတ်လုပ်အောင် သဘောတူညီမှုရခဲ့တာကို သတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

## ■ အတက်ရောဂါ (Epilepsy)

ဝက်ရူးပြန်ရောဂါလို့ လူသိများတဲ့ အတက်ရောဂါ (Epilepsy) ရောဂါဟာ တေးဂီတသံတစ်ခုခုကို နားထောင်လိုက်ရင် သက်သာမှုရနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ Ohio State University Wexnu Medical Centre က ဆေးပညာရှင်တွေ လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ အတက်ရောဂါရှင်အားလုံးရဲ့ ရာနှုန်း ၈၀ ခန့်ဟာ ဦးနှောက်ရဲ့ဘေးနှစ်ဖက်မှာရှိတဲ့ Temporal Lobe လို့ခေါ်တဲ့ နေရာကအစပြုပြီး ဖြစ်ကြတာလို့ ဆိုပါတယ်။ နားအကြားအာရုံကို ခံစားနိုင်တဲ့ Auditory Cortex ဟာလဲ ဒီအစိတ်အပိုင်းမှာရှိနေတာကြောင့် နားအကြားအာရုံကို နှိုးဆွ ပေးနိုင်မှုဟာ ဒီအတက်ရောဂါဖြစ်ပေါ်စေမှုကိုလည်း ထိန်းချုပ်နိုင်တာဖြစ်ပါတယ်။


သူတို့ဟာ အတက်ရောဂါရှိသူ လူနာ ၂၁ ဦးကို ၂၀၁၂ ခုနှစ်ကနေ ၂၀၁၄ ခုနှစ် အတွင်း အကြိမ်များစွာ စမ်းသပ်ခဲ့ကြပါတယ်။ ဒီလိုစမ်းသပ်တဲ့ အခါ ဂီတတေးသံတစ်လှည့် ဘာမှနားမထောင်ခိုင်းဘဲ တစ်လှည့် လုပ်ခိုင်းပြီး လူနာရဲ့ ဦးနှောက်မှာဖြစ်ပေါ် လာတဲ့ Brain Wave ကို Electro Encephalogram နဲ့ ပူးတွဲစမ်းသပ်ခဲ့တာပါတယ်။ ဒီလိုပြုလုပ်တဲ့အခါ ဂီတ သံနားထောင်ရင်းနဲ့ လူနာတွေရဲ့ Brain Wabe ဟာ ပုံမှန်အတိုင်း အလုပ်လုပ်နေတာများပြီး အတက်ရောဂါ ဖြစ်လာမှုကိုလည်း အထူးသက်သာသွားစေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီအတက် ရောဂါကုထုံးမှာ ယခုလက်ရှိသုံးနေတဲ့ ဆေးတွေအပြင် လူနာကြိုက်နှစ်သက်တဲ့ ဂီတသံစဉ်မျိုးကိုလည်း ထည့်သွင်းအသုံးပြုဖို့ အကြံပြုထားတာကို တင်ပြ လိုက်ရပါတယ်။



## ■ အီဘိုလာရောဂါကာကွယ်ဆေး VSV-ZEBOV



လွန်ခဲ့တဲ့နှစ်က အနောက်အာဖရိကနိုင်ငံငယ်တွေကို ဒုက္ခပေးခဲ့တဲ့ အီဘိုလာရောဂါကို ကာကွယ်နိုင်မယ့် ကာကွယ်ဆေးတစ်ခုကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ပြီလို့ သိရပါတယ်။ ဒီဆေးကို ကနေဒါနိုင်ငံ Public Health Agency က စတင်တွေ့ရှိခဲ့တာဖြစ်ပြီး နာမည်ကြီးဆေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Merck ကုမ္ပဏီက ကျောထောက်နောက်ခံပြု ထုတ်လုပ်ပေးခဲ့တာဖြစ်ပါတယ်။ ဒီဆေးနာမည်ကို VSV-ZEBOV လို့ အမည်ပေးထားပါတယ်။ ဒီဆေးကို စမ်းသပ်ဖို့ ရောဂါအပြင်းထန်ဆုံးခံစားခဲ့ရတဲ့ ဂီနီ၊ ဆီယာလီယွန်၊ လိုင်ဘေးရီးယားစတဲ့နိုင်ငံတွေထဲက ဂီနီနိုင်ငံကို ရွေးချယ်စမ်းသပ်ခဲ့ပါတယ်။ ဒီစမ်းသပ်မှုမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်ပြီး MSF လို့ခေါ်တဲ့ နယ်စည်းမထား ဆရာဝန်များအဖွဲ့နှင့်အတူ ကနေဒါ၊ နော်ဝေးနိုင်ငံတို့က ကူညီခဲ့ကြပါတယ်။ ဂီနီနိုင်ငံက အီဘိုလာရောဂါဖြစ်ပွားခဲ့သူတို့နဲ့ နီးစပ်စွာနေထိုင်ခဲ့တဲ့ လူပေါင်း ၄၁၂၃ ဦးကို စမ်းသပ်ရာ ရာနှုန်းပြည့်နီးပါး အကာအကွယ်ပေးနိုင်တာကို တွေ့ရတယ်လို့ဆိုပါတယ်။ အီဘိုလာရောဂါဟာ အနောက်အာဖရိကနိုင်ငံတွေမှာ လူပေါင်း ၂၈၀၀၀ ခန့် ရောဂါကူးစက်ခံရပြီး လူပေါင်းတစ်သောင်းကျော် သေဆုံးခဲ့ရပါတယ်။ အီဘိုလာရောဂါကို ကုသဖို့ ကုထုံးမယ်မယ်ရရ မရှိသေးတဲ့အချိန်မှာ ယခုလို ကာကွယ်ဆေးတစ်ခု ပေါ်လာတာဟာ ဝမ်းသာစရာ သတင်းတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။




ဆေးပညာတိုးတက်လာတာမှာ Medical Imaging လို့ခေါ်တဲ့ နည်းပညာတိုးတက်လာတာလည်း အထူးပါဝင် နေပါတယ်။ ဒီ Medical Imaging ထဲမှာ ဓာတ်မှန်၊ Ultrasound၊ MRI (Magnetic Resonance Imaging)၊ PET (Positron Emmission Tomography) စတဲ့ ရောဂါရှာဖွေရေးနည်းပညာတွေ ပါဝင်ပါတယ်။

ဒီနည်းပညာတွေဟာ ရောဂါကို အတိအကျဖော်ပြပေးနိုင်ပြီး ရောဂါဖြစ်နိုင်ခြေရှိသူတွေကိုလဲ ခန့်မှန်းပေးနိုင်ပါတယ်။ ယခုလည်း ကိုယ်ဝန်ဆောင်မိခင်တွေမှာဖြစ်တတ်တဲ့ ရောဂါတစ်ခုအကြောင်းကို ခန့်မှန်းသိရှိနိုင်တာကြောင့် အသက်ကယ်နိုင်တဲ့အကြောင်း တင်ပြချင်ပါတယ်။ တချို့ကိုယ်ဝန်ဆောင်မိခင်တွေမှာ Pre-eleampsia လို့ခေါ်တဲ့ အကြိုကိုယ်ဝန်အဆိပ်တက်ရောဂါကို ခံစားရတတ်ပါတယ်။ ဒီရောဂါစရှိသူတွေဟာ သားဖွားအထူးကုဆရာဝန်တွေနှင့် ကြပ်ကြပ်မတ်မတ်ကုသမှု ခံယူနိုင်မှသာ မိခင်ရော ကလေးပါ အသက်ချမ်းသာရာရနိုင်ပါတယ်။ ဒီရောဂါကြောင့် တစ်နှစ်မှာ မိခင်ပေါင်း ခြောက်သောင်းကျော် သေဆုံးနေရပါတယ်။ ဒီမိခင်လောင်းတွေကို Ultrasound နည်းပညာနှင့် ရောဂါရှင်တွေမှာ ဖြစ်ပေါ်တတ်တဲ့ Pulmonary Failure လို့ခေါ်တဲ့ အဆုတ်ရောင်ရောဂါ ရှိ၊ မရှိ ကြိုတင်ခန့်မှန်းလို့ရနိုင်ပါတယ်။ အဆုတ်ရောဝင်ပြီး Respiratory Failure လို့ခေါ်တဲ့ အဆုတ်အလုပ်မလုပ်နိုင်ဘဲ အသက်ဆုံးရှုံးရတာဟာ ဒီရောဂါကြောင့် သေဆုံးရခြင်းမှာ တစ်ခုဖြစ်ပါတယ်။ ဒီအကြောင်းကို ပြင်သစ်နိုင်ငံ Nord-Marseille ဆေးရုံက သားဖွားဆရာဝန်ကြီးတွေနဲ့ ဓာတ်မှန်ပညာရှင်တွေရဲ့ ပူးပေါင်းလေ့လာထားချက်ကို Journal of Anesthesiology မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

စင်ကာပူနိုင်ငံဟာ ဆေးဝါးတင်သွင်းမှုမှာ ကွပ်ကဲဖို့ HSA လို့ အတိုကောက်ခေါ်တဲ့ Health Sciences Authority အဖွဲ့ကြီးကို ဖွဲ့စည်းထားပါတယ်။ အမေရိကန်နိုင်ငံက FDA အဖွဲ့ကြီးလိုပါ။ ယခု ဒီအဖွဲ့ကြီးက စင်ကာပူနိုင်ငံကို တရားဝင်တင်သွင်းလာတာမဟုတ်ဘဲ ရောင်းချနေတဲ့ အာဟာရဖြစ်အားဆေး ရှစ်မျိုးကို မရောင်းချဖို့နဲ့ မသုံးစွဲဖို့ တားမြစ်လိုက်ပါပြီ။ ဒီဆေးတွေကို ခေါင်းစဉ်တပ်ထားတာကတော့ Dietary and Sports Nutrition Supplement အနေနဲ့ ဖြစ်ပါတယ်။ ဒီဆေးသောက်သုံးသူတစ်ချို့မှာ နှလုံးခုန်မြန်ခြင်း၊ အစာအိမ်မှာ မသက်မသာဖြစ်ခြင်း၊ သွေးတိုးခြင်း၊ အသက်ရှူရာမှာ ခက်ခဲခြင်းတို့ ဖြစ်ရတယ်လို့ ဆိုပါတယ်။ ဒီဆေးတွေအားလုံးနီးပါးမှာ Yohimbine လို့ခေါ်တဲ့ သွေးလှည့်ပတ်မှုကောင်းစေတဲ့ ဆေးတစ်မျိုးထည့်ထားပြီး စိုးရိမ်သောကဖြစ်ခြင်း၊ အိပ်မပျော်ခြင်း စတာတွေကို ဖြစ်စေတယ်လို့ ဆိုပါတယ်။ ဒီနိုင်ငံက လူအများဟာလဲ စင်ကာပူမှာ သွားရောက်အလုပ်လုပ်ကိုင်နေကြပြီး နေ့စဉ်သွားလာနေတဲ့ ခရီးသည်တွေလည်း အများအပြား ရှိတာကြောင့် ဒီ HSA အဖွဲ့ကြီး တားမြစ်တဲ့ ဆေးတွေကို ရှောင်ရှားနိုင်ဖို့ တင်ပြလိုက်ရပါတယ်။

ဆေးလိပ်ဟာ လူတွေရဲ့ ကျန်းမာရေးကို အလွန်အမင်း ထိခိုက်စေတယ်ဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ ဒါပေမယ့် တစ်ချို့လူတွေဟာ ဆေးလိပ်ကို စွဲစွဲလမ်းလမ်း သောက်နေကြဆဲပါ။ အသက်ကြီးသူတွေ အသက် ၆၀ ကျော် ၇၀ အရွယ်တွေအတွက် ဆေးလိပ်ဖြတ်ဖို့ ခက်နေပေမယ့် အသက်ငယ်ရွယ်သူတွေအတွက်တော့ ဆေးလိပ်ဖြတ်သင့်ပါတယ်။ ဘယ်အရွယ်ဖြစ်ဖြစ် တကယ်ဆေးလိပ်ဖြတ်ချင်သူတွေအတွက် အသုံးပြုနိုင်ဖို့ အောက်ပါနည်းလမ်းလေးတွေကို အသုံးပြုနိုင်ပါတယ်-

(၁) Nicotine Gum
ပါးစပ်ခြောက်ခြင်း၊ အစာမကြေခြင်းဖြစ်တတ်ပြီး ဆေးလိပ်ဖြတ်ရန် အနည်းဆုံး သုံးလခန့် အသုံးပြုရပါတယ်။

(၂) Nicotine Inhaler
ပါးစပ်၊ လည်ချောင်းတို့မှာ ယားယံမှုဖြစ်တတ်ပါတယ်။ သုံးလထိ သုံးရပါတယ်။

(၃) Nicotine Lozenge
လည်ချောင်းနာခြင်း၊ အစာမကြေခြင်း၊ ခေါင်းမူးခြင်းတို့ဖြစ်တတ်ပါတယ်။ ၁၂ ပတ်ကနေ ခြောက်လအထိ သုံးရပါတယ်။

(၄) Nicotine Patch
ကပ်တဲ့နေရာလောက်ပဲ အရေပြားယားယံခြင်းဖြစ်တတ်ပါတယ်။ ၁၂ ပတ်အထိ အသုံးပြုရပါတယ်။

(၅) Mouth Spray
ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ အစာမကြေခြင်းတို့ဖြစ်တတ်ပါတယ်။ ၁၂ ပတ် အထိ အသုံးပြုရပါတယ်။

(၆) Sutained-Release Bupropion (Zyban)
စားရတဲ့ဆေးဖြစ်ပြီး ဆရာဝန်နှင့်တိုင်ပင်ပြီးမှ အသုံးပြုသင့်ပါတယ်။ အိပ်မပျော်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်းတို့ ဖြစ်တတ်ပါတယ်။ ခုနစ်ပတ်မှ ၁၂ ပတ်အထိ အသုံးပြုရပါတယ်။

(၇) E-Cigarette သောက်သုံးနည်း
ဒီနည်းကိုတော့ လူငယ်တွေအသုံးမပြုဘဲ ဆေးလိပ်ဖြတ်လိုတဲ့ လူကြီးတွေသာ အသုံးပြုသင့်တယ်လို့ ဆိုပါတယ်။

ဖော်ပြပါနည်းတွေထဲက ကိုယ်နဲ့အဆင်ပြေမယ့်နည်းကို ရွေးချယ်အသုံးပြုနိုင်ပါတယ်။ ဘယ်နည်းပဲသုံးသုံး မိမိစိတ်ဆန္ဒသာ အဓိကဖြစ်ပါတယ်။ ဆေးလိပ်ဖြတ်လိုသူ လူငယ်တွေ၊ လူကြီးတွေအတွက် အထောက်အကူပြုနိုင်ရန် တင်ပြလိုက်ရပါတယ်။

## ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဟောပြော

**ကန့်ဘလူ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ရေဘေးသင့်ကျေးရွာများသို့ မြို့နယ်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က ကျေးရွာပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသခြင်းများကို စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက အင်းမကျေးရွာအုပ်စု၊ ရှမ်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနယ်လှည့်ကွင်းဆင်းကုသပေးခြင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်ဦးဆောင်၍ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်ကျော်၊ မြို့နယ်ခုတင် ၁၀၀ ဆေးရုံမှ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများ၊ ချပ်သင်းတိုက်နယ်ဆရာဝန်များနှင့် သူနာပြုများ၊ ရှမ်းကကျေးရွာဆရာတော်နှင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးကြသည်။

ကန့်ဘလူမြို့ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာမေစန်းချိုနှင့် အရိုးအကြောအထူးကု ဒေါက်တာညီညီတင်၊ ကလေးအထူးကု ဒေါက်တာနီလာအောင်၊ သားဖွားမီးယပ်အထူးကု ဒေါက်တာနန်းမြသူဇာမောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်အသင်းဥက္ကဋ္ဌ ဒေါ်ခင်ချိုဦး၊ ငှက်ဖျားရောဂါနှင့်တီဘီတိုက်ဖျက်ရေးအဖွဲ့တို့က ကျေးရွာပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျားရောဂါများ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ဆောင်ရန် ရှောင်ရန်များ၊ ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဟောပြောကြသည်။

အင်းမ၊ ရှမ်းကုန်း၊ ပင်းတဲနှင့် ဟင်းဖြူတောကျေးရွာများမှ ရဟန်းရှင်လူပြည်သူများအား အထူးကုဆရာဝန်ကြီးများအဖွဲ့က ကျန်းမာရေးစစ်ဆေးကုသမှုများ အခမဲ့ဆောင်ရွက်ပေးရာ ဒေသခံစုစုပေါင်း ၄၀၉ ဦးကို ကုသပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### ဖတ်စရာ

## ရွှေနန်းတော်အတွင်းနန်းဝတ်နန်းစားများဖြင့်ဓာတ်ပုံရိုက်ကူးမှုများလာ

**à တိမ်တမန်**

မန္တလေးမြို့ဂုဏ်ဆောင်နေသော လေးကျွန်းအောင်မြေနန်းမြို့တော်နှင့်တကွ မြန်မာ့ဗိသုကာလက်ရာများဖြင့် ခံ့ထည်စွာတည်ဆောက်ထားသော မြနန်းစံကျော်ရွှေနန်းတော်တွင် လာရောက်လည်ပတ်သော ပြည်တွင်းဘုရားဖူးများမှာ နန်းစံသောနန်းဝတ်နန်းစားများကို ငှားရမ်းဝတ်ဆင်ကာ အမှတ်တရဓာတ်ပုံရိုက်ကူးသည့်မြင်ကွင်းသည် ရွှေနန်းတော်နှင့် ရှေးခေတ်မြင်ကွင်းပမာ ခံစားသွားရသောမြင်ကွင်းများဖြစ်နေသည်။

ထိုသို့နန်းစံသော နန်းဝတ်နန်းစားများကို ငှားရမ်းရိုက်ကူးမှုသည်လည်း ခေတ်စားလာကာ ရိုက်ကူးမှုများလာပြီး နိုင်ငံတကာခရီးသွားဧည့်သည်များကမူ မြင်ရခဲသောမြင်ကွင်းဖြစ်သည့်အတွက် အထူးသဘောကျကာ မှတ်တမ်းယူကြသည်။

ထားဝယ်ဆောင်တွင် နန်းဝတ်နန်းစားများကိုငှားရမ်းဝတ်ဆင်နိုင်သည့်အတွက် ငှားရမ်းဝတ်ဆင်သူများပြားလျက်ရှိသည်။ ငှားရမ်းသူမှပင် အဝတ်အစားများကို ဆင်မြန်းပေးကြသည်။

ပြည်တွင်းဘုရားဖူးများမှ နန်းဝတ်နန်းစားများဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးမှုများသည် မြနန်းစံကျော် ရွှေနန်းတော်ကြီးနှင့်ရှေးခေတ်နန်းတွင်းသူ၊ နန်းတွင်းသားစစ်သည်ရဲမတ်များသရုပ်ကို ပေါ်လွင်လျက်ရှိသည်။

မန္တလေးရောက်သူတိုင်း ကျုံးပတ်လည်ကာရံထားသည့် မြနန်းစံကျော်ရွှေနန်းတော်ကြီးထဲသို့ လှည့်လည်လေ့လာကြသည်။ ရွှေနန်းတော်ကြီးမှာ ပြည်တွင်းဘုရားဖူးများသာမက နိုင်ငံတကာခရီးသွားဧည့်သည်များကို အထူးဆွဲဆောင်သော သမိုင်းဝင်နေရာတစ်ခုပင်ဖြစ်သည်။ အပြင်မှကြည့်လျှင်ပင် ကျုံးရေကြည်များဝန်းရံထားကာ လှပသောနန်းမြို့ရိုးက ထန်းပင်များစွာဖြင့် သဘာဝကျစွာတည်ရှိနေသည်။

နန်းတွင်းဝင်သွားသည်နှင့် ရှေးမူရှေးဟန် သစ်သားပန်းပုဖြင့်ထွင်းထုရေးသားထားသော မြို့တည်နန်းတည် ဆိုင်းဘုတ်မှစကာ ဆွဲဆောင်မှုရှိလှသည်။ နန်းတော်အတွင်း စတင်ဝင်ရောက်သည်နှင့် ရှေးခေတ်အမြောက်ကြီးများက ဆီးကြိုနေသလို ရွှေရောင်ဝင်းနေသော ရွှေနန်းတော်ကြီးက လှပခံ့ထည်စွာ တည်ရှိနေသည်ကို တအံ့တသြကြည့်ရှုနေရပေသည်။

ရှေးမူရှေးလက်ရာများနှင့်အတူ အရှေ့စမုတ်ဆောင်လှေကားများမှ စတင်ဝင်ရောက်မိလျှင်မိချင်း ရှေးခေတ်နန်းတော်အတွင်းဝင်ရောက်နေရသည့် ခံစားမှုများကို ခံစားသွားရပေသည်။ ဇာတ်လမ်းများဇာတ်သဘင်များတွင် သရုပ်ပြဖော်ကျူးထားသော ညီလာခံသဘင်မြင်ကွင်း အနေအထားနှင့်အတူ ရှေးခေတ်ရှင်ဘုရင်၊ မိဖုရား၊ နန်းတွင်းသူ၊ နန်းတွင်းသားတို့ ပြုမူလှုပ်ရှားမှုတို့ကိုပင် ခံစားရှုမြင်နိုင်ပေသည်။

လက်ရှိကာလတွင် ရွှေနန်းတော်ကြီးအတွင်း နိုင်ငံတကာခရီးသွားဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးများဖြင့်နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။ ပြည်တွင်းဘုရားဖူးများ နန်းဝတ်နန်းစားများဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးမှုများသည် နန်းတော်၏အလှ၊နန်းတော်ဟန်ပန်တို့ကို ပိုမိုပေါ်လွင်စေပြီးနိုင်ငံတကာ ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသော မြင်ကွင်းတစ်ခုအဖြစ် တည်ရှိနေသည်။

## အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်

**ကျိုင်းတုံ စက်တင်ဘာ ၈**

ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်းနှင့် မိုင်းပျဉ်းမြို့နယ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများအဖြစ် ဇီဝသဲရေစစ်အိုး (Bio Sand Filter) သင်တန်းနှင့် မော်တာအပ်ချုပ်စက်သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်နေလူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန်နှင့် မိသားစုဝင်ငွေများ တိုးတက်လာစေရန် ရည်ရွယ်၍ သက်ဆိုင်ရာ မြို့နယ်များတွင် ပထမအကြိမ် ဇီဝသဲရေစစ်အိုးသင်တန်းကို တစ်ကြိမ်လျှင် သင်တန်းကာလ သုံးရက်ဖြင့်လည်းကောင်း၊ မော်တာအပ်ချုပ်စက်သင်တန်းကို သင်တန်းကာလ ၄၅ ရက်ဖြင့်လည်းကောင်း သင်တန်းများ အသီးသီးဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ ကျေးလက်လူငယ် ၁၂၀ အား အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ညောင်လေးပင်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းများဆောင်ရွက်

**ညောင်လေးပင် စက်တင်ဘာ ၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ညောင်လေးပင်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကလိန်ခင်ကျေးရွာ၊ ကောက်ကွေ့ကျေးရွာ၊ ရေဆုံးကျေးရွာ၊ အရှေ့ဇီးကံ ကျေးရွာ၊ ဝိုင်မင်္ဂလာကုန်းကျေးရွာ၊ ပြည်ကိုယ်တော်ကျေးရွာ၊ စစ်ကုန်းကျေးရွာ၊ အောင်ကြီးကျေးရွာ၊ ရေတွင်းကုန်းကျေးရွာနှင့် ကဒါးကျေးရွာ စသည့်ကျေးရွာ ၁၀ ရွာကို ရွေးချယ်သတ်မှတ်ခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ထောက်ကူဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဦးစီးဌာနဝန်ထမ်းများနှင့်အတူ သွားရောက်ခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်း တာဝန်ပေးခြင်းများကို ဆောင်ရွက်ခဲ့ရာ ဩဂုတ်လ နောက်ဆုံးပတ်တွင် ကျေးရွာအားလုံးဆောင်ရွက်ပြီးစီးဖြစ်သည်။

**စောလင်းအောင် (ပိန်းဇလုပ်)**




၂၀၁၆ခုနှစ်၊ ၄လပိုင်း၊ ပညာသင်နှစ်အတွက် ဂျပန်နိုင်ငံရှိ
Mainichi သတင်းစာတိုက်ကြီး၏ ပညာတော်သင်ကျောင်းသားခေါ်ယူခြင်း

ပညာတော်သင်ကျောင်းသားအနေဖြင့် ပညာသင်ရင်း၊ သတင်းစာအရောင်းဆိုင်တွင်အချိန်ပိုင်းအလုပ်လုပ်ရင်းဖြင့်၊ ဂျပန်စာကျောင်းကို အောင်မြင်ပြီးနောက်ဂျပန်ကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်ကာ နိုင်ငံတကာတွင် လုပ်ကိုင်နိုင်သောသူတစ်ယောက်ဖြစ်လာ နိုင်မည့်အခွင့်အလမ်းကောင်း

**ခေါ်ယူမည့် ကျောင်းသား**

၁။ ၂၀၁၆ခုနှစ် ၄လပိုင်းမှ ၂၀၁၈ခုနှစ် ၃လပိုင်းအထိ ၂နှစ်ကြာ၊ ဂျပန်စာသင်ကျောင်းတွင် ပညာသင်ယူရင်း သတင်းစာတိုက်တွင် အချိန်ပိုင်းအလုပ်လုပ်ကိုင်နိုင်သူ။ (ကျန်းမာရေးကောင်းသူ)
၂။ တက္ကသိုလ်ဘွဲ့ရရှိပြီးသူ၊ ကျား/မ အသက် ၃၀အောက် (သို့) ၂၀၁၅ခုနှစ်အတွင်း ဘွဲ့လက်မှတ်ရမည့်သူ။
၃။ ဆိုင်ကယ်လိုင်စင်ရှိသူ (သို့) ကားလိုင်စင်ရှိသူ (သို့) ၂၀၁၅ခုနှစ် ၁၀လပိုင်းအတွင်း လိုင်စင်ရမည့်သူ။
၄။ ဂျပန်စကား အနည်းငယ်ပြောနိုင်သူ (သို့) ဂျပန်စာသင်ယူရန် စိတ်ဝင်စားသူ။
၅။ ဂျပန်နိုင်ငံ၏ စည်းကမ်း၊ ကျောင်းစည်းကမ်း၊ အရောင်းဌာနစည်းမျဉ်းတို့ကို လိုက်နာမည့်သူ။
၆။ ဂျပန်တွင် အောင်မြင်အောင်ကြိုးစားမည်ဟု ဆုံးဖြတ်ထားသူ။

**ခေါ်ယူမည့်ပုံစံ**

၁။ ကျားမ မရွေး ကိုယ်ရေးရာဇဝင် (အင်္ဂလိပ်စာ) ကို အီးမေးလ်ဖြင့် ပို့ပေးရန်။
၂။ ဖောင်ပိတ်ရက် သည် ၂၀၁၅ခုနှစ် ၉လပိုင်း ၁၈ရက်နေ့အထိဖြစ်သည်။
၃။ ဖောင်ပိတ်စာရင်း လက်ခံပြီးနောက် အသေးစိတ်ရှင်းလင်းမည့် ရက်ကို အီးမေးလ်ဖြင့် အကြောင်းကြားပါမည်။

ဆက်သွယ်ရန် - ဦး ဆဂ (SAGA)
ဖုန်း - ၀၉-၃၉၅ ၂၅၃ ၁၄၉
E-mail - mainichi.student2016@gmail.com

**ဂရန်မူရင်းအား ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာခြင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၃၇၈)၊ မြေကွက်တည်နေရာအမှတ်(၃၇၈)၊ (၈)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဒေါ်စက်ခင်(CE-၀၂၂၃၅၃)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်စက်ခင်ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၂၃(၁၉-၁-၁၅)ဖြင့်ရရှိသူ ဦးကျော်စွာဝင်း [၁၂/ဥကတ(နိုင်)၀၁၃၁၁၁]၊ ဦးသူရဝင်း[၁၂/ဥကတ(နိုင်)၀၁၃၁၂၇]၊ ဦးဗလဝင်း[၁၂/ဥကတ(နိုင်)၀၁၃၁၁၅]တို့က ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှုလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့်ဒေါ်စက်ခင်(CE-၀၂၂၃၅၃) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းပျက်၊ အစာအိမ်၊ သွေးသန့် ကင်ဆာကြိုတင်ကာကွယ်ရန်
01-8500355

**ဝန်ထမ်းအလိုရှိသည်**
Spa ဆိုင်တွင်တာဝန်ထမ်းဆောင်ရန်
မ ( ၁၀ ) ဦး(၁၂၀၀၀၀+%)
Ph-09257776611

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး

**ဖယ်ခုံ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၄၃ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မိုင်းဖြတ် (အောက်) ကျေးရွာတွင် အများသုံးကျေးလက်အိမ်သာလေးခန်းတွဲ တည်ဆောက်ခြင်းလုပ်ငန်းအား စက်တင်ဘာ ၅ ရက်က တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေထက်ရှိန်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါလုပ်ငန်းသည် ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်၍ လုပ်ငန်းအားလုံးပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၇၀ ကျော်၊ လူဦးရေ ၃၀၀ ကျော်နှင့် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော်တို့အား ကျန်းမာသန့်ရှင်းရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်းသိရသည်။

**ကိုထွေး(ဖယ်ခုံ)**

## အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**ဆိပ်ဖြူ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဆိုက်ခမ်းကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် ပထမပိုင်းနှင့် ဒုတိယပိုင်း နှစ်ပိုင်းခွဲ၍ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုး၊ ဒုတိယပညာရေးမှူး ဦးကျော်အောင်၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဌေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်နေလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောင်းဆိုင်းဘုတ်အား ကျောင်းသား၊ ကျောင်းသူလေးများက ရွှေကြိုး၊ ငွေကြိုးဆွဲ၍ ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယပညာရေးမှူးတို့က အမှာစကားပြောကြားပြီး ပညာကဏ္ဍများနှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်တစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အထိမ်းအမှတ်အလံများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကိုမျိုး(ယောရော)**

## မြန်မာ့ရိုးရာကြေးထည်သံဆိုင်များ နာမည်ကြီးဘုရားပွဲများနှင့် ရိုးရာနတ်ပွဲများတွင် ရောင်းချဆဲ



**မန္တလေး စက်တင်ဘာ ၈**

မြန်မာနိုင်ငံလူဦးရေတွင် ကျေးလက်နေသူ များပြားလျက်ရှိသည်။ စိုက်ပျိုးရေးကို အခြေခံသည့်အတွက် ကျေးလက်တောင်သူသုံး ကြေးထည်သံထည်များ၊ အိမ်တွင်းမှုသုံး ကြေးထည်သံထည်များကို မြန်မာနိုင်ငံရှိ နာမည်ကြီးဘုရားပွဲများတွင် တွေ့နိုင်သည်။ မြန်မာ့ရိုးရာကြေးသံဆိုင်များတွင် ကြေးထည်သံထည်များကို မြန်မာနိုင်ငံဒေသအနှံ့မှမှာယူကာ တစုတစည်းတည်း ရောင်းချခဲ့ကြသည်။

ဘုရားပွဲများတွင် လိုက်လံရောင်းချသော ကြေးသံဆိုင်များတွင် ဓားအမျိုးမျိုး၊ နှင်တံ၊ တူရွင်းပေါက်ပြား၊ ဂေါ်ပြား အသေး-အကြီး၊ လင်းကွင်း၊ ကြေးစည်၊ သားရေလည်ပတ်ကြိုး၊ ချိန်ခွင်၊ အလေး၊ ဒယ်အိုး၊ ဒန်အိုး၊ ကြေးပန်းအိုး၊ ကတ်ကြေး၊ မွေးညှပ်၊ မီးညှပ်၊ နွားခလောက်မှအစ ကျေးလက်သာမက မြို့ပြသုံး ကြေးထည်သံထည်များကို တစ်နေရာတည်းတွင် တစုတစည်းတည်း ရောင်းချကြသည်။

ကြေးထည်သံထည်ဆိုင်များတွင် ပစ္စည်းအမျိုးမျိုးကို နာမည်ကြီးရာနေရာများမှ မှာယူတင်သွင်းရောင်းချကြသည်။ ဓားအမျိုးမျိုးကို တံတားဦးမြို့နယ် ချောင်းခွမှ မှာယူရောင်းချသည်။ တူရွင်း၊ ခလောက်၊ ချိန်ခွင်၊ ကြေးထည်အချို့ကို မိတ္ထီလာ၊ ပျော်ဘွယ်၊ ပန်းအိုးနှင့် ကြေးထည်အချို့ကို စစ်ကိုင်း၊ ကတ်ကြေးကို မကွေး၊ နွားလည်ပတ်သားရေကို မြင်းခြံ၊ ဒန်အိုးဒယ်အိုးကို မန္တလေး၊ ရန်ကုန်နှင့် အခြားပစ္စည်းများကိုလည်း နာမည်ရရာဒေသများမှ မှာယူရောင်းချကြသည်။

ကြေးထည်၊ သံထည်သည်များကို နာမည်ကြီးသည့်ဘုရားပွဲများတွင် ဆိုင်ခန်းအကျယ်ကြီးများဖြင့် ရောင်းချကြသည်။ ကလေးငယ်များ အထူးနှစ်သက်သည့် ရိုးရာအိုးစည်ငယ်များကိုလည်း အားထားရောင်းချကြသည်။ အိုးစည်ငယ်များကို ဝယ်ယူမှုများပြားသည်။ တောင်ပြုံးပွဲ၊ ရတနာဂူနတ်ပွဲ၊ မန္တလေးကျောက်တော်ကြီးဘုရားပွဲ၊ မိတ္ထီလာဖောင်တော်ဦးဘုရားပွဲ၊ ရွှေဘိုမြို့ ထောင့်စေတီပွဲမှအစ မြန်မာနိုင်ငံအထက်ပိုင်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းရှိ ဘုရားပွဲ၊ နတ်ပွဲများတွင် တစ်နှစ်ပတ်လုံး လှည့်လည်ရောင်းချလျက်ရှိပြီး မြန်မာ့ရိုးရာ ကြေးသံဆိုင်များ အစဉ်အလာမပျက် တွင်ကျယ်စွာရောင်းချလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲ မုံရွာတွင်ကျင်းပ

**မုံရွာ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲကို မုံရွာမြို့ မြို့တော်ခန်းမတွင် စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်လေးခုအတွင်းရှိ မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေထွန်းက ရွေးကောက်ပွဲလုံခြုံရေးအတွက် တွေ့ကြုံနိုင်သည့် အခက်အခဲများနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအတွက်ဆောင်ရွက်ထားရှိမည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တွေ့ဆုံညှိနှိုင်းပွဲသို့ တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

❒

iHome 合家企業集團 Online Shopping
သတင်းကောင်း
Special Promotion (1.9.2015 to 30.10.2015)
စီးပွားရေးလုပ်ငန်းရှင်များ မိမိတို့၏ လုပ်ငန်းများနှင့် ကုန်ပစ္စည်းများကို အင်တာနက် (အွန်လိုင်း)ပေါ်တွင် အချိန်တိုတိုနှင့်ထိရောက်စွာကြော်ငြာဖိတ်ခေါ်လိုပါက iHome Online Shopping Website တွင် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မေတ္တာလက်ဆောင် ထည့်သွင်းပေးမည်ဖြစ်ပါသဖြင့် အမြန်ဆုံးဆက်သွယ်ကြပါရန် သတင်းကောင်းပါးအပ်ပါသည်။
HOT LINE - 09 79 610 1777, 09 42100 5888
www.iHomeOnlineShopping.com www.facebook.com/ihomeonlineshopping
လိပ်စာ - အမှတ်(၄၂၉၊ ၄၃၇)၊ ဇလွှာ(A,B,C)၊ ရတနာမြိုင်ကွန်ဒို၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 509 8881, 09 3148 2162

79 Home Builder
Steel Structure (သံထည်) ဖြင့် ဆောက်လုပ်မည့် လုပ်ငန်းရှင်များအတွက် သတင်းကောင်း
လူကြီးမင်းတို့ ဆောက်လုပ်မည့် Steel Structure (သံထည်) အဆောက်အအုံ၊ ဂိုဒေါင်၊ Showroom နှင့် Workshop များအား
❖ အဆောက်အအုံပုံစံရေးဆွဲပေးခြင်း (2D/3D Design) နှင့် ကုန်ကျစရိတ် တွက်ချက်ပေးခြင်း (Estimating)
❖ အဆောက်အအုံ ခိုင်ခံ့ရေးတွက်ချက် ပေးခြင်း (Structure)
❖ Y.C.D.C ပါမစ် ခွင့်ပြုမိန့် ဆောင်ရွက်ပေးခြင်း (S.E.C/ L.C/ L.S)
❖ Pre-Engineered Steel Building များ တပ်ဆင်ပေးခြင်း ကိုလဲ ဆောင်ရွက်ပေးပါသည်။
❖ Steel Structure & Civil Work ကို Materials Labours ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ် ပါသည်။
P.A.E (1 –Sqft) = (12000/-~15000/-) Kyats (Materials & Labours )
❖ အကြီးတန်းလိုင်စင်ရကန်ထရိုက်တာ (L.C) နှင့် အကြီးတန်းလိုင်စင်ရအင်ဂျင်နီယာ (L.S)၊ လိုင်စင်ရ အဆောက်အအုံအင်ဂျင်နီယာ (S.E.C) တို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။
❖ Office - အမှတ် (၅၁၇/က)၊ ဝေဇယန္တာလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
❖ Workshop - အမှတ် (၈၁)၊ ရာဇသင်္ဂြိုဟ်လမ်း၊ အလတ်စားစက်မှုဇုန်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
❖ Phone - 09-5120750, 09-8625750, 09-73085551, 09-73085552
❖ Email - 79builder@gmail.com, Website - 79homebuilder.com

ဂုဏ်ရည် ® အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆကက (စာနယ်ဇင်း) ၀၅၄/၀၇၁၃
ဂုဏ်ရည်ဆေးတိုက်
ရ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်မှ အောက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။
ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
အချိန် - နံနက် (၁၀း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

**ယမန်နေ့မှအဆက်**

သက်ခိုင်သည် ဘာမှပြန်မဖြေဘဲ ငြိမ်နေ၏။ ငယ်စဉ်က သူစက်ဘီးမစီးတတ်သဖြင့် မလေးနွယ်နင်းသော စက်ဘီးနောက်မှ လိုက်စီးခဲ့ရသည့်အဖြစ်ကို သတိရနေ၏။

မလေးနွယ်ကလည်း ဤအဖြစ်ကို သတိရသွားဟန်တူသည်။ ခေတ္တငိုင်ငိုင်လေး ဖြစ်သွားပြီးမှ ဆို၏။

"ကိစ္စမရှိပါဘူးလေ၊ မမနွယ်မောင်းပါ့မယ်၊ မောင်အဖော်တော့လိုက်ခဲ့နော်၊ အင်းယားဟော(လ်) ကို သွားကြရအောင်""ဦးလေး ကိုချစ်တိုးက ဖေ့ဖေ့ကြို့ရင်း မေ့မေ့ဈေးလိုက်ပို့တယ်၊ မောင်ခဏနေဦးနော်"

မလေးနွယ်သည် အပေါ်ထပ်သို့တက်ပြေးသည်။ မကြာမီပင် အဝတ်အစားလဲ၍ဆင်းလာ၏။

"လာ. . သွားကြရအောင်မောင်" ကားဂိုဒေါင်သို့ရောက်သောအခါ သက်ခိုင်အံ့အားသင့်သွား၏။

မလေးနွယ်စီးနေကျ စတူဒီဗေကာ ကားသည်ဂိုဒေါင်အတွင်း၌ရှိနေ၏။

"နို့. . ဒေါ်ဒေါ်က ဈေးဝယ်သွားတယ်ဆို၊ ဘယ်ကားနဲ့သွားသလဲ"

"အိမ်မှာ ကားနှစ်စီးရှိတယ် မောင်ရဲ၊ ဒီဥစ္စာက မမနွယ်တို့စီးတဲ့ ကား၊ ဟိုတစ်နေ့ညနေက မောင်မမြင်လိုက်ဘူးလား၊ ကောင်ဆယ်(လ်)အနက်ဟာ. . အဲဒါက ဖေဖေစီးတဲ့ကား၊ ဖေဖေ့ဒရိုင်ဘာက ဒီနေ့ခွင့်ယူသွားလို့"

"ဩော်. . ဒီလိုကိုး"

မလေးနွယ်သည် ကားကို ဂိုဒေါင်တွင်းမှ ကျင်လည်စွာမောင်းထုတ်လာ၏။ အပြင်ရောက်မှ ရှေ့ခန်းတံခါးကိုဖွင့်ပေးပြီး သက်ခိုင်ကို တက်စေ၏။

မိန်းကလေးတစ်ယောက် မောင်းလာသောကားကို ဘေးမှ ထိုင်စီးကာ သက်ခိုင်သည် ရှက်ရှက်နှင့် လိုက်ပါလာခဲ့ရ၏။

ဟံသာဝတီအဝိုင်းအလွန်ရှိ ခတ်ဆီဆိုင်ရှေ့၌ မလေးနွယ်က လက်ပွေ့အိတ်တွင်းမှ ဆယ်တန်တစ်ချပ်ထုတ်၍ ရောင်းသူကိုပေးသည်။ အရေးထဲမှ အရာပေါ်တော့၏။ ခတ်ဆီဆိုင်၌ အကြွေပြန်အမ်းစရာကုန်နေ၏။

မလေးနွယ်က သက်ခိုင်ဘက် လှည့်မေး၏။

"မောင်ရေ. . . အကြွေငါးမူး ပါလား"

သက်ခိုင်သည် ဣန္ဒြေမပျက်သေးဘဲ-

"မပါဘူး မမနွယ်" ဟု ဆို၏။

ခတ်ဆီထည့်ပေးသူက အလိုက်မသိဘဲ ဆို၏။

"ကျပ်တန်တစ်ရွက်ရရင်ဖြစ်ပါတယ်"

မလေးနွယ်သည် သူ့လက်ပွေ့အိတ်အတွင်းရှာကြည့်၏။ လက်ပွေ့အိတ်အတွင်း၌ ငါးကျပ်တန်နှင့် ဆယ်တန်များသာ ရှိနေ၏။

"အကြွေတစ်ကျပ်ကော မပါဘူးလား မောင်"

ဤအကြိမ်တွင် သက်ခိုင် ကောင်းကောင်းဣန္ဒြေပျက်သွားပြီး-

"မ. . မ. . ပါ. . ဘူး မမနွယ်"ဟု ထစ်ထစ်ငေါ့ငေါ့ ဆို၏။

မလေးနွယ်က သက်ခိုင်၏ မျက်လုံးများကို ကြည့်သည်။ သက်ခိုင်က မျက်နှာလွှဲလိုက်ရ၏။

> **မော်တော်ကားလှလှသည် မိန်းကလေးလှလှများနှင့် အလွန်လိုက်တတ်၏။ မိန်းကလေးလှလှက ကားလှလှကိုမောင်းသော် ကားရော မိန်းကလေးပါ ပိုလှလာတတ်၏။**

မလေးနွယ်က ခတ်ဆီထည့်ပေးသူအား လှမ်းပြောသည်။

"ကိစ္စမရှိပါဘူးလေ၊ ကားမှတ်မိတယ် မဟုတ်လား၊ ဒီမှာ ထည့်နေကြပဲ၊ အကြွေအမ်းစရာမရှိရင် ယူထားလိုက်ပါ၊ နောက်တစ်ခါကျမှ ပေးပေါ့"

ကားသည် ပြည်လမ်းအတိုင်း တက္ကသိုလ်နယ်မြေဘက်သို့ ဆက်ထွက်လာခဲ့၏။

မလေးနွယ်က စကားမပြောဘဲ တစ်စုံတစ်ခုကို စဉ်းစားရင်း မောင်းလာ၏။ သက်ခိုင်ကလည်း နှုတ်ဆိတ်လိုက်လာ၏။

မော်တော်ကား လှလှသည် မိန်းကလေး လှလှများနှင့် အလွန်လိုက်တတ်၏။ မိန်းကလေးလှလှက ကားလှလှကို မောင်းသော် ကားရော မိန်းကလေးပါ ပိုလှလာတတ်၏။

ပြောင်လက်တောက်ပသော ကား၏အရောင်က ဟပ်သောကြောင့် ပင်ကိုက ဝင်းဝါသော မလေးနွယ်၏ အဆင်းသဏ္ဌာန်သည် ပိုမို၍ရွှန်းလဲ့နေသည်။ လေတိုးသောကြောင့် ယိမ်းလွင့်လှုပ်ရှားနေသော ဆံနွယ်တို့သည် ချောမောသော မျက်နှာကို ပိုမိုအသက်ဝင်စေသည်။ မြမြမြေးသည် မွေးညင်းတို့ စိုပြည်ရာပယင်းရွှေသွေး လက်ချောင်းလေးများမှာလည်း အနက်ရောင် စတီယာရင်စက်ဝန်းကို နောက်ခံပြု၍ တင့်လွန်းမက တင့်တယ်နေသည်။

ပြည်ကျောင်းဆောင်အလွန်၌ မလေးနွယ်က စတင်စကားပြော၏။

"မမနွယ် အခုမှ သတိရတယ်၊ ပြည်နဲ့ ဒီအဆက်ပြတ်နေတယ်၊ မောင့်ဆီကို အိမ်က ငွေမလာနိုင်ဘူး၊ ဟုတ်တယ် မဟုတ်လား"

သက်ခိုင်က အဖြေမပေး။

"ငွေမသွင်းနိုင်ရင် ဟောစတယ်လ်(အဆောင်က) ထမင်းဖြတ်ပစ်တယ်ပြောတယ်၊ မောင် အခု ထမင်းမှ စားနေသေးရဲ့လား"

သက်ခိုင်ကရယ်မောလိုက်၏။

"ထမင်းမစားရဘဲ မောင် ဘယ်လိုလုပ် အသက်ရှင်နေနိုင်ပေါ့မလဲ၊ ဟုတ်ပါတယ်၊ မောင် ငွေတော့ မသွင်းနိုင်ဘူး၊ ဒါပေမဲ့ မောင့်ကို အဆောင်မှူး အဘဦးကျော်ထွန်းက သဘောကောင်းလို့ ငွေမသွင်းနိုင်ပေမယ့် မောင်တို့ ထမင်းစားနေကြရပါတယ်၊ မောင့်လို ကျောင်းသားတွေ အများကြီးပဲဟာ"

"အင်းလေ. . ထမင်းတော့ စားချင် စားနေရမှာပေါ့၊ ဒါပေမဲ့ ကျန်တာတွေ မောင် ဘာနဲ့ သုံးနေလဲ၊ ဥပမာ. . မောင်ဘယ်လို စီးကရက်သောက်ဝယ်သောက်မလဲ"

"မောင်မှ အမြဲ စီးကရက်မသောက်ဘဲ၊ ဆေးပေ့ါလိပ်သောက်တာကို"

"ထားပါတော့. . . ဆေးပေ့ါလိပ်ဖိုးကော. . . ဘယ်ကရသလဲ"

"ဩော် . . . ဒီလောက်တော့ မောင့်မှာရှိသေးတာပေါ့၊ မမနွယ်ကလည်း. . . ပူစရာ မဟုတ်တာ လိုက်ပူနေတယ်"

မလေးနွယ်သည် သက်ခိုင်ကို ဘာမျှ ထပ်မပြောတော့၊ ထပ်ပြော၍လည်း ရမဟုတ်မှန်း မလေးနွယ် အသိဆုံးဖြစ်၏။

ကားသည် အင်းယားကျောင်းဆောင်ရှေ့၌ ထိုးရပ်လိုက်၏။ မလေးနွယ်က လက်ပွေ့အိတ်ကလေးကို ယူပြီး ကျောင်းဆောင်အတွင်းသို့ ဝင်သွား၏။ သက်ခိုင်က ကားပေါ်၌ပင် ထိုင်စောင့်နေရစ်၏။

ကျောင်းဆောင်ဝင်းအတွင်း၌ ကားအတော်များများ ရှိနေသည်။ ညက ခေးပြတိုက်မှုကြီးကြောင့် မြို့တွင်း၌ ဆွေမျိုးမိတ်သဟာရှိသူကျောင်းသူအချို့သည် လာခေါ်သောကားများထက်သို့ တက်နေကြ၏။

ကျောင်းသူအများကမူ ဝရန်တာ၌ ထွက်ရပ်ကာ ပြုံးပြုံးရွှင်ရွှင်ပင် ရှိနေကြသည်။ အချို့ကမူ ကျောင်းဝင်းအတွင်းအပြင်တွင် အေးအေးလူလူ လမ်းလျှောက်နေကြ၏။ အချို့ကမူ လာရောက်အားပေးသော ကျောင်းသားများနှင့် ကိုယ့်ဆိုင်ရာကိုယ်စီ အသီးသီး စကားပြောနေကြ၏။ ကျောင်းသားများအနက် သက်ခိုင်နှင့် သိသူများလည်း ပါသည်။ မသိသူများလည်း ပါသည်။ သူတို့က သက်ခိုင်ကို စိတ်ဝင်စားစွာ လှမ်းကြည့်နေကြ၏။

**(ဆက်လက်ဖော်ပြပါမည်။)**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


ဂီတမျိုးမောင်လှအေး စီစဉ်တင်ဆက်သော "ဆက်ရှမ်းမြဲပြန့်မာဂီတတီးသံများ"

[CLASSICAL MUSIC OF MYANMAR (Vol. 1 - 6)]



သင့်ရဲ့အိမ်မှာဖြစ်စေ၊ သင့်ရဲ့ဆိုင်မှာဖြစ်စေ၊ ဟိုတယ်မှာဖြစ်စေ၊ ကားမောင်းနေရင်းဖြစ်စေ၊ နိုင်ငံခြားသားများကို ဂုဏ်ယူဝင့်ကြွားစွာ လက်ဆောင်ပေးလို၍ဖြစ်စေ သာယာငြိမ့်ညောင်းပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကြည်နူးဖွယ်မြန်မာ့ဂီတတီးလုံးများကို နားဆင်လိုသူများအတွက်. . . Audio CD များ ထွက်နေပါပြီ။

ဝယ်ယူရရှိနိုင်သောနေရာများ

Tab Book (တော်ဝင်စင်တာ)၊ ဂမုန်းပွင့်ကုန်တိုက်(မြေနီကုန်း)၊ စိန်ဂေဟာ(လှည်းတန်း)၊ Victoria ကုန်တိုက်(Excell Tower)၊ Super One (ကျိုက္ကဆံ/ရွှေဘုံသာ)၊ Feel စားသောက်ဆိုင်(၁၁၅) မိုင်၊ မန်းသီရိတေးသံသွင်း၊ Bagan House Souvenir Shop

ဖြန့်ချိရေး – Golden Land Music Production Ph: - 01 295 568, 01 297 918



အမေရိကန်ပညာရေး စိတ်ဝင်စားသူများအတွက်


တက္ကသိုလ်ဝင်တန်း (or) IGCSE အောင်ပြီးပါက ကုန်ကျစရိတ်သက်သာစွာဖြင့်

မိမိကြိုက်နှစ်သက်ရာ Major ကိုရွေးချယ်ကာ (၄)နှစ်အတွင်း USA ဘွဲ့ရနိုင်ခြင်း

မိမိသင်ယူလိုသောဘာသာရပ်ကို USA College and University များသို့ တိုက်ရိုက်တက်ရောက် ပညာသင်ကြားနိုင်မည့် အခွင့်အရေးရှိခြင်း တို့ကြောင့်

မှန်ကန်သော ပညာရေးလမ်းကြောင်း ရွေးချယ်နိုင်ရန် (အခမဲ့) လာရောက်ဆွေးနွေးနိုင်ပါသည်၊

Sep'15 အတွင်း Admission ပြုလုပ်သော ပထမဆုံးကျောင်းသား(၅)ဦးအတွက် Samsung Galaxy E7(Brand new) Handset ပေးလက်ဆောင်ပေးနေပါပြီ



www.myanmartelesis.com

Myanmar Telesis

Call Us: 01 - 527168 09 - 796114575



ueu uEia|umi;a|umjim

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၃၃/ခ၊ မြေကွက်တည်နေရာအမှတ်-၃၃၊ နဝရတ်(၁၀) လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစောလှမောင်[၁၂/သကတ(နိုင်)၀၅၄၃၈၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးစောလှမောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စန်းငွေ[၁၂/သကတ(နိုင်)၀၅၁၃၈၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


**သွေးသည် အသက်**

# သုံးလပဲ(ခေါ်)ပင်ထောင်မိုးမြေပဲ အထွက်ကောင်းပြီး ဈေးကောင်းရသဖြင့် တောင်သူများအဆင်ပြေ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မေလကုန် (နယုန်လဆန်း) က စတင်စိုက်ပျိုးခဲ့ကြသည့် သုံးလပဲခေါ် ပင်ထောင်မိုးမြေပဲများကို စက်တင်ဘာလဆန်းမှစ၍ နုတ်သိမ်းနေကြပြီး မြေပဲနှင့် မိုးအဆင်သင့်သည့်နှစ်ဖြစ်သဖြင့် မြေပဲစိုက်တောင်သူများ ပဲအထွက်ကောင်းသည့်အပြင် သီးနှံပေါ်ချိန်တွင် ဈေးကောင်းရရှိနေကြသဖြင့် မြေပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ပင်ထောင်မျိုးဖြစ်သည့် ဒေသအခေါ် ဂျပန်ပဲသေးဟုခေါ်သည့် မကွေး(၁၀)ကို အများဆုံးစိုက်ပျိုးကြကြောင်း သိရပြီး၊ ဩဂုတ်လဆန်းပိုင်းတွင် ရက်ရှည်စွေ၍ ရွာခဲ့သောမိုးကြောင့် နှမ်းသီးနှံအထွက်နှုန်း ထိခိုက်မှုရှိခဲ့သော်လည်း မြေပဲသီးနှံမှာမူ သီးနှံနှင့် မိုးရာသီကိုက်ညီသဖြင့် အထွက်နှုန်းကောင်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်က သုံးစိတ်ပဲကြဲလိုက်တာဗျ။ ဟိုဘက်တစ်ခြမ်းကို နှမ်းကြဲလိုက်တာလေ။ နှမ်းကမှန်းချက်နဲ့ နှမ်းထွက်မကိုက်ဘဲဖြစ်သွားတယ်။ အထွက်ကောင်းတဲ့မြေပဲကျတော့လည်း နည်းသွားပေ့ါဗျာ။ ဒါပေမဲ့ ပဲက ဥတယ်ဗျ။ ဒီနှစ်မိုးက ပဲအကြိုက်ဖြစ်သွားတော့ရကြပါတယ်။ ကျွန်တော်ကတော့ ခုမှဆွတ်တုန်းဆိုတော့ ဘယ်လောက်ရမလဲမသိသေးဘူး။ ဒီနှစ်ကဈေးလည်းကောင်းတော့ ထွက်ရင်ထွက်သလောက်အဆင်ပြေတာပေ့ါဗျာ" ဟု ရေထွက်ကျေးရွာမှ ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ကျောက်ပန်းတောင်းမြို့နယ်တောင်ဘက်ခြမ်းရှိ ဘုရားကြီးကုန်း၊ တလိုင်းကန်၊ လွင်ပင်ကုန်း၊ ကျောက်စစ်ကန် အစရှိသည့်ကျေးရွာဒေသများဘက်တွင် မြေပဲတစ်တင်းကျစိုက်ပျိုးသူများ တင်းငါးဆယ်ကျရရှိကြ၍ မြေပဲနှစ်တင်းကျ (တစ်ဧက) လျှင် ပဲအထွက်တင်း ၁၀၀ အထိရရှိကြကြောင်း သိရသည်။



ပဲနုတ်သိမ်းချိန်တွင် အလုပ်သမားငှားရမ်းမှုမှာ ပုတ်ပြတ်စနစ်ဖြင့်သာ လုပ်ကိုင်ကြပြီး မိမိတို့အစုအဖွဲ့အလိုက် အလုပ်သမားခေါင်းမှ အခင်းပြတ်သော်လည်းကောင်း၊ မြောင်းအလိုက် (အပင်တန်းအလိုက်) သော်လည်းကောင်း ဈေးပြတ်လုပ်ကိုင်ကြသည်။ နုတ်ပြီးမြေပဲပင်များကို တစ်ဖန်ပဲဆွတ်ရန်အတွက် ထပ်မံ၍ တစ်မနက်လျှင် လုပ်သားတစ်ဦး ၁၀၀၀ ကျပ်ဖြင့် ငှားရမ်းရပြီး အချို့ကျေးရွာများတွင်မူ တစ်တင်းဆွတ်ခ ၁၅၀၀ ကျပ်အထိ ပေးရသည်။

ယခုနှစ်မိုးရာသီ ဆီထွက်သီးနှံအဖြစ် ကျောက်ပန်းတောင်းမြို့နယ်တွင် သုံးလပဲနှင့် ခြောက်လပဲနှစ်မျိုးနှင့် မိုးလယ်စိုက်ပျိုးမည့်မြေပဲသီးနှံအပါအဝင် စုစုပေါင်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ယခုမိုးဦးတွင်စိုက်ပျိုးခဲ့သည့်သုံးလပဲမှာ ရာသီပေါ်ဈေး အတောင့်တစ်တင်းလျှင် ငွေကျပ် ၁၂၅၀၀ မှ ၁၃၅၀၀ ကျပ်အထိ ရရှိနေကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများ ဆောင်ရွက်

**ကောလင်း စက်တင်ဘာ ၈**

ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာသူများအား နှစ်သိမ့်ဆွေးနွေးခြင်းများကို စက်တင်ဘာ ၂ ရက်မှ အောက်တိုဘာ ၂ ရက်ထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းဆောင်ရွက်မှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှဝန်ထမ်းများဖြင့် စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးမှုအဖွဲ့များ (Psycho Social Care And Support Teams) ဖွဲ့စည်းပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများနှင့် စိတ်ဖိစီးမှုဒဏ်ရာရရှိသော အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် စိတ်လူမှုရေးဆိုင်ရာပံ့ပိုးမှု (Psycho Social Care And Support) နှင့် နှစ်သိမ့်ဆွေးနွေးခြင်း (Social Counseling) များကို ပြုလုပ်မည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်း ၉ ဦးနှင့် စေတနာရှင်လူငယ်များဖြင့် ကျေးရွာ ၃၉ ရွာတွင် လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် ကုလသမဂ္ဂနိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF) နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ဒေသခံပြည်သူများပူးပေါင်းပြီး ကလေးပျော်ကျောင်းများနှင့် ကလေးပျော်နေရာများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**

# အုတ်သယ်၊ သဲသယ်ယာဉ်ကားကြီးများ ဖြတ်သန်းမောင်းနှင်မှုကြောင့်လမ်းငယ်များပျက်စီး

**ပုသိမ် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြို့တော်ပုသိမ်မြို့ ရွှေဝတ်မှုံ(၁) ရွှေဝတ်မှုံ(၂) ရပ်ကွက်များသည် အငြိမ်းစားအရာရှိများနေထိုင်သော ဆိတ်ငြိမ်ရပ်ကွက်ဖြစ်ပြီး ပုသိမ်တက္ကသိုလ်ကြီးကို အမှီပြု၍ နယ်ဝေးမှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများသည် ရပ်ကွက်တွင်ဖွင့်လှစ်ထားသော ဘော်ဒါဆောင်များကို အမှီပြုနေထိုင်လျက်ရှိနေကြသည်။ ယခုအခါ ရွှေဝတ်မှုံ(၂)ရပ်ကွက်၊Golden Crossing အရှေ့လမ်းထဲသို့ အုတ်သယ်၊ ကျောက်သယ်၊ သဲသယ်သောကားကြီးများ နေ့စဉ်ဖြတ်သန်းမောင်းနှင်နေမှုကြောင့် ရပ်ကွက်အတွင်းလမ်းမှာ ဖြတ်သန်းသွားလာ၍မရအောင် ပျက်စီးလျက်ရှိနေကြောင်း သိရသည်။

အဆိုပါလမ်းအတွင်း၌ ဇမ္ဗူထွန်းတင့်ဘော်ဒါဆောင်၊ ရေဝတီဆောင်၊ ၁၁၉ ဘော်ဒါဆောင်၊ ကညင်ဘော်ဒါဆောင်၊ မိဘမေတ္တာဘော်ဒါဆောင်များ၌နေကြသော ကျောင်းသူလေးများနှင့် ရပ်ကွက်ပြည်သူများမှာ သွားလာရေး ခက်ခဲလျက်ရှိနေကြောင်း သိရသည်။

ရပ်ကွက်လမ်းသွယ်အတွင်းသို့ ကားကြီးများဝင်ရောက်မှုကို တားမြစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးပြီး ပျက်စီးသွားသော ရပ်ကွက်တွင်းလမ်းသွယ်အား ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးစေလိုကြောင်း ရပ်ကွက်နေ လမ်းသူ၊ လမ်းသားများနှင့် ကျောင်းသား၊ ကျောင်းသူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ညီညီ**


စက်မှုဇုန်မြေကွက်ရောင်းမည်
မြစိမ်းရောင်စက်မှုဇုန်၊ လှိုင်သာယာမြို့။
မြေကွက်အမှတ်–C6 -( 3.451)ဧက၊C7-( 2.952)ဧက
ဖုန်း – ၀၁–၂၁၁၄၅၆ / ၀၉ –၇၃၀၆၀၄၂၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
HIACE အံစာတုံး ၁၅၊၁၂၊၁၀ယောက်စီး
ဓါတ်ဆီ၊ဒီဇယ်ဂျပန်ကားများကို ၁၂၃-ဘီ၊
သံလွင်လမ်းခြံတွင်ကြည့်ရှုဝယ်ယူနိုင်ပါသည်။
Ph:09 5117580

VALUESTAR
EDUCATION CENTRE
• Revit (Archi & Structure)
• Auto CAD (Inter & Advanced)
• Civil Project Training
• Estimate
• Etabs & Safe
• 3ds Max
တစ်ဦးချင်း အချိန် ညှိနှိုင်း သင်ကြားပေးပါသည်။

ကား မျိုးစုံ
(Alphard/Crown/MarkII/အနံတဘုံး/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၇ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ဈေးသက်သာစွာ ငှားရမ်းပေးပါသည်။
Ph : 09795549249, 095418126

မိုး
(နေထိုင်မှုအခမဲ့)

01-8500355

Topsyne® HERBAL CREAM
အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်
ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ
သုံးစွဲသူများအတွက် အထူးကံစမ်းမဲ
( 15.5.2015 - 15.3.2016 )
1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု

မျက်နှာအသားအရေ၏ အစိုဓာတ်ကို ကြာရှည်ထိန်းပေးထားနိုင်စွမ်း ရှိသောကြောင့် ရေရှည်သုံးစွဲပေးပါက အရေးအကြောင်းဖြစ်ခြင်း၊ ချွေးပေါက်ကျယ်ခြင်းကို ကာကွယ်ပေးနိုင်၍ ရှိရင်းစွဲအရွယ်ထက် နုပျိုစေနိုင်ပါသည်။ နေရောင်ခြည်ဒဏ်ကို နစ်ဆ ကာကွယ်ပေးနိုင်၍ တင်းတိတ်၊ မှဲ့ခြောက်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ လိမ်းထားစဉ် မိတ်ကပ်လိမ်းထားမှန်း မသိသာဘဲ သဘာဝအလှအတိုင်း ဝင်းပနေစေပြီး အဆီပြန်ခြင်း ကင်းစေပါသည်။
Apple Production Co., Ltd. - (01) 581391, 581844, 581886 (09) 86 18081 , 49 316408

# ဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)** သို့မဟုတ် **(B.D.S)** ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ **(Grading Certificate)** အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)နှင့် ပတ်စပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး၊ အောက်တိုဘာလ ၂၉ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

အထူးကျေးဇူးတင်စွာ | ဂျပန်နိုင်ငံမှ ART GRAGE နည်းပညာဖြင့် အနုပညာဖန်တီးချက် | အထူးကျေးဇူးတင်စွာ



~ မင်္ဂလာဆောင်ရုပ်ပုံလွှာတွင် နေ့အတိ၌ ရိုက်ကူးထားသော သတို့သားနှင့်သတို့သမီး ပုံသည် နောက်ခံတေးသံနှင့်အတူနေ့အတိတွင် ဝတ်ဆင်ထားသော မင်္ဂလာဆောင်ဝတ်စုံသည် မူလအရောင်မှ နောက်အရောင်တစ်မျိုးသို့ကူးပြောင်းသွားပြီး နောက်ခံ backdrop သည်လည်း အသွင်တစ်မျိုးဖြစ်ပေါ်လာပါမည်။

~ ဤနည်းပညာဖြင့်မိမိတို့၏ နှံ့အဆောက်အအုံ၊ နေအိမ်၊ ဘာသာရေး အဆောက်အအုံများ၊ ရှုခင်းပုံများ၊ ဘဝအတွက် အမှတ်တရထားရှိလိုသော မိသားစု ဓါတ်ပုံများ၊ ဘွဲ့နှင်းသဘင်ဓါတ်ပုံ၊ အနုပညာရှင်များအတွက် အနုပညာနှင့် ပတ်သက်သည့် ထူးခြွန်ဆုနှင့်အတူ ရိုက်ကူးထားသော အမှတ်တရပုံများ စသည်တို့ကို ART GRAGE နည်းပညာဖြင့်ထည့်သွင်းဖန်တီး၍ မိမိအတွက်သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်း၊ လူကြီးမိဘ၊ ဆရာသမားများအတွက်ပါ အမှတ်တရလက်ဆောင်အဖြစ် ပေးနိုင်ရန် လုပ်ဆောင်ပေးလျက်ရှိပါသည်။ ~



၁၉၉၄ခုနှစ်တွင် ART GRAGE နည်းပညာကို ဂျပန်နိုင်ငံတွင် MR.KAZUO NAKANO က အောင်မြင်စွာတီထွင်နိုင်ခဲ့ပြီး ၂၅နိုင်ငံတွင် မူပိုင်မှတ်ပုံတင်ထားပါသည်။ ဤ ART GRAGE နည်းပညာသည် အလင်း (Light) နှင့်တေးသံ (Music)တို့ကို ပေါင်းစပ်ထားသောအနုပညာ Composite Art အဖြစ် ဖန်တီးထားရှိပြီး ကြည့်ရှုခံစားသူ၏ စိတ်နှလုံး ကြည်လင်လန်းဆန်းစေရန် ရည်ရွယ်ဖန်တီး ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ကြည့်ရှုခံစားသူအနေဖြင့် တေးသံကိုနားဆင်ခံစားနေစဉ် စက္ကန့်ပိုင်းအတွင်း မိမိကြည့်ရှုနေသော ကားချပ်ထဲတွင်ရေးဆွဲထားသော မူလရုပ်ပုံများသည် အသွင်တစ်မျိုးကူးပြောင်းသွားပြီး တစ်ဖန်စက္ကန့်အနည်းငယ်အတွင်း မူလရုပ်ပုံလွှာအဖြစ် ပြန်လည်ရောက်ရှိသွားပါမည်။



**အရောင်းပြခန်းနေရာ**

လူကိုယ်တိုင်လာရောက်လေ့လာကြည့်ရှု စုံစမ်းနိုင်ရန်အတွက် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းလမ်း၊ အမှတ် (၁၂) Golden Butterfly Hotel (ရွှေလိပ်ပြာဟိုတယ်) တွင်အရောင်းပြခန်းဖွင့်လှစ်ထားရှိပြီး ဆက်သွယ်ရန်ဖုန်းနံပါတ်သည် ၀၁-၅၄၁၉၇၈-၉/ ၀၁-၅၄၁၉၈၁-၈/ ၀၁-၅၄၁၉၉၀-၃

အရောင်းပြခန်းဖွင့်ရက်မှာ နံနက် ၀၉:၀၀နာရီ မှ ညနေ ၀၇:၀၀ နာရီ ဖြစ်ပြီး ဗုဒ္ဓဟူးနေ့ မှ တနင်္ဂနွေနေ့အထိနေ့စဉ်ဖွင့်လှစ်ပါသည်။

Email: minnadifamily@gmail.com

Art Produced By
Art Grage

Ad Designed By
Ygn PRODUCTION
Youth Generation Neighbourhood

© 2015 All Rights Reserved

---

**KMD** Education Services

ISO | NCC | SQA | LCCI | City & Guilds | HUAWEI | Microsoft Official Learning Partner

နိုင်ငံတကာအသိအမှတ်ပြု IT Professional [illegible] KMD မှ ကြိုဆိုလျက်ပါ။



အစိုးရဌာနများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အလုပ်ရှာဖွေရေး Agency များ၊ လူမှုရေး အသင်းအဖွဲ့များအတွက် သင်တန်းချိန် နှင့် သင်တန်း များကို လိုအပ်ချက်ပေါ်မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။

အပါတ်စဉ်တန်းခွဲသစ်များ နှင့် Seminar များ စီစဉ်ပေးထားပါသည်။

Hotline 09 262 600450

| | | | | | | |
|---|---|---|---|---|---|---|
| (ပန်းဆိုးတန်း) | (မြေနီကုန်း) | (လှည်းတန်းသမိုင်း) | (သိမ်ဖြူဈေး) | (တာမွေ-၁/၂) | (လှည်းတန်း-၁/၂) | (ကမ္ဘာအေး) |
| ဖုန်း-၃၈၁၀၃၅၊ ၃၈၁၁၂၉ | ဖုန်း-၅၂၇၄၃၆၊ ၅၀၂၂၃၃ | ဖုန်း-၂၂၀၅၅၅၊ ၂၃၃၀၈၀ | ဖုန်း-၃၈၄၂၆၈၊ ၃၈၄၆၄၃ | ဖုန်း-၅၄၁၃၂၈/၅၄၆၆၀၀ | ဖုန်း-၅၂၄၄၀၀/၅၀၂၂၁၁ | ဖုန်း-၆၆၀၈၈၇ |

---

**AUNG JAPANESE ACADEMY (SINCE 2007)** ဦးအောင်သန်းဦး (MA, Japan) ဦးစီးသည့် (ဂျပန်စာအထူးပြုကျောင်း)

# ကြိုးစားလိုသောလူငယ်များအတွက် ဂျပန်နိုင်ငံတွင် အချိန်ပိုင်းအလုပ်လုပ်ရင်း ပညာလည်းသင်ယူနိုင်မည့်အခွင့်အရေး

**Study in JAPAN**

N2 အောင်မြင်ပြီးသူများ ပညာသင်ဆုလျှောက်ထားနိုင်သည်။

**2016 April ဂျပန်ပညာသင်သွားလိုသူများအတွက်လက်ခံဆောင်ရွက်ပေးနေပါပြီ။ တိုကျိုအပါအဝင် မြို့ကြီးများ၌ ပညာသင်ယူနိုင်ပါသည်။**

* ဂျပန်နိုင်ငံတွင် Master ဘွဲ့ရသည်အထိ (၁၀)နှစ်ကျော်နေထိုင်ခဲ့သောဆရာကိုယ်တိုင် ဂျပန်ပညာသင်နှင့် နေထိုင်မှုအတွေ့အကြုံများကို ဝေမျှပြောပြပြီး တိကျမှန်ကန်စွာ လမ်းညွှန်ပေးပါသည်။
* Japan Student Visa သည် Reject ထိတတ်ပါသဖြင့် ဂျပန်ပညာသင်သွားလိုသူများ ကျောင်းရွေးမှန်ဖို့အရေးကြီးပါသည်။ Visa Reject ထိပါက ပြန်လျှောက်ရန်မလွယ်ကူပါ။

A66-68/4F/D, Insein Road, Sanyeiknyein, Kamayut Ph : 09-73060391, 09-421118058

---






SWH

# စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် ၏ နှစ်(၂၀) ပြည့် နှစ်ပတ်လည် ဆုမွန်ကောင်းတောင်းလွှာ

ဆယ်စုနှစ် (၂)စုကို အောင်မြင်စွာ ဖြတ်သန်းခဲ့သော စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် ၏ ၂၀၁၅ခုနှစ် စက်တင်ဘာလ (၉)–ရက်နေ့တွင် ကျရောက်သော နှစ်(၂၀) ပြည့် နှစ်ပတ်လည် မှသည် နောင်လာမည့် နှစ်ပေါင်းများစွာတိုင် အောင်မြင်မှု များ ဆတက် ထမ်းပိုး တိုးပွား ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် မှ မန်နေးဂျင်းဒါရိုက်တာ နှင့် ဒါရိုက်တာ အဖွဲ့ဝင်များ အားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်မှဝန်ထမ်းများ။

## VICTORIA UNIVERSITY COLLEGE

B.E (Hons:), B.Sc (Hons:), B.A (Hons:) အတွက်
ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း ၂/၂၀၁၅

၁။ ဗြိတိန်နိုင်ငံ University of Wolverhampton နှင့် Victoria University College တို့ ပူးတွဲသင်ကြားဘွဲ့ချီးမြှင့်မည့် အောက်ဖော်ပြပါ ဘာသာရပ်များ အတွက် Degree (Hons:) နောက်ဆုံးနှစ်တန်းများကို ၂၀၁၅ စက်တင်ဘာလတွင် စတင်ဖွင့်လှစ် ပါမည်။ (တက်ရောက် အောင်မြင်ပြီးပါက ဗြိတိန်နိုင်ငံ University of Wolverhampton ၏ ဘွဲ့နှင်းသဘင်သို့တက်ရောက်ဘွဲ့ယူနိုင်ပါသည်။)

(၁) BEng (Hons:) Civil Engineering
(၂) BEng (Hons:) Mechatronic Engineering
(၃) BEng (Hons:) Electronic and Communication Engineering
(၄) BA (Hons:) Business Management
(* အခြားတိုးချဲ့ဖွင့်လှစ်မည့် ဘာသာရပ်များကို ထပ်မံကြေညာ ပါမည်။)

၂။ မည်သည့်နိုင်ငံ မည်သည့် Centre မှ မဆို BTEC HND အောင်မြင်ပြီးသူများ (သို့မဟုတ်) BTech/ Poly Tech အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၃။ အမြင့်ဆုံး အောင်မြင်ခဲ့သော လက်မှတ်၊ဓါတ်ပုံ (၃) ပုံ နှင့်အတူ ၁၂.၉.၂၀၁၅ နေ့ နောက်ဆုံးထားပြီး ပင်ခွင့်လျှောက်လွှာတင်ရမည်။

(အသေးစိတ်သိလိုသော အချက်များကို ကိုယ်တိုင်လာရောက်စုံစမ်းနိုင်ပါသည်။)

ကျောင်းသားရေးရာဌာန - အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၅၄၁၅၅၀၊ ၅၄၉၅၁၅၊ ၅၅၆၃၈၉၊ ၀၉၂၅၉၂၇၁၀၉၄။

## JES Driver Academy

အထူးယာဉ်မောင်းသင်တန်း

ထူးခြားသောနည်းစနစ်များဖြင့်သင်ကြားပေးမည့်ယာဉ်မောင်းအထူးသင်တန်းကို(၂၄.၉.၂၀၁၅)ကြာသပတေးနေ့တွင်ဖွင့်လှစ်ပါမည်။လူဦးရေကန့်သတ်ထားပါသည်။ (ခ)လိုင်စင်ရသည်အထိဆောင်ရွက်ပေးမည်။ (အမောင်းသင်လိုင်စင်လက်ဝယ်ရှိသူများအမြန်လိုင်စင်ရမည်။)တက်ရောက်လိုသူများအောက်ပါဖုန်းနံပါတ်များတွင်စုံစမ်းနိုင်ပါသည်။ 098581144, 0932173735, 09420165439, 09421033567, 0932250319, 09263145979

23
မဆလာ
(ဟင်းခတ်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ - ၅၄၆၄၂၂ ၀၉၇၃၀၀၅၆၃၈၊ ၀၉၅၀၆၈၅၆၅ ၀၉၂၅၀၅၉၉၇၂၆

## ဝန်ထမ်း (၅)ဦး အလိုရှိသည်။

လျှပ်စစ်ကြိုးသွယ်တန်းခြင်း၊အဲလက်ထရွန်း နစ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများပြုလုပ်ရမည်။ လျှောက်ထားလိုသူသည် အသက်(၁၈)နှစ်ပြည့်ပြီး၊ အခြေခံပညာအထက်တန်းထိ တက်ရောက်ဖူးသူဖြစ်ရမည်။ လုပ်ငန်းကို စိတ်ပါဝင်စားရှိသူ ဖြစ်ရမည်။ ကိုယ်ရေးရာဇဝင်ပုံစံ၊ ဓါတ်ပုံတစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့ နှင့်အတူ ၁၄. ၉. ၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး နံနက် (၉နာရီမှ ၁၂နာရီ ) ထိရုံးဖွင့်ရက် နေ့များတွင် လာရောက်လျှောက်ထားနိုင်သည်။အမှတ် (၂၇၄)၊ဒုတိယထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁- ၃၉၂၉၂၂၊ ၀၉-၉၇၂၆၃၃၆၁၃


GRAND STYLE
GRAND STYLE TILES EXPO'15
ALL TILES SALE 25% & OTHER ITEMS STOREWIDE
ALL SALE UP TO 60%
Sep 09 - Nov 11, 2015
SHOCK PRICE
Thiriyadanar Wholesale Market Compound
Building Zone G3,Unit G46-G52, Thudhamma Road,North Okkalapa Township,Yangon.
Building : G3, Room No.46-52 သီရိရတနာ လက်ကားဈေးဝင်း၊သုဓမ္မာလမ်း၊အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့
TEL +95-1-1224217,+95-95136279,+95-95088488 GrandStyleMM


GRAND GUARDIAN INSURANCE
ဂရင်းဂါးဒီးယန်းအာမခံ
"ကုန်စည်သယ်ပို့စိတ်အေးဖို့ရေကြောင်းကုန်ပစ္စည်းအာမခံထားကြစို့"
ရေကြောင်းကုန်ပစ္စည်းအာမခံ (Marine Cargo Insurance)
◎ ပြည်တွင်းကမ်းရိုးတန်း၊ မြစ်ကြောင်းများတွင် သင်္ဘောများဖြင့် ကုန်စည်သယ်ယူပို့ဆောင်ခြင်း
◎ ပြည်တွင်းကုန်းလမ်းတွင် မော်တော်ယာဉ်များဖြင့် ကုန်စည်သယ်ယူပို့ဆောင်ခြင်း
အာမခံထားခွင့်ရှိသူများ
◎ ကုန်ပစ္စည်းပိုင်ရှင်များ
အာမခံအကာအကွယ်နှင့်အကျိုးခံစားခွင့်များ
◎ ကုန်ပစ္စည်းများ သယ်ဆောင်လာသော ရေယာဉ်သည် သဘာဝဘေးကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း၊ မီးလောင်မှုကြောင့်သော်လည်းကောင်း ရေယာဉ်လုံးဝနစ်မြုပ်ပြီး ကုန်ပစ္စည်းများ လုံးဝဆုံးရှုံးခြင်း။ (Total Loss Only)
◎ ရေယာဉ်နစ်မြုပ်မှုဘေးမှ ကင်းဝေးအောင် ဆောင်ရွက်ရာတွင်ကုန်ကျသည့်ကုန်ကျစရိတ်များ၊ အလုပ်သမားခများ Sue & Labour Charges များ
◎ ကုန်ပစ္စည်းတင်ဆောင်လာသော မော်တော်ယာဉ်တိမ်းမှောက်ပျက်စီးမှုကြောင့်လည်းကောင်း၊ မီးလောင်မှုကြောင့်လည်းကောင်း ကုန်ပစ္စည်းများ လုံးဝဆုံးရှုံးခြင်း။
အာမခံသက်တမ်း
◎ ကုန်ပစ္စည်းများကို စတင်သယ်ယူသည့်နေရာမှ ဆိုက်ရောက်သည့် နေရာရောက်သည်အထိ ကြာသည့်အချိန်ကာလ (ယာဉ်မထွက်ခွာမီခန့်မှန်းရက်စွဲဖြင့်အာမခံထားရှိနိုင်ပါသည်)။
၂၀၁၅ ခုနှစ် ဩဂုတ်လမှ စတင်၍ ရေကြောင်းကုန်ပစ္စည်းအာမခံ
Grand Guardian Insurance တွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ပါသည်။
Grand Guardian Insurance Public Co., Ltd.
Head Office
No.(19/20), A,B,C,D, Pyay Road, Junction Square Compound, Kamayut Township, Yangon.
Tel : (+951) 230 5700, 230 5701 Fax : (+951) 230 4368
Email : info@ggipinsurance.com, www.ggipinsurance.com
Mandalay Branch
No. (581), 81st & Corner of 30th Street, Chan Aye Thar Zan Township, Mandalay.
Tel : (+952) 33 441, 60 688 Fax : (+951) 66 963
Email : info-mdy@ggipinsurance.com
Monywa Branch
Bogyoke Street, Aye Tharyar Qtr, Monywa.
Tel: (+9571) 26 262, 24 132
Fax : (+9571) 24 132
Email : info-monywa@ggipinsurance.com
Nay Pyi Taw Branch
Junction Centre Compound, Yaza Thingaha Road, Hotel Zone, Dekkhinathiri Tsp, Nay Pyi Taw.
Tel: (+9567) 421621, 421622
Email : info-npt@ggipinsurance.com

## Amazing Time Travels & Tours

[illegible] ရန်ကုန်
ဖုန်း-012304785 ၊ 0973211907
0973120852 ၊ 09 43064845

ဗုဒ္ဓဂယာ အဆင့်မြင့်ခရီး(ဟိုတယ်ဝငွေညာ) (နိုဝင်ဘာတွင် အဆင့်မြင့် ရေက် ခရီးစဉ် ရှိပါသည်)
သံဝေဇနီယဌာနေ+အဝိဗေတော ဌာနေ+ နယူးဒေလီ၊ တပ်ချိုမဟာ **15.10.2015 **
*ညစဉ် ဟိုတယ်တွင် သီးသန့် တည်းခိုရမည်။ ရေချိုးခန်းအိမ်သာတန်းစီစရာမလို၊ အဆင့်မြင့် စားသောက်ဆိုင်၊ ဟိုတယ်များတွင် ကျွေးမွေးပါမည်။*(စရန်တစ်သိန်း ပေးသွင်းယုံဖြင့် စာရင်းသွင်းနိုင်ပါပြီ။ ၁၀.၁၀.၁၅ မတိုင်မီ စာရင်းသွင်းသူများအတွက် အထူးနှုန်း ရှိပါသည်)

ဝါကျွတ် ခရီးစဉ်များ။ 4*Hotel All Included

| | | | |
|---|---|---|---|
| ကိုရီးယား (ဂျဲဂျူး - ဆိုလ်း) | ၆ရက် 1500 USD | စင်ကာပူ၊မလေးရှား ၆ရက် | 890 USD |
| ပြင်သစ်၊ဆွီဇာလန်၊အီတလီ | ၁၀ရက် 3900USD | ဘူတန် ၆ရက် | 2300 USD |
| ချက်၊ဟန်ဂေရီ၊ပိုလန် | ၉ရက် 3500 USD | ဒူဘိုင်း၊ အဘူဒါဘီ ၆ရက် | 2125 USD |

*** Happy Birth Day *** **မွေးနေ့ မင်္ဂလာဆုတောင်းလွှာ** *** Happy Birth Day ***

NAY PYI TAW SAW BWAR LAY Co.,ltd နှင့် LifeStyle Co.,ltd တို့၏ Director ဖြစ်သူ မမဖြူ ၏ (၉-၉-၂၀၁၅) ရက်နေ့တွင်ကျရောက်သောမွေးနေ့မှသည်နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝနှင့်အတူ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ နှင့် အောင်မြင်သောစီးပွားရေး လုပ်ငန်းများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဝန်ထမ်းများအားလုံးမှ မွေးနေ့ မင်္ဂလာဆုမွန်ကောင်းတောင်းပေးအပ်ပါသည်။

NPT SAW BWAR LAY Co.,ltd & LifeStyle Co.,ltd ရန်ကုန် မှ ဝန်ထမ်းများ
NPT SAW BWAR LAY Co.,ltd & LifeStyle Co.,ltd နေပြည်တော် မှ ဝန်ထမ်းများ
NPT SAW BWAR LAY Co.,ltd & LifeStyle Co.,ltd တောင်ကြီး မှ ဝန်ထမ်းများ
NPT SAW BWAR LAY Co.,ltd & LifeStyle Co.,ltd မော်လမြိုင် မှ ဝန်ထမ်းများ

Curtin University

SMART RESOURCES WORLDWIDE EDUCATION

**စင်ကာပူနှင့် မလေးရှားနိုင်ငံရှိ Curtin University တွင် Business နှင့် Engineering ဘာသာရပ်ကို သင်ယူလိုသူများအတွက် ပညာရေးလမ်းညွှန်ဆွေးနွေးပွဲ**

ပညာသင်ဆု တစ်စိတ်တစ်ပိုင်း လျှောက်ထားနိုင် ပါသည်။

10. Sep. 2015 (Thursday)
10 AM to 12 NOON
SR Worldwide Education

SR Worldwide Education: Level 4, MMC City Campus (47/48, Bahosi Building), LanmatawTsp 11131, Yangon, Myanmar.
Ph : 01 210 765, 09 542 8848, 09 543 8848, 09 514 8848, 09 26508 111 2/ 3/4/5

PEARSON | edexcel Approved Centre | BTEC Approved Centre

**အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ သိပ္ပံကျောင်း**

# MCC Polytechnic (Monywa)

**ကို ဖွင့်လှစ်လိုက်ပါပြီ**

- တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ စတင်တက်ရောက်နိုင်ပါပြီ။
- အင်္ဂလန်နိုင်ငံမှ ချီးမြှင့်မည့် HND (Higher National Diploma) များကို အောက်ပါအတိုင်းတက်ရောက်နိုင်မည်ဖြစ်ပါသည်။

Level - 5 HND Diploma in Engineering (အင်ဂျင်နီယာ ဒီပလိုမာ)
Level - 5 HND Diploma in Computing (ကွန်ပျူတာ ဒီပလိုမာ)

- HND ဒီပလိုမာများအတွက် (၂) နှစ် တက်ရောက်ရမည် ဖြစ်ပါသည်။
- တတိယနှစ်တွင် အင်္ဂလန်နိုင်ငံ တက္ကသိုလ်များဖြစ်သည့် Middlesex University (UK), Birmingham City University (UK) တို့မှ ချီးမြှင့်မည့် နောက်ဆုံးနှစ်ဘွဲ့ သင်တန်း B.Sc (Hons;) Engineering, (အင်ဂျင်နီယာ သိပ္ပံဘွဲ့), နှင့် B.Sc (Hons;) Computing (ကွန်ပျူတာ သိပ္ပံဘွဲ့) များကို မြန်မာနိုင်ငံ MCC Institute များတွင် ဆက်လက်တက်ရောက် ရယူနိုင်မည်ဖြစ်ပါသည်။
- တက္ကသိုလ်ဝင်တန်း စာမေးပွဲ မအောင်မြင်သေးပါက Level - 3 မှ စတင်တက်ရောက်ပြီး ဒီပလိုမာများကို ရယူနိုင်မည် ဖြစ်ပါသည်။

Hot-Line : 01-246634, 01-2304156 f www.facebook.com/mcc.polytechnic

**MCC Polytechnic (Monywa)**
ပညာအလင်း ခေတ်မီစာကြည့်တိုက် (e-library အဆောက်အဦးဝင်း)
ဗိုလ်ချုပ်လမ်းနှင့် ဘုတာရုံလမ်းထောင့်၊ မုံရွာမြို့
Tel: 09-265 333 120, 071-23509, 01-245762, 01-249152

Opening Date 16 Sep

ဘာပဲလိုလို

# ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန်

Number One Directory in Myanmar
YELLOW PAGES

## ကြော်ငြာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် ၂၀၁၅ တွင် ကြော်ငြာထည့်သွင်းပေးခဲ့ကြသော လုပ်ငန်းရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါသည်...

ဘာပဲလိုလို ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် ကို တည်ထောင်ခဲ့သည်မှာ ၂၃ နှစ် ကျော်ခဲ့ပါပြီ။ ထိုသို့ နှစ်ပေါင်းများစွာ ခိုင်မာစွာရပ်တည်နိုင်ခဲ့ခြင်းမှာ ပြောသည့်ကတိအတိုင်း လုပ်ဆောင်ပေးမှု၊ အာမခံချက် ခိုင်မာမှု၊ အုပ်ရေအတိအကျ ဖြန့်ဝေပေးမှု၊ နေရာအနှံ့ပျံ့နှံ့မှုများကို စီးပွားရေးလုပ်ငန်းရှင်များက ယုံကြည်စွာ အားပေးခဲ့မှုကြောင့် ဖြစ်ပါသည်။

ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် မှ ၂၀၁၆ ခုနှစ်အတွက်လည်း ကြော်ငြာများ လက်ခံလျက် ရှိပါသည်။ ယခုအခါတွင် ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန်ကို ယုံကြည်စွာ အားပေးနေကြသော လုပ်ငန်းရှင်များ၏ ယုံကြည်မှုကိုအခွင့်ကောင်းယူပြီး ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန်မှ ဟုပြော၍ လည်းကောင်း၊ အယောင်ဆောင်၍တစ်နည်း၊ ပုံများရိုက်ပြီးတစ်သွယ်၊ ကြော်ငြာများကောက်ခံနေသည်ကို တွေ့ရှိ၊ ကြားသိရပါသည်။ ထို့ကြောင့် လုပ်ငန်းရှင်၊ ကြော်ငြာရှင်များအနေဖြင့် မှားယွင်းမှု၊ ဆုံးရှုံးမှုများ မဖြစ်စေရန်နှင့် ခွဲခြားသိရှိနိုင်စေရန်အတွက် . . .



ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် မှ ဝန်ထမ်းများ၏ ယူနီဖောင်းများတွင် ? အမှတ်တံဆိပ်များ တပ်ဆင်ပေးထားကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအားလုံး စီးပွားလာဘ်လာဘများ ဒီရေအလားတိုးတက်ပြီး အောင်မြင်မှုအပေါင်း သရဖူဆောင်းနိုင်ကြပါစေ . . .

SALES: 01-250 700
www.yangondirectory.com

# အိုးသစ်၊ အိမ်သစ် ကျေးရွာသစ်များဖြင့် မကြာမီပြန်လည်ထူထောင်လာတော့မည့် ကလေးမြို့နယ်

ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာ ၆၄ ခုနှင့် လူနေအိမ်များ အများအပြား ပျက်စီးခဲ့ရသည်။ အိမ်ထောင်စု ၅၃၂၂ စုနှင့်လူဦးရေ ၂၂၄၀၈ ဦးတို့ ရေဘေးသင့်ခဲ့ရသည်။

၂၀၁၅ခုနှစ် ဇူလိုင်လ ၃၁ ရက် တွင် နိုင်ငံတော်သမ္မတရုံးမှ ကြေညာချက်အမှတ် (၁/၂၀၁၅) ဖြင့် ထုတ်ပြန်သောသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာသည့် ကြေညာချက်တွင် စစ်ကိုင်းတိုင်းဒေသကြီး သည်လည်း အပါအဝင်ဖြစ်ခဲ့သည်။

ထိုသို့ သဘာဝဘေးကြောင့် ပျက်စီးမှုများနှင့် ရင်ဆိုင်ခဲ့ရသည့် ကျေးရွာများရွှေ့ပြောင်းပြီး ရွာသစ်တည်ဆောက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်း

**စာမျက်နှာ ၇ ကော်လံ ၃ သို့**

*သတင်းဆောင်းပါး / ဓာတ်ပုံ-သီသီမင်း*



ကျေးရွာသစ်ဖော်ထုတ်ရေးအတွက် စက်ယန္တရားများဖြင့် ရှင်းလင်းနေစဉ်။

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၈**

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီနှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကိုစက်တင်ဘာ ၉ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD Variety၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေFM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၀ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

ယနေ့ မာတိကာ

ယဉ်ကျေးသော လူ့အဖွဲ့အစည်း
စာမျက်နှာ » ၂

ကွဲကွာမိသားစုများ ပြန်လည်ပေါင်းစည်းရေး တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ သဘောတူညီ
စာမျက်နှာ » ၄

ဆေးပညာ သတင်းဆန်းများ (၁၁၀)
စာမျက်နှာ » ၁၅

# ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မုံရွာဆိပ်ကမ်းတွင် ကုန်တင်အမြန်ရေယာဉ်များ ခရီးစဉ်ထွက်ခွာရန် ကုန်အပြည့်ဖြင့် စောင့်ဆိုင်းနေရ

*ဖိုးချမ်း(မုံရွာ)*

**မုံရွာ စက်တင်ဘာ ၈**


စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဩဂုတ်လကုန်ပိုင်းမှ စတင်ပြီး နေရာကွက်၍ မိုးကြီးခဲ့ရာ ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများ၏ စိုးရိမ်ရေမှတ်များအထက်သို့ ဒုတိယအကြိမ်မြောက် ကျော်လွန်ရောက်ရှိလျက်ရှိရာ စက်တင်ဘာ ၅ ရက်မှ စတင်ပြီး ရေယာဉ်ခရီးစဉ်များကို ပြေးဆွဲခွင့် ယာယီရပ်နားထားကြောင်း သိရသည်။

သို့ဖြစ်ရာ မုံရွာဆိပ်ကမ်း၌ ချင်းတွင်းမြစ်အထက်ပိုင်းသို့ တင်ပို့မည့်ကုန်စည်များ တင်ဆောင်ထားသည့် ကုန်တင်အမြန်ရေယာဉ်များ ထွက်ခွာနိုင်ခြင်းမရှိဘဲ ရေအခြေအနေကြောင့် စောင့်ဆိုင်းနေရသည်။

ကုန်တင်အမြန်ရေယာဉ်မောင်းနှင်သူတစ်ဦးကလည်း “ကျွန်တော်တို့ အညာကို ကုန်တွေတင်ပြီး ဆန်တက်ဖို့ စောင့်နေရတာပါ။ ကျွန်တော်တို့ အမြန်ယာဉ်မှာ ပစ္စည်းတွေတင်ပြီး စောင့်နေရတာ ဒီနေ့နဲ့ဆို ရှစ်ရက်ရှိနေပြီ။ အထက်ပိုင်းမြို့တွေ၊ ရွာတွေမှာက အတော်များများ စိုးရိမ်ရေမှတ်ကျော်ပြီး ရေကြီးနေတော့ မလိုလားအပ်တဲ့ အန္တရာယ်တွေ မဖြစ်အောင် ကျွန်တော်တို့ လူစီးနဲ့ ကုန်တင်ရေယာဉ်တွေ ပြေးဆွဲခွင့်ကို သက်ဆိုင်ရာက ယာယီပိတ်ပေးထားတာပါ။ အခုတက်တဲ့ ချင်းတွင်းမြစ်ရေက ကျွန်တော်တို့ မော်တော်သမားတွေ အခေါ် အရ အညာကြီးရေဗျ။ ချင်းတွင်း အထက်ပိုင်းဆီကနေ တိုးလာတဲ့ ရေတွေဖြစ်ပါတယ်။ အရင်တစ်ခေါက်က ကလေးဒေသမှာ ရေကြီးတာက ချင်းတွင်းမြစ် ခါးပိုင်းရေပါ။ အဲတုန်းက ချင်းတွင်း ခါးပိုင်းက မြစ်သာမြစ်ရေကနေ တက်လာတဲ့ရေတွေ။ အဲဒီတုန်းက အထက်ပိုင်းခန္တီးမြို့တွေမှာ ရေမဝင်ပါဘူး။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**






themirror.npt@gmail.com
www.facebook.com/themirrordaily